ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထိမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ သောကြာနေ့။ Friday, 21 May 2021 ၁၀၃၈၀

# တိုင်းပြည်အတွက် ရသင့်ရထိုက်သည့် အခွန်အခများရရှိအောင် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူ နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် လုပ်ဆောင်ရန်လို




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၇/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၇/၂၀၂၁) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

- ❖ နိုင်ငံတော်မှရရှိသည့် အခွန်အခများဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍများတွင် ထိရောက်စွာ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရမည်
- ❖ ရပ်နားထားရသည့် နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်တွင်းထုတ်ကုန်များ လုံလောက်အောင်ထုတ်လုပ်၍ ပြည်ပသွင်းကုန်များကို လျှော့ချကာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်

ကြေးမုံ ယနေ့ ဖတ်စရာ

**ကျေးလက် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၇

**အနာဂတ်ပန်းကလေးများ လန်းစေချင်**



စာမျက်နှာ » ၈

**ဆေးရုံလုပ်ငန်းများ မူလအခြေအနေသို့ ရောက်ရှိစေရန်နှင့် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်သိသိ သစ္စာရှိရှိ ဆောင်ရွက်ရန် လိုအပ်**

စာမျက်နှာ » ၁၀

မြန်မာပြည်၏ အကြီးဆုံး ဆောက်လုပ်ရေးသုံးပစ္စည်းများ တနေရာထဲမှာရရှိနိုင်မည်
5 Mile
ရန်ကုန်၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံ အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၅)လမ်းမပေါ်တွင်တည်ရှိသော
Construction Material Park & Logistic Hub
(၁) ဧက 2500 သိန်းခန့်
■ စရန်(၅၀)% ကျန်(၅၀)%ကို(၂.၅)% X လ(၂၀)ပေးသွင်းရမည်။Bank Transfer လက်ခံသည်
Sale Agent E-House Tel: 09 777 999 111 / 222
Discount 20% Off
Promotion
Developed By: 5 Mile Industrial Park & Logistic Hub
24 ~ 31 May-2021



ကြေးမုံ

# ငွေကြေးစီးဆင်းမှုလည်ပတ်ကောင်းမွန်ရေး ယုံကြည်စိတ်ချစွာဆောင်ရွက်

ယခုအခါ ပြည်သူများအနေဖြင့် ငွေကြေးနှင့်ပတ်သက်ပြီး အခက်အခဲဖြစ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ မိမိတို့အပ်နှံစုဆောင်းထားသည့်ငွေကို ပြန်လည်ထုတ်ယူရေး၌ အခက်အခဲဖြစ်နေကြသည်။ ပုဂ္ဂလိကဘဏ်များမှ ငွေထုတ်ယူရေးနှင့် ၎င်းဘဏ်တို့၏ ATM များမှ ငွေထုတ်ယူရန် ငွေကြေးပမာဏ အတိုင်းအတာတစ်ခုကို အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းထုတ်ယူနေကြရသည်။

ဘဏ်ဟူသည်မှာ ပြည်သူများ၏ စုဆောင်းငွေကိုအကြောင်းပြု၍ နိုင်ငံအတွင်း ငွေကြေးလှည့်ပတ်စီးဆင်းအောင် ဆောင်ရွက်ပေးသောလုပ်ငန်းဖြစ်သည်။ ပြည်သူတို့၏ စုဆောင်းငွေသည် အဓိကငွေပင်ငွေရင်းဖြစ်ပြီး ပြည်သူတို့က ၎င်းတို့၏ငွေကြေးများကို စုဆောင်းခြင်းမရှိဘဲ အကုန်ပြန်ထုတ်လာသောအခါ ငွေကြေးမလည်ပတ်မှုဖြစ်ပေါ်လာရသည်။ ပြည်သူတို့အနေဖြင့် ဘဏ်များအပေါ်တွင် ယုံကြည်စိတ်ချမှုရှိ၍ အပ်နှံခြင်း၊ စုဆောင်းခြင်း၊ ချေးယူခြင်း၊ ထုတ်ယူခြင်းတို့ကို ပြုလုပ်ကြရာတွင် ဘဏ်များအနေဖြင့်လည်း ပေးရန်တာဝန်ရှိပေသည်။ သို့သော် စုဆောင်းငွေတစ်မျိုးတည်းကိုသာ ထုတ်ယူနေကြသဖြင့် ငွေကြေးမလည်ပတ်တော့ဘဲ အပြည့်အဝထုတ်ယူမရရှိခြင်းဖြစ်သည်။ ပြည်သူများ၏ ငွေကြေးနှင့်ပတ်သက်၍မူ ဗဟိုဘဏ်က ထိန်းသိမ်းစီမံဆောင်ရွက်နေသဖြင့် စိုးရိမ်ဖွယ်ရာအလျှင်းမရှိပေ။

လတ်တလောတွင် အခက်အခဲများရှိသော်လည်း ပြည်သူတို့၏ စုဆောင်းငွေများဆုံးပါးသွားခြင်းမရှိပါ။ မလည်ပတ်၍ အပြည့်အဝမရရှိခြင်းဖြစ်ပါသည်။ ထိုအခက်အခဲကို ကုစားနိုင်ရန်အတွက် မလည်ပတ်သောစာရင်းဟောင်းအပြင် စာရင်းသစ်ဖွင့်၍ အထူးအကောင့်သစ်ဖြင့် ငွေလွှဲ/ငွေထုတ် ဝန်ဆောင်မှုများကို မြန်မာ့စီးပွားရေးဘဏ်များတွင် စတင်ပြုလုပ်ပေးနေပြီဖြစ်သည်။ ပြည်သူများအနေဖြင့် ငွေသွင်း/ငွေထုတ်လုပ်ငန်းများကို ယခင်အတိုင်း ပုံမှန်ပြန်လည်ပြုလုပ်ကြပြီး နိုင်ငံတော်၏ ဘဏ်စနစ်အပေါ် ယုံကြည်ကာ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ဗဟိုဘဏ်အနေဖြင့် ဘဏ်စနစ်တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် ငွေထုတ်ယူမှုကန့်သတ်ချက်ကို ပြုလုပ်ထားခြင်းဖြစ်သည်။ ပြည်သူများအနေဖြင့် စိုးရိမ်စိတ်ဖြင့် ထုတ်ယူနေသူများရှိသကဲ့သို့ တစ်ပြိုင်တည်းစိုးရိမ်စိတ်ဖြင့် အပ်ငွေမအပ်တော့သည့်ကိစ္စများ ဖြစ်ပေါ်လာသည်။ ငွေပမာဏများပြားသော မိမိတို့၏ရှိငွေကို ဘဏ်၌မအပ်ဘဲ လက်ဝယ်ထားရာတွင် လုံခြုံမှုမရှိဘဲ စိုးရိမ်ပူပန်မှုဖြစ်ကြရသည်။ လက်ရှိကာလ မတည်ငြိမ်မှုအမျိုးမျိုးရှိနေသောအခါ၌ မိမိတို့၏ လက်ဝယ်ရှိငွေများအတွက် ပိုမိုစိုးရိမ်ကြရသည်။ အဆိုပါကိစ္စရပ်ကို ပြေလည်စေရန်နှင့် ငွေသွင်းငွေထုတ်ကိစ္စရပ်များ လွယ်ကူချောမွေ့ရန်အတွက် အထူးစာရင်းသစ်ဖွင့်လှစ်ခြင်းကို ဆောင်ရွက်ရခြင်းဖြစ်သည်။ ယခင်စာရင်းဟောင်းတွင် ထုတ်ငွေချည်းသာရှိနေသဖြင့် ငွေကြေးမလည်ပတ်မှုရှိနေရာ ယခုစာရင်းသစ်ကို ပြန်လည်စတင်ခြင်းဖြင့် ကြိုက်သလောက်စု၊ ကြိုက်သလောက်ထုတ်နိုင်သည့် ဘဏ်စနစ်ကိုရရှိမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်း မြန်မာ့စီးပွားရေးဘဏ်အောက်ရှိ အကန့်အသတ်မရှိ ငွေလွှဲ/ငွေထုတ် အထူးဝန်ဆောင်မှုပေးနေသောဘဏ်များမှာ ရန်ကုန်မြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ နှင့် ငွေစုဘဏ်ခွဲ ၁၊ ၂၊ ၃၊ ၄ တို့ဖြစ်သည်။ မြို့နယ်ဘဏ်ခွဲများမှာ ကြည့်မြင်တိုင်၊ ကမာရွတ်၊ တာမွေ၊ မြောက်ဥက္ကလာပ၊ သဃၤန်းကျွန်း၊ အင်းစိန်နှင့် သန်လျင်မြို့များဖြစ်သည်။ နယ်မြို့များမှာ မြစ်ကြီးနား၊ ပူတာအို၊ မြဝတီ၊ ဖလမ်း၊ ဟားခါး၊ မင်းတပ်၊ စစ်ကိုင်း၊ မုံရွာ၊ တမူး၊ ကသာ၊ ရွှေဘို၊ မော်လိုက်၊ ကလေး၊ ခန္တီး၊ ထားဝယ်၊ ကော့သောင်း၊ ပဲခူး၊ တောင်ငူ၊ ပြင်ဦးလွင်၊ ဂန့်ဂေါ၊ ကျောက်ဆည်၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကြီး၊ မူဆယ်၊ သထုံ၊ ဖျာပုံ၊ ပျဉ်းမနား၊ နေပြည်တော် စသည့် နိုင်ငံအတွင်းရှိ မြို့ကြီးများအားလုံးနီးပါးဖြစ်သည်။

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အထူးစာရင်းသစ်ကောင်တာများကို သီးခြားဖွင့်လှစ်ပေးထား၍ အခက်အခဲမရှိ ငွေသွင်း/ငွေထုတ်/ငွေလွှဲ ပြုလုပ်နိုင်သည်။ အထူးကောင်တာတွင် စာရင်းသစ်ဖွင့်လှစ်ခြင်း၊ ငွေသားအပ်နှံမှုလက်ခံခြင်း၊ စာရင်းသစ်မှ အခြားပေးချေမှုဖြစ်သည့် စာရင်းပြောင်း၊ ငွေပေးမိန့်လွှာ၊ ချက်လက်မှတ်များဖြင့် ထုတ်ပေးသည့်နည်းလမ်းများကိုလည်း ဆောင်ရွက်နိုင်သည်။ ငွေသားပြန်လည်ထုတ်ယူလိုပါကလည်း အပ်နှံထားသည့် ငွေပမာဏအတွင်း အကန့်အသတ်မရှိ ထုတ်ယူနိုင်သည်။ နိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၇၇ မြို့တွင် အဆိုပါ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီး ငွေကြေးဝန်ဆောင်ခနှုန်းထားမှာလည်း ပုံမှန်အတိုင်းပင်ဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် နိုင်ငံတစ်ဝန်း၌ တည်ငြိမ်အေးချမ်းမှုများ တိုးတက်ကောင်းမွန်လာသဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များကလည်း ငွေကြေးဝန်ဆောင်မှုအသစ်များ တိုးမြှင့်လုပ်ဆောင်လာပြီး ပြည်သူများကလည်း ဘဏ်များအပေါ်တွင် ယုံကြည်စိတ်ချမှုရှိစွာ ဆောင်ရွက်ခြင်းဖြင့် ငွေကြေးစီးဆင်းမှု ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဗိုလ်မှူးကြီး အောင်သိုက်ထွန်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | ဦးဇော်ဇော်<br>ဒုတိယပါမောက္ခချုပ်(စီမံ)<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

# လက်ပံတန်း၌ ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါရောင်းချပွဲ ကျင်းပ

ပဲခူး မေ ၂၀

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၉ ရက်က ဒုတိယအကြိမ် အင်းပထမအကြိမ်အိတ်ဖွင့်တင်ဒါချက် လေလံတင်ရောင်းချပွဲကျင်းပရာ တိုင်းငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းဝင်းမြင့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးအရာရှိ ဦးဇော်မင်းလွင်နှင့် ဌာနဆိုင်ရာများ၊ ကြီးကြပ်ရေးကော်မတီများ၊ အင်းသားကြီးများ တက်ရောက်ကြပြီး တိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူးတို့က အမှာစကားပြောကြားကာ တင်ဒါချက် ၁၁ ချက်အား လေလံတင်ရောင်းချရာ ခြောက်ချက်ရောင်းချရပြီး ကျပ် ၅၄ သိန်းကျော် ရရှိကြောင်း သိရသည်။

**အောင်ဆင့်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မေ ၂၀**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် မေ ၂၂ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression)အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၀ - ၅ -၂၀၁၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၁,၃၂၅ | ၁၂,၀၄၆,၈၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၄,၅၇၃ | ၁၆,၀၀၅,၅၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၉,၅၀၀ | ၁၉,၀၀၀ | ၅၇၉ | ၁၀,၈၃၇,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၃,၀၀၀ | ၂,၉၀၀ | ၁၄၉ | ၄၃၃,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၅၃.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၁၄.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၆.၇၀ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၂.၆၆၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၉၈.၈၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၆၀၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၈.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၃၉.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၁၆.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၅.၉၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်
အကြီးတန်း - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊
သတင်းထောက်များ ဒေါ်နေဇာဇာထွန်း
အငယ်တန်း - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

- **နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံများ ရပ်နားထားရခြင်းကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးမှုများရှိနေ**
- **အလားတူ ပုဂ္ဂလိကများနှင့် ဖက်စပ်ဆောင်ရွက်လျက် ရှိသည့်စက်ရုံများ ဆက်လက်လည်ပတ်နိုင်ရေးအတွက် နည်းလမ်းရှာဖွေရမည်**
- **ပုဂ္ဂလိကသို့ငှားရမ်းထားသော စက်ရုံ၊ အလုပ်ရုံများကိုလည်း မူလစာချုပ်ပါ လုပ်ငန်းတာဝန်များအတိုင်း ဆောင်ရွက်မှုရှိ၊ မရှိ စိစစ်၍ လိုက်နာမှုမရှိသည့်လုပ်ငန်းများကို စည်းကမ်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်**
- **မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များ မကြာခဏ ကျရောက်လေ့ရှိပြီး နှစ်စဉ် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဘီလီယံနှင့်ချီရှိ**
- **လက်ရှိ ရာသီဥတုအခြေအနေအရ မုန်တိုင်းနှင့် မိုးသက်လေပြင်းများ ကျရောက်မည့်အနေအထားများရှိနေ**
- **ဌာနဆိုင်ရာအလိုက် မိမိတို့ဌာနအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် ဒေသအလိုက်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားကြရန်လို**
- **မကြာမီ မိုးတွင်းကာလရောက်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာမြို့နယ်များအလိုက် တံတားများနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်**

☆ **ရွှေဖုံးမှ**

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

**ကောင်းမွန်သည့် ဆောင်ရွက်ချက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် မြို့နယ်များသို့ ကွင်းဆင်းဆောင်ရွက်မှုများရှိသည်ကို သိရှိရသဖြင့် ကောင်းမွန်သည့် ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မူဝါဒကိုသာ ချမှတ်ပေးခြင်းဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ကွင်းဆင်းဆောင်ရွက်ခြင်းကြောင့် သက်ဆိုင်ရာဌာနအလိုက် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ၎င်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့အကျိုးအတွက် ဝန်ကြီးဌာနများ အချင်းချင်းလည်း တိုင်ပင်ညှိနှိုင်းဆွေးနွေး အကြံပြုဆောင်ရွက်ကြရန်လိုကြောင်း။

မြေပြင်ကွင်းဆင်း ဆောင်ရွက်ချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်/မြို့နယ်များအလိုက် မဲစာရင်းစိစစ်တွေ့ရှိမှုများနှင့် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအခြေအနေများအား ဌာနဆိုင်ရာဝန်ထမ်းများသိရှိအောင် ပြောကြားဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့အနေဖြင့်ဒီမိုကရေစီကိုတန်ဖိုးထားပြီး စစ်မှန်ရိုးသားသည့် ဒီမိုကရေစီ ဖြစ်စေချင်သော်လည်း ယခင်ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီကို မရိုးမသားပြုလုပ်ခဲ့သည့်အတွက် နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို နိုင်ငံ့ဝန်ထမ်းများအားလုံး နားလည်သိရှိရန်လိုကြောင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများ စည်းကမ်းတကျဆောင်ရွက်တတ်စေရန်နှင့် ရုံးလုပ်ငန်းများ စနစ်တကျရှိစေရေး ဝန်ကြီးဌာနများအလိုက် ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်နေရန်လိုကြောင်း။

**ပြည်တွင်းဖြစ်ကို အားပေး**

ပြည်တွင်းစက်မှုလုပ်ငန်းများ အားပေးဆောင်ရွက်မှုနှင့်ပတ်သက်၍ တိုင်းချစ်၊ ပြည်ချစ်စိတ်ဖြင့် ပြည်တွင်းဖြစ်ကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ပြည်တွင်းစီးပွားရေးကို ထိခိုက်စေနိုင်သည့် ကုန်သွယ်မှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအထက်ပိုင်း မန္တလေးတိုင်းဒေသကြီးနှင့် အညာဒေသများတွင် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပမာအားဖြင့် ပုဆိုး၊ စောင်၊ ခြင်ထောင် ရက်လုပ်ခြင်းဖြစ်ကြောင်း၊ အထည်ချုပ်လုပ်ငန်းများအတွက် လိုအပ်သည့် အချို့ချည်များအားပြည်ပနိုင်ငံများမှ တင်သွင်း အသုံးပြုလျက်ရှိသည်ကို သိရှိရကြောင်း၊ ချည်ထုတ်လုပ်ရေးအတွက် လိုအပ်သော ဝါစိုက်ပျိုးမှုလုပ်ငန်းအတွက် လိုအပ်သည့် မြေ၊ ရေနှင့် မျိုးကောင်းမွန်စေရန်အတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်ပြီး ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် အဝတ်အထည်များအား ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ လတ်တလောရပ်ဆိုင်းထားသည့် နိုင်ငံတော်ပိုင်အထည်ချုပ်စက်ရုံများနှင့် ဝါကြိတ်စက်ရုံများ ပြန်လည်လည်ပတ်၍ အဝတ်အထည်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို တစ်ဖက်တစ်လမ်းမှ လျှော့ချဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်း ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများမှ ပြည်တွင်း၌အသုံးများသည့် ဆေးဝါးများ လုံလောက်အောင် ထုတ်လုပ်၍ ပြည်ပမှဆေးတင်သွင်းမှုများအား လျှော့ချနိုင်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချရန်လိုကြောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက အခြားဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း။

**ခေတ်မီနည်းပညာများအသုံးပြု**

မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးသည် အဓိကကျကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ပြီး ကျေးလက်စီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင် ခေတ်မီနည်းပညာများအသုံးပြု ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံများ ရပ်နားထားရခြင်းကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးမှုများရှိနေကြောင်း၊ အလားတူပုဂ္ဂလိကများနှင့် ဖက်စပ်ဆောင်ရွက်လျက်ရှိသည့် စက်ရုံများ ဆက်လက်လည်ပတ်နိုင်ရေးအတွက် နည်းလမ်းရှာဖွေရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကသို့ ငှားရမ်းထားသော စက်ရုံ၊ အလုပ်ရုံများကိုလည်း မူလစာချုပ်ပါ လုပ်ငန်းတာဝန်များအတိုင်း ဆောင်ရွက်မှုရှိ၊ မရှိ စိစစ်၍ လိုက်နာမှုမရှိသည့်လုပ်ငန်းများကို စည်းကမ်းနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီများအနေဖြင့်လည်း စိစစ်ကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များ မကြာခဏ ကျရောက်လေ့ရှိပြီး နှစ်စဉ် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဘီလီယံနှင့်ချီရှိကြောင်း၊ လက်ရှိ ရာသီဥတုအခြေအနေအရ မုန်တိုင်းနှင့် မိုးသက်လေပြင်းများ ကျရောက်မည့်အနေအထားများရှိနေကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာအလိုက် မိမိတို့ဌာနအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် ဒေသအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားကြရန်လိုကြောင်း၊ မကြာမီ မိုးတွင်းကာလရောက်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာမြို့နယ်များအလိုက် တံတားများနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများစွာကျခံသုံးစွဲနေရကြောင်း၊ ထို့အတူ လူ၏ပေါ့ဆမှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက်လည်း ကြိုတင်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

- **လိုင်စင်မဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် ပတ်သက်၍လည်း စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိ**
- **လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ တရားမဝင် တင်သွင်း၍ ဖြန့်ချိရောင်းချနေမှုများကိုလည်း အရေးယူဆောင်ရွက်သွားမည်**
- **သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်လည်း ကြပ်မတ်ထိန်းချုပ်ဆောင်ရွက်သွားရန်ဖြစ်**
- **အများပြည်သူပို့ဆောင်ရေးစနစ်ကို အားပေးဆောင်ရွက်သွားရမည်**
- **မြို့ပတ်ရထား၊ လျှပ်စစ်ရထားနှင့် လျှပ်စစ်ဘတ်(စ်)ကားများ ပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်သွားမည်**
- **လျှပ်စစ်စွမ်းအင်ကို အသုံးပြုခြင်းဖြင့် ပြည်တွင်းလောင်စာဆီသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်မည်**
- **လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိရေးအတွက်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်လုပ်ငန်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**
- **လျှပ်စစ်ဓာတ်အားများ တရားမဝင် ရယူသုံးစွဲမှုများကြောင့် လေလွင့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး၊ လျှပ်စစ်ဓာတ်အားခများ သတ်မှတ်နှုန်းထားနှင့် သတ်မှတ်ချိန်အလိုက် ကောက်ခံရရှိရေး ဆောင်ရွက်ရန်လို**

**စာမျက်နှာ ၄ သို့** ☆

## နိုင်ငံသားတိုင်း ပညာသင်ကြားခွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ပညာရည် မြင့်မားရေးကို ဦးစားပေးဆောင်ရွက်နေရမည်

ပြည်သူများအသိပညာမြင့်မားရေးနှင့်ပတ်သက်၍ ပညာတတ်မြောက်ရန်လိုအပ်ပြီး “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဟု ပညာရေးဆောင်ပုဒ်ရှိကြောင်း၊ အသိတရားနှင့် အမျိုးသားရေးစိတ်ဓာတ်ရှိအောင် ပြောကြားထားခြင်းပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်း မသင်မနေရအခြေခံပညာများကို သင်ကြားရမည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်၍ နိုင်ငံသားတိုင်း ပညာသင်ကြားခွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ပညာရည်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix ရုပ်သံမီဒီယာ၏ သိရှိလိုသည့် မေးမြန်းမှုများကို လက်ခံဖြေကြား




နေပြည်တော် မေ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix သတင်းဌာနမှ နိုင်ငံရေးဆိုင်ရာ အကြီးတန်းသတင်းထောက်နှင့် Talk with World Leaders အစီအစဉ်တင်ဆက်သူ Ms. Fu Xiao Tian အား ယနေ့မွန်းလွဲပိုင်းတွင် Video Conferencing မှ တစ်ဆင့် လက်ခံတွေ့ဆုံ၍ သိရှိလိုသည့် မေးမြန်းမှုများကို ဖြေကြားခဲ့သည်။(ယာပုံ)

**ပြည့်ပြည့်စုံစုံပြန်လည်ဖြေကြား**

ထိုသို့တွေ့ဆုံမေးမြန်းရာတွင် အဆိုပါသတင်းဌာနမှ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဆွေးနွေးချက်များနှင့် ဆက်လက် လုပ်ဆောင်သွားမည့်အခြေအနေများ၊ ရခိုင်ပြည်နယ်အရေးကိစ္စရပ်များ၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအပေါ် ထိန်းသိမ်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် အခြားသိရှိလိုသည့် မေးမြန်းမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည့်ပြည့်စုံစုံပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၃ မှ

လိုင်စင်မဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့်ပတ်သက်၍လည်း စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ တရားမဝင်တင်သွင်း၍ ဖြန့်ချိရောင်းချနေမှုများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့်လည်း ကြပ်မတ်ထိန်းချုပ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အများပြည်သူ ပို့ဆောင်ရေးစနစ်ကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ပတ်ရထား၊ လျှပ်စစ်ရထားနှင့် လျှပ်စစ်ဘတ်(စ်)ကားများ ပြေးဆွဲနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအင်ကို အသုံးပြုခြင်းဖြင့် ပြည်တွင်းလောင်စာဆီ သုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိရေးအတွက်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်လုပ်ငန်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားများ တရားမဝင် ရယူသုံးစွဲမှုများကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး၊ လျှပ်စစ်ဓာတ်အားခများ သတ်မှတ်နှုန်းထားနှင့် သတ်မှတ်ချိန်အလိုက် ကောက်ခံရရှိရေး ဆောင်ရွက်ရန်လိုကြောင်း။

ပြည်တွင်း စီးပွားရေးလုပ်ငန်းများကို အားပေးကြရမည်ဖြစ်ကြောင်း၊စီမံခန့်ခွဲမှုညံ့ဖျင်းပါက တိုင်းပြည်ဆင်းရဲသွားမည်ဖြစ်ကြောင်း၊ အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်ရန် အစိုးရအဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းပြည်အတွက်ရသင့်ရထိုက်သည့်အခွန်အခများရရှိအောင်ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူ နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် လုပ်ဆောင်ရန်လိုကြောင်း၊ နိုင်ငံတော်မှရရှိသည့် အခွန်အခများဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍများတွင် ထိရောက်စွာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရပ်နားထားရသည့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်တွင်းထုတ်ကုန်များ လုံလောက်အောင်ထုတ်လုပ်၍ပြည်ပသွင်းကုန်များကို လျှော့ချကာ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၁၃၂/၂၀၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးရဲမြင့် အား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တာဝန်ကျ(ပထမအဖွဲ့ခွဲ)မှ ဆရာတော်ကြီးများက (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး(သဘောရေးဖြေ) စာမေးပွဲဖြေဆိုလျက်ရှိကြသော စာဖြေသံဃာများအား လိုက်လံကြည့်ရှုအားပေးချီးမြှောက်



ရန်ကုန် မေ ၂၀

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(ဗန်းမော်ဆရာတော်)၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တာဝန်ကျ (ပထမအဖွဲ့ခွဲ)မှ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရ(သံဖြူဇရပ်)၊ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ (မိတ္ထီလာ)၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသေဋ္ဌိလ(ပြည်)၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ(မိုးကုတ်) ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများသည် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲဖြေဆိုလျက်ရှိကြသော စာဖြေသံဃာများအား လိုက်လံကြည့်ရှု အားပေးချီးမြှောက်ခဲ့သည်။

ယနေ့ကျင်းပသည့် (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ) စာမေးပွဲသို့ အဘိဓမ္မာ(နောက်ပိုင်း)စာဖြေသံဃာ ခြောက်ပါး၊ အဘိဓမ္မာ(ရှေ့ပိုင်း) စာဖြေသံဃာ ခြောက်ပါး၊ ဝိနည်း (နောက်ပိုင်း)စာဖြေသံဃာ ၄၂ ပါး စုစုပေါင်း စာဖြေသံဃာ ၅၄ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

အဆိုပါ (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ) စာမေးပွဲကြီးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ မေ ၁၇ ရက်မှ ၂၁ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး စာဖြေသံဃာ ၁၇၁ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးမူဝါဒဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် မေ ၂၀

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒ ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ် Assembly Hall ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေ၊ ညွှန်ကြားရေးမှူး ချုပ်များဖြစ်ကြသည့် ဦးအောင်အောင်၊ ဒေါ်တင်မိုးမိုး၊ ဦးမျိုးမင်း၊ အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ကြသည်။




စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တွင်ငွေကြေးမူဝါဒသည်အရေးကြီးသောအခန်းကဏ္ဍ ၌ ပါဝင်လျက်ရှိကြောင်း၊ ဗဟိုဘဏ်များအနေဖြင့် ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် မိမိနိုင်ငံ၏ မက်ခရိုစီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေဖြစ်သော ငွေကြေးမူဝါဒနည်းလမ်း များ (Monetary Policy Tools)ကို ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ(၂၀၁၃) အခန်း ဖ၊ ပုဒ်မ ၄၀(က)အရ ငွေကြေးမူဝါဒကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုရရှိစေရန်နှင့် ထိန်းသိမ်းရန်တို့မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒရည်မှန်းချက်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် သီးသန့် ငွေကြေးပမာဏကို ရည်မှန်းချက်ထားရှိသည့် ငွေကြေးမူဝါဒမူဘောင် ချမှတ်ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ သင့်တင့်မျှတသော ငွေကြေးဖောင်းပွမှုနှုန်း ဖြင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှု ရည်မှန်းချက်ကိုရရှိ စေနိုင်မည့် အနေတော်ငွေကြေးပမာဏကို ရည်မှန်း ချက်အဖြစ်ထားရှိပြီး ၎င်းရည်မှန်းချက်အတိုင်း ရရှိ စေရန် ငွေကြေးပမာဏအား ထိန်းကျောင်းဆောင်ရွက် လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရန်၊ နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျ မြင့်မားမှုမရှိ စေရန်နှင့် လဲလှယ်နှုန်းများအကြား ကွာဟချက် လျော့နည်းစေရန်တို့အတွက် အရောင်း(သို့မဟုတ်) အဝယ်တစ်မျိုးတည်းကိုသာ ဆောင်ရွက်သည့် စည်းမျဉ်းအခြေခံ နိုင်ငံခြားသုံးငွေ ဈေးပြိုင်လေလံမှ တစ်ဆင့် ဈေးကွက်အား လိုအပ်သလိုထိန်းကျောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင အားဖြစ်သော ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒများ ချမှတ်ရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့သည် ပေါင်းစပ်ညှိနှိုင်း ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ကြောင်း ပြောကြားသည်။

ဆက်လက်၍ ငွေကြေးမူဝါဒရေးရာဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ကလျာနေထွန်းက "ငွေကြေး ဖောင်းပွမှုနှုန်းရည်မှန်းချက် (Inflation Targeting–IT) ထားရှိသည့် ငွေကြေးမူဝါဒမူဘောင်သို့ ပြောင်းလဲ ကျင့်သုံးရန်လိုအပ်သည့်အချက်များအား လေ့လာ ဆန်းစစ်တင်ပြခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ တက်ရောက်လာကြသော ဒုတိယဥက္ကဋ္ဌများနှင့် အရာထမ်းများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စည်ပင်သာယာဒဏ်ကြေးငွေနှင့် မော်တော်ယာဉ်ဒဏ်ကြေးရငွေများအား စီမံခန့်ခွဲရာ၌ တစ်ပြေးညီဖြစ်စေရန်အတွက် သက်ဆိုင်ရာ စည်ပင်သာယာရေးဥပဒေများတွင် ပြဋ္ဌာန်းနိုင်ရေးကိစ္စနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၀

စည်ပင်သာယာဒဏ်ကြေးငွေနှင့် မော်တော်ယာဉ် ဒဏ်ကြေးရငွေများအား စီမံခန့်ခွဲရာ၌ တစ်ပြေးညီ ဖြစ်စေရန်အတွက် သက်ဆိုင်ရာ စည်ပင်သာယာရေး ဥပဒေများတွင် ပြဋ္ဌာန်းနိုင်ရေးကိစ္စနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆)၌ ကျင်းပသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ် ချုပ်ရုံး၊ နေပြည်တော်၊ ရန်ကုန်မြို့တော်နှင့် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ အဆင့်မြင့် အရာရှိကြီးများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက် ကြသည်။

အစည်းအဝေးတွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယနေ့အစည်းအဝေး၌ နေပြည်တော်၊ ရန်ကုန် မြို့တော်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီများအနေဖြင့် ကောက်ခံရရှိသည့် စည်ပင် သာယာဒဏ်ကြေးငွေများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဒဏ်ကြေးငွေများကို ဥပဒေစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ကြစေရေးအတွက် ညှိနှိုင်းဆွေးနွေးရန် ဖြစ်ကြောင်း၊ အဆိုပါ ဒဏ်ကြေးငွေများကို သက်ဆိုင် ရာ စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်ဖြစ်ကြောင်း၊ အဆိုပါ ဒဏ်ကြေးငွေ များမှ သက်ဆိုင်ရာဝန်ထမ်းများအတွက် ဆုကြေးငွေ ချီးမြှင့်လိုသည်များကို စည်ပင်သာယာရေး ကော်မတီ ဥပဒေနှင့်အညီဆောင်ရွက်ရေး၊ လုပ်ထုံး လုပ်နည်း စနစ်တကျရေးဆွဲရေးတို့အတွက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။



ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီတို့မှ တာဝန်ရှိသူများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ ညွှန်ကြားရေး မှူးချုပ်များက ဝိုင်းဝန်းဆွေးနွေး တင်ပြကြပြီး ဒုတိယဝန်ကြီးက စည်ပင်သာယာဒဏ်ကြေးငွေနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဒဏ်ကြေးငွေများ စီမံခန့်ခွဲရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# မီးလျှံထဲက ဘဝတစ်ခု

**စာချစ်သူ**



**သူမိုက်တို့မည်သည်ကား ယုတ်မာသောအမှုတို့ကို ပြုကုန်စဉ် မသိတတ်ကြကုန်၊ နောင်အခါ၌ကား မိမိသည် ပြုအပ်သောကံတို့ဖြင့် လောင်ကျွမ်းကုန်လျက် မိမိသည်ပင်လျှင် မိမိ၏တောမီးနှင့်အတူ ဖြစ်ကြကုန်၏။**

ယခုရက်ပိုင်းအတွင်း မီးလောင်မှုဖြစ်စဉ်တွေ ဆက်တိုက်နီးပါးဖြစ်ပွားနေတာ မြင်ရကြားရတော့ အတော့်ကို စိတ်လက်မချမ်းမသာ ဖြစ်ရတယ်ဗျ။ အချို့သောစာသင်ကျောင်းတွေ၊ ဈေးတွေ၊ ရုံးတွေရဲ့မီးလောင်ကျွမ်းမှုဖြစ်စဉ်တွေဟာ ပေါ့ဆမီးမဟုတ်ဘဲ မသမာသူတွေရဲ့လက်ချက် ရှို့မီးဆိုရင်တော့ လုံ့လပယောဂ အားထုတ်သူအဖို့ ပစ္စုပ္ပန်သာမက နောင်သံသရာအတွက်ပါ အတော့်ကို အပြစ်ကြီးတယ်လို့ပဲဆိုရမယ်။ ကျွန်တော်တို့ဟာ ကံ၊ ကံ၏အကျိုးကို ယုံကြည်သက်ဝင်ကြတဲ့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေဖြစ်တာမို့ အဲဒီလိုပဲ ယုံကြည်ယူဆမိကြောင်းပါ။

**စပါးကြီးမြွေ ပြိတ္တာဝတ္ထု**

သာဓကအကိုးအကားအနေနဲ့ ပြရရင် **"တရားတော်ကို သိရာသိကြောင်း၊ နိဗ္ဗာန်၏လမ်းကြောင်းတရားတော်များ စုပေါင်းထားသောကျမ်း"** လို့ အဓိပ္ပာယ်ရတဲ့ ဓမ္မပဒဒဏ္ဍဝဂ်လာ စပါးကြီးမြွေ ပြိတ္တာဝတ္ထုကိုပဲ သာဓကပြရမှာပါပဲ။

အခါတစ်ပါးမှာ အရှင်မဟာမောဂ္ဂလန် အရှင်မြတ်ကြီးဟာ လက္ခဏမထေရ်နဲ့အတူ ဂိဇ္ဈကုဋ်တောင်က အဆင်းမှာ ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ ဦးခေါင်းမှ အမြီးဖျားအထိ အပြန်ပြန်အလှန်လှန် မီးလျှံတွေထတောက်လောင်နေတဲ့ အလွန်ကြီးမားလှတဲ့ စပါးကြီးမြွေပြိတ္တာကြီးကို မြင်တော်မူခဲ့တယ်။

မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတော်ရောက်တဲ့အခါ မမြင်စဖူး ထူးကဲလှတဲ့ ထိုအတ္တဘောမြင်ကွင်းအကြောင်း လျှောက်တင်ကြရာမှာ အထပါပါနိ ကမ္မာနိ အစ ရှိသော ဤဒေသနာတော်ကို မြတ်စွာဘုရားရှင်ဟာ ထိုစပါးကြီးမြွေပြိတ္တာအား အကြောင်းပြုဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ကဿပမြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဘုရားရှင်ကို ကျောင်းဆောက်လုပ်လှူဒါန်းခဲ့သူ သုမင်္ဂလအမည်ရှိ ကျောင်းဒကာ သူဌေးကြီးတစ်ဦး ရှိခဲ့တယ်။ တစ်နေ့ သူဌေးကြီးဟာ မနက်စောစောဘုရားရှင်ထံ သွားရောက်ဖူးမြော်ဖို့အထွက် မြို့တံခါးအနီးက ဇရပ်တစ်ခုမှာ ခိုးသူတစ်ဦးဟာ ခြေထောက်မှာ ရွှံ့ညွန်အလိမ်းလိမ်းနဲ့ ခေါင်းမြီးခြုံပြီး အိပ်နေတာကို မြင်လိုက်တယ်။ ဤသူကား ညဉ့်၌ သွားလာလှည့်လည်၍ အိပ်သောသူဖြစ်လတ္တံ့လို့ ဆိုလိုက်မိတယ်။

ခိုးသူက မျက်နှာကို ဖွင့်ကြည့်ပြီး သူဌေးကြီးကို ရန်ငြိုးဖွဲ့ကာ သူဌေးကြီးပိုင်လယ်ကို ခုနစ်ကြိမ်တိုင်တိုင် မီးတိုက်တယ်။ နွားခြံက နွားတွေကို ခုနစ်ကြိမ်တိုင်တိုင် ခုတ်ဖြတ်တယ်။ အိမ်ကိုလည်း ခုနစ်ကြိမ်တိုင်တိုင် မီးတိုက်ပြန်တယ်။

အမျက်ဒေါသ မပြေပြန်တော့ သူဌေးကြီးရဲ့ အလုပ်သမားကို မိတ်ဖွဲ့ပြီး သူဌေးကြီး နှစ်သက်မြတ်နိုးအပ်တဲ့အရာကို စုံစမ်းမေးမြန်းတယ်။ သူဌေးကြီးဟာ မြတ်စွာဘုရားရှင်ကို ဆောက်လုပ်လှူဒါန်းထားတဲ့ ဂန္ဓကုဋိကျောင်းတော်ကြီးကို လွန်စွာနှစ်သက်မြတ်နိုးမှန်းသိရတော့ ကျောင်းတော်ကိုသွားပြီး ဘုရားရှင်ရဲ့ သောက်ရေ၊ သုံးဆောင်ရေအိုးတွေကိုခွဲ၊နောက်ဆုံးဂန္ဓကုဋိကျောင်းတော်ကြီးကိုပါ မီးတိုက်လေတယ်။

သူဌေးကြီးဟာ သတင်းကြားလို့ အပြေးအလွှားရောက်လာခဲ့သော်ငြား အလာကောင်းပေမယ့် အခါနှောင်းသွားတယ်။ မီးလောင်ကျွမ်းနေတဲ့ ဂန္ဓကုဋိကျောင်းတော်ကိုပဲ မြင်တွေ့လိုက်ရတော့တယ်။ သို့ပေမယ့် သူဌေးကြီးဟာ သူအလွန်တရာ မြတ်နိုးလှတဲ့ ဂန္ဓကုဋိကျောင်းတော်ကြီး မီးလောင်ကျွမ်းနေတာကို ကြည့်ရှုရင်း ဆံခြည်တစ်ပင်ဖျားမျှ နှလုံးမသာမရှိဘဲ လက်ပမ်းပေါက်ပင် ထခတ်လေတယ်။ အနီးရှိသူတို့က မေးမြန်းတဲ့အခါ မြတ်စွာဘုရားရှင်ရဲ့ ဂန္ဓကုဋိကျောင်းတော်ကို အသစ်တစ်ဖန် ဆောက်လုပ်လှူဒါန်းခွင့်ရလတ္တံ့ဟု နှစ်သက်ဝမ်းမြောက်သောစိတ်ကြောင့်လို့ ဆိုတယ်။

ခိုးသူဟာ သူဌေးကြီးရဲ့ စိတ်နှလုံး မသာယာအောင် မလုပ်နိုင်တဲ့အဆုံးမှာ သတ်ဖို့အထိ ကြံစည်ပြီး ပုဆိုးအကြားမှာ ဓားကိုချည်ကာ အခွင့်ကောင်းကိုစောင့်ပြီး ချောင်းနေတယ်။

သူဌေးကြီးဟာ ခုနစ်ရက်ပတ်လုံး ဘုရား အမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့ကို အလှူကြီးပေးလှူပြီး "ဘုန်းတော်ကြီးမားသော မြတ်စွာဘုရား၊ ယောကျ်ားတစ်ယောက်သည် ခုနစ်ကြိမ်တိုင်တိုင် တပည့်တော်၏လယ်ကို မီးတိုက်အပ်ပါပြီ၊ ခုနစ်ကြိမ်တိုင်တိုင် နွားခြံ၌ နွားတို့၏ ခြေတို့ကိုခုတ်ဖြတ်ပါပြီ၊ ခုနစ်ကြိမ်တိုင်တိုင် အိမ်ကို မီးတိုက်အပ်ပါပြီ၊ ယခုအခါ ဂန္ဓကုဋိကိုလည်း ထိုသူသာလျှင် မီးတိုက်သည်ဖြစ်ပါလိမ့်မည်ဘုရား၊ တပည့်တော်သည် ဤအလှူ၌ ရှေးဦးစွာ အလှူအဖို့ အမျှကို ထိုယောကျ်ားအား ပေးဝေပါ၏ ဘုရား"လို့ လျှောက်တင်လေတယ်။

ထိုသို့လျှောက်တင်သံကို ပွဲခင်းအလယ်မှာ အခွင့်ကောင်းကိုစောင့်ပြီး ချောင်းနေတဲ့ ခိုးသူ ကြားလိုက်ရတဲ့အခါ "ငါပြုအပ်သော အမှုသည် စင်စစ် ဝန်လေးလေစွတကား"ဟု အမြင်မှန်ရပြီး သူဌေးကြီးရဲ့ခြေရင်း၌ ဝပ်ဆင်းလျက် သည်းခံတော်မူပါလို့ တောင်းပန်လေတယ်။

သူဌေးကြီးဟာ ပညာရှိသူတော်ကောင်းပီပီ သည်းခံခွင့်လွှတ်သော်ငြား ခိုးသူဟာ သူပြုခဲ့တဲ့ မကောင်းမှုအကုသိုလ်ကံကြောင့် အဝီစိငရဲမှာ ကာလတာရှည်ကျပြီး ကြွင်းသောအကျိုးအားဖြင့် ယခုအခါ ဂိဇ္ဈကုဋ်တောင်၌ မီးဖြင့်ကျက်သောဆင်းရဲကို ခံစားရသည့် မြွေပြိတ္တာကြီး လာဖြစ်ခဲ့ရပါတယ်။

**မီးလောင်လျက်သာလျှင် ငရဲ၌ ပူပန်ရ၏**

ဤသို့လျှင် မြတ်စွာဘုရားရှင်ဟာ ထိုစပါးကြီးမြွေပြိတ္တာရဲ့ ရှေးကပြုအပ်သော မကောင်းမှုကံကို မိန့်တော်မူပြီးလျှင် ချစ်သားရဟန်းတို့ - သူမိုက်တို့မည်သည်ကား ယုတ်မာသောအမှုတို့ကို ပြုကုန်စဉ် မသိတတ်ကြကုန်၊ နောင်အခါ၌ကား မိမိသည် ပြုအပ်သောကံတို့ဖြင့် လောင်ကျွမ်းကုန်လျက် မိမိသည်ပင်လျှင် မိမိ၏တောမီးနှင့်အတူ ဖြစ်ကြကုန်၏ဟု မိန့်ကြားတော်မူ၍ **"မလိမ္မာသောသူမိုက်သည် ယုတ်မာကုန်သော မကောင်းမှုတို့ကို ပြုလုပ်နိုင်၏။ ထိုသို့ပြုလုပ်နိုင်သော်လည်း ပြုအပ်သော မကောင်းမှု၏အကျိုးကို မသိ။ မိမိဥစ္စာဖြစ်ကုန်သော မကောင်းမှုတို့ကြောင့် ပညာကင်းသူလူမိုက်သည် မီးလောင်လျက်သာလျှင် ငရဲ၌ ပူပန်ရ၏"** ဟူသည့် အထပါပါနိ ကမ္မာနိ အစရှိသော ဒေသနာတော်ကို အနုသန္ဓေစပ်ဟောကြားတော်မူခဲ့ပါတယ်။

ဒေသနာတော်အဆုံးမှာတော့ များစွာသောသူတို့ဟာ သောတာပတ္တိဖိုလ် စသဖြင့်ရောက်ကြလေကုန်တယ်။

ဓမ္မပဒ ဒဏ္ဍဝဂ်လာ စပါးကြီးမြွေပြိတ္တာ (မီးလျှံထဲက ဘဝတစ်ခု) ဝတ္ထုဇာတ်ကြောင်းကတော့ ကံ၊ကံ၏အကျိုးကို ယုံကြည်သက်ဝင်ကြတဲ့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အဖို့ သံဝေဂပွားစရာ ဒေသနာလို့ပဲ ဆိုရပါမယ်။

**"အကြွင်းသူသည် ဆူးကို စိုက်ပျိုးအံ့၊ ထိုသူသည် စပျစ်သီးကို ဆွတ်ခူးရရှိနိုင်မည်မဟုတ်။ အကြွင်းသူသည် မီးမွှေးဆော့ကစားအံ့၊ ထိုသူသည် မီးသင့်လောင်ခံရမည်"** ဆိုတဲ့ ရှေးဟောင်းအာရပ်ကဗျာထဲက စာပိုဒ်ကိုလည်း သတိပြုသင့်ကြောင်းပါဗျာ။ ။

---

## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




**နေပြည်တော် မေ ၂၀**

သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ် ( ၁၆ ) ကို မေ ၂၁ ရက် ညနေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၁၆)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ် တင်ဆက်သူ ရဲထိုက်နှင့် မေသော်လဝန်းတို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မေ (၂၁၊ ၂၂၊ ၂၃) ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မိုးညှင်းမြို့နယ် သမဝါယမအသင်းစုက ငါး၊ ပုစွန်များ ဖြန့်ဖြူးရောင်းချ

**မိုးညှင်း မေ ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အသင်းသားပြည်သူများ ရေထွက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာနှင့် သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရေးအတွက် မိုးညှင်းမြို့နယ် သမဝါယမအသင်းစုသည် ဒုတိယအကြိမ်အဖြစ် ငါးကြင်းဖြူ တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ နှုန်း၊ ပုစွန်တုပ် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း၊ တီလားပီးယားတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့် မေ ၁၀ ရက်တွင် သမဝါယမကဏ္ဍမှ No Profit, No Loss ဟူသောမူအတိုင်း ဖြန့်ဖြူးရောင်းချပေးခဲ့ရာ ဒေသပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးရသဖြင့် ဒေသခံပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၀**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လမ်းများ ဖွံ့ဖြိုးရေး မဟာဗျူဟာရည်မှန်းချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ဒုတိယဝန်ကြီး ဦးမင်းထိန်၊ အမြဲတမ်းအတွင်းဝန်၊ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)များသည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းလျာထားချက်များကို ယနေ့အစည်းအဝေးတွင် တင်ပြပေးရန်လိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၅၂၃၂၉ ရွာတည်ရှိပြီး ကျေးလက်လမ်းမိုင်အရှည် စုစုပေါင်း ၅၆၀၀၀ ကျော်ရှိပါကြောင်း၊ အဆိုပါလမ်းများ အသုံးပြုနိုင်မှုမှာ ရာသီမရွေး အသုံးပြုနိုင်သည့် လမ်းမိုင် ၁၂၈၀၀ ကျော်(၂၃ ရာခိုင်နှုန်း)၊ ခြောက်သွေ့ရာသီ၌ အသုံးပြုနိုင်သော လမ်းမိုင် ၄၃၀၀၀ ကျော် (၇၇ ရာခိုင်နှုန်း) ရှိပါကြောင်း၊ ကျေးလက်လမ်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသော ကျေးလက်လမ်းများဖွံ့ဖြိုးရေး ၂၀၃၀ ပြည့်နှစ် မဟာဗျူဟာရည်မှန်းချက်များနှင့်အညီ တစ်နိုင်ငံလုံး ၈၀ ရာခိုင်နှုန်းအထိ အသုံးပြုနိုင်ရန် အစီအစဉ်များ ရေးဆွဲထားပါကြောင်း။

ကျေးလက်လမ်းတံတားများ ရေရှည်တည်တံ့ခိုင်မြဲပြီး ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့လာသည်နှင့်အမျှ ကုန်ကျစရိတ်သက်သာပြီး ကျေးရွာရှိ ထုတ်ကုန်များ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံ၏ GDP ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ဌာနမှ တာဝန်ယူတည်ဆောက်သော လုပ်ငန်းများသာမက လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်သော ပုဂ္ဂလိက ကုမ္ပဏီများ၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ) များက ၂၀၁၉ - ၂၀၂၀၊ ၂၀၂၀-၂၀၂၁ နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမင်းထိန်က ဝန်ကြီးဌာန၏ ရှေ့ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများ၊ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်တို့က လမ်း၊ တံတားတိုးတက်မှု အခြေအနေ၊ လုပ်ငန်းများ သတ်မှတ်ချက်နှင့်အညီ အချိန်မီပြီးစီးရေးနှင့် ဘဏ္ဍာငွေကြေး၏အခြေအနေတို့နှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီး / ပြည်နယ်များက တင်ပြထားသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကော်မတီသို့ တင်ပြနိုင်ရန် ကြိုတင်ညှိနှိုင်း

**နေပြည်တော် မေ ၂၀**

တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြထားသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်လိုသောလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး တင်ပြတောင်းခံခဲ့သော လုပ်ငန်းများအနက် လတ်တလောမဖြစ်မနေ ဆောင်ရွက်ပေးသင့်သည့် လုပ်ငန်းများကို ဦးစားပေးရွေးချယ်နိုင်ရေးနှင့် မကြာမီကာလတွင် မုတ်သုံရာသီကျရောက်တော့မည်ဖြစ်သည့်အတွက် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် ကြိုတင်ပြင်ဆင်ရေးဆောင်ရွက်ထားရှိမှုကို သိရှိလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မုတ်သုံကာလနီးနေပြီဖြစ်၍ ယခင်အတွေ့အကြုံများကို အခြေခံပြီး ဘေးအန္တရာယ် ကြိုတင်ကာကွယ်သည့်အနေဖြင့် မိုးလေဝသအခြေအနေနှင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများအနေဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အထူးအလေးပေးဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ရေးတင်ပြထားသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဦးစားပေးရွေးချယ်နိုင်ရေး လမ်းညွှန်မှုခံယူကာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် တိုင်းရင်းသားလူမျိုးများ၏ အမည်နာမ မှည့်ခေါ်ပုံအကြောင်း ရှင်းလင်းတင်ပြသည့် အခမ်းအနားတက်ရောက်

**နေပြည်တော် မေ ၂၀**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနက တိုင်းရင်းသားလူမျိုးများ၏ အမည်နာမမှည့်ခေါ်ပုံအကြောင်း ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနအတွင်းရှိ အရာထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက လူဖြစ်လာပါက အမည်မှည့်ခေါ်ရပါကြောင်း၊ လူမျိုးတိုင်းတွင် အမည်မှည့်ခေါ်ကြပုံများသည် လူမျိုးတစ်မျိုးနှင့် တစ်မျိုး တူညီမှုမရှိဘဲ စိတ်ဝင်စားစရာကောင်းပါကြောင်း၊ လူမျိုးတစ်မျိုး၏ အသက်သည် စာပေနှင့် ယဉ်ကျေးမှုဟု သမုတ်လျှင် ယင်းလူမျိုး၏အသည်းနှလုံးသည် ရိုးရာဓလေ့ထုံးတမ်းစဉ်လာဟု သမုတ်နိုင်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် လူမျိုးတစ်မျိုး၏ ရိုးရာဓလေ့သည် ၎င်းတို့၏ဝိသေသလက္ခဏာကို ဖော်ညွှန်းနေကြခြင်းကြောင့်ဖြစ်ပြီး လူမျိုးတစ်မျိုး ရေရှည်တည်တံ့နေရန်မှာ စာပေနှင့် ယဉ်ကျေးမှုသည် အဓိကကျသလို ရိုးရာဓလေ့ထုံးတမ်းစဉ်လာသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်သည်ကို အလေးအနက်ထားပြောကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က တိုင်းရင်းသားမျိုးနွယ်စု ၈၅ မျိုး၏ အမည်နာမမှည့်ခေါ်ပုံများကို အတည်ပြုချက်ရယူ၍ ပြုစုထားခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေလွဲ့ရည်ဦးက ကချင်တိုင်းရင်းသားမျိုးနွယ်စုတွင် ပါဝင်သော ကချင်တိုင်းရင်းသား ခြောက်မျိုးနှင့် ကယားတိုင်းရင်းသားမျိုးနွယ်စုတွင် ပါဝင်သော ကယားတိုင်းရင်းသားကိုးမျိုးတို့၏ အမည်နာမမှည့်ခေါ်ပုံများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားသည်။ **သတင်းစဉ်**



# အနာဂတ်ပန်းကလေးများ လန်းစေချင်

တိမ်လွှာ

ကျွန်မ မွေးရပ်ဇာတိဆီသို့ အပြန်ခရီး ရွာအဝင်လမ်းတစ်လျှောက်တွင် အညာမြေ တမာရနံ့လေးများက သင်းထုံစွာ ဆီးကြိုနေပါသည်။ နွမ်းသမျှ အမောပြေလျော့ခဲ့ရပါသည်။ ကျွန်မသည် ရွာကိုမရောက်ဖြစ်တာကြာတော့ ရွာ၏တိုးတက်မှုများမှာ မြင်သမျှ အသစ်အဆန်းလိုဖြစ်ကာ အံ့သြဖွယ်အတိ ဖြစ်နေ၏။ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသော ယနေ့ ၂၁ ရာစုခေတ်၏ ပုံရိပ်မြင်ကွင်းများက ကျွန်မ၏ငယ်စဉ်ကာလ ကလေးဘဝ ရွာမြင်ကွင်းနှင့် မတူတော့။ ရွာအဝင် မန်ကျည်းပင်တန်းလေးများကို အစီအရီမြင်တွေ့ရသည်မှာ စိတ်နှလုံးချမ်းမြေ့စေခဲ့ပါသည်။

ရွာသို့ရောက်ရောက်ချင်း ဦးလေးဘုန်းကြီးကို ဦးခိုက်မိ၏။ ရွာထဲရှိကျောင်းလမ်းအတိုင်း လျှောက်လာခဲ့ရာ မိဘများရှိရာ နေအိမ်လေးဆီသို့ ရောက်ရှိလာခဲ့သည်။ မောပန်းလာ၍လားမသိ၊ ခေါင်းချလိုက်သည်နှင့် တစ်ခဏမျှ အိပ်ပျော်သွားသည်။

အိပ်ရာထ၊ မျက်နှာသစ် ခြေလက်သန့်စင်လုပ်ပြီးသည်နှင့် မူလတန်းကျောင်းသူဘဝ အခြေခံပညာရပ်များကို ကောင်းစွာသင်ကြားပို့ချပေးခဲ့သော ငယ်ဆရာ ဆရာဉာဏ်ကိုသတိရမိ၍ တွေ့ချင်စိတ်ဖြစ်ကာ အစ်မများကို "ဆရာကြီး ကျန်းမာစွာရှိသေးရဲ့လား"ဟု မေးကြည့်မိသည်။ အစ်မများက "ရှိနေတယ် ညီမလေး"ဟု ဖြေပါသည်။ ကျွန်မတို့ရွာမှာ ဆရာကြီးကို မသိသူမရှိပေ။ ဆရာကြီးက အသပြာမယူဘဲ နာသုံးနာမက သားသမီးအရင်းပမာ မေတ္တာဖြင့် တပည့်များကို သင်ကြားပေးခဲ့ပါသည်။ "ဆရာကြီးက အသက်ကြီးလာတော့ စကားပြောဖော်ရှာနေတယ် ညီမလေး"ဟု အစ်မက ပြောပါသည်။ ကျွန်မကလည်း "မတွေ့တာကြာပြီဖြစ်တဲ့ ဆရာဉာဏ်နဲ့ စကားပြောချင်တယ်။ ရောက်ကြောင်းလည်းပြောရင်းနဲ့ လက်ဆောင်လေးလည်း ပေးချင်သေးတယ်"ဟု ပြောမိတယ်။ ကျွန်မလာတော့ ဆရာကြီးက သူ့ခြံရိပ်ကနေ ခါးလေးကုန်းပြီး မျက်နှာကို လက်လေးကာ၍ လှမ်းကြည့်နေသည်။ ဆရာကြီးမှာ အသက်ကြီးလာ၍ မျက်စိများပင် မှုန်နေပြီဖြစ်သည်။

**တိုင်းပြည်အတွက်လည်း နစ်နာ**

ဆရာကြီးရှေ့ရောက်တော့ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်၊ စကားလက်ဆုံကျရင်း ငယ်ဘဝကို ပြန်ပြောင်းလွမ်းမိသည်။ ဆရာကြီးက ကျောင်းဆရာပီပီ "သမီး ကျောင်းတွေပြန်ဖွင့်တော့မယ်ဆို"ဟု မေးတော့ "ဟုတ်ပါတယ်ဆရာကြီး"ဟု ပြန်ဖြေရင်း "ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျောင်းတွေ မဖွင့်နိုင်ခဲ့တာ တစ်နှစ်နီးပါးလောက်ရှိသွားပြီ ဆရာကြီး" ဟု အနာဂတ် အညွန့်အဖူးလေးများအတွက် စိတ်မကောင်းစွာ ပြန်ဖြေလိုက်ပါသည်။ ဆရာကြီးက "တစ်နှစ်ဝန်းကျင်လောက် ပိတ်ထားခဲ့ရတော့ ပညာတတ်တွေ မွေးထုတ်ပေးဖို့ရာ တစ်နှစ်နောက်ကျခဲ့ရပြီပေါ့ကွယ်။ ပညာမသင်ကြရတဲ့အတွက် ကျောင်းသား ကျောင်းသူ လူငယ်တွေအားလုံး နစ်နာရသလို တိုင်းပြည်အတွက်လည်း အများကြီးနစ်နာတယ်"ဟု ပြောပါသည်။

**အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်**

ကျွန်မက "အခြေခံပညာကျောင်းတွေကို မကြာခင် ဇွန်လ ၁ ရက်နေ့မှာ တစ်ပြိုင်တည်း ဖွင့်မယ်လို့ ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြီး ဆောင်ရွက်နေကြတာကို သတင်းစာမှာ ဖတ်လိုက်ရပါတယ်"ဟု ပြောရာ ဆရာကြီးကလည်း "ဘယ်လိုစနစ်တွေနဲ့ ဆောင်ရွက်မယ်ပြောလဲ"ဟု မေးပါသည်။ ကျွန်မက အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး မူလတန်းအဆင့်ကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံလေးချောင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ နှစ်ချောင်းနှင့် ဘောပင်နှစ်ချောင်း၊ ထို့နောက် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမတစ်ဦးလျှင် ပြန်လည်အသုံးပြုနိုင်သည့် Mask နှစ်ခု၊ Face Shield တစ်ခုစီတို့ကို ပံ့ပိုးပေးမည်ဟု သိသမျှ ပြန်ဖြေလိုက်ပါသည်။

**စည်းမျဉ်းစည်းကမ်းတွေအတိုင်းဖွင့်**

ဆရာကြီးက "ကျန်းမာရေးနဲ့အညီ ဖွင့်ဖို့လည်း လိုအပ်သေးတယ်နော်သမီး"ဟု ပြောတော့ ကျွန်မက "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း ဖွင့်မှာပါ"ဟု ဆရာကြီးကို အသေးစိတ်ရှင်းပြခဲ့သည်။ ထို့နောက် ဆရာကြီးက "အရေးကြီးတဲ့အချက်တစ်ချက်အနေနဲ့ ယနေ့ခေတ် လူငယ်တွေ လမ်းမှားကို ရွေးချယ်မှုနဲ့ ပတ်သက်လို့ ပြောချင်ကြောင်း၊ သမီးစိတ်ဝင်စားမယ်လို့ ထင်ပါတယ်"ဟု ပြောရာ ကျွန်မက "စိတ်ဝင်စားပါတယ်ဆရာကြီး ပြောပါ။ သမီးလည်း ဗဟုသုတရတာပေါ့"ဟု ပြောလိုက်ပါသည်။

ထိုအခါ ဆရာကြီးက" ခုတစ်လော ဆန္ဒပြသူတွေဟာ နည်းမျိုးစုံ၊ ပုံစံမျိုးစုံနဲ့ ပြုလုပ်နေတာတွေကို တွေ့နေရတယ်။ တည်ဆဲအစိုးရကို ဆန့်ကျင်တဲ့ လုပ်ဆောင်ချက်တွေ၊ ရည်ရွယ်ချက်တွေဟာ ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ဖြစ်စေတဲ့ လုပ်ရပ်တွေပဲ၊ နောက်ပြီး CDM လှုပ်ရှားမှုတဲ့၊ ဆေးရုံတွေ၊ ကျောင်းတွေ၊ ရုံးတွေမတက်ဘဲ ဆန္ဒပြနေကြတာဟာ အသိခေါက်ခက် အဝင်နက်နေကြတဲ့ သဘောပဲ။ ဝန်ထမ်းအားလုံးဟာ ပါတီနိုင်ငံရေးကင်းရှင်းရမယ်၊ ဘာကြောင့်လဲဆိုတော့ နိုင်ငံ့ဝန်ထမ်းတွေဖြစ်လို့ပဲ။ ခေတ်စနစ်တွေ ဘယ်လိုပဲပြောင်းပြောင်း၊ ဘယ်သူပဲ တက်လာတက်လာ နိုင်ငံ့ဝန်ထမ်းဟာ ကိုယ့်အလုပ်၊ ကိုယ့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရမယ်။ ဒါဟာ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေအတိုင်းပဲ။ ဝန်ထမ်းတိုင်း သိရှိနားလည်ထားသင့်ပါတယ်"ဟု ထောက်ပြဆုံးမပါသည်။

ဆက်လက်ပြီး ဆရာကြီးက"လမ်းပေါ်မှာ ဆန္ဒထုတ်ဖော်နေကြတဲ့သူတွေကို ပြန်ကြည့်ရင် အသက် ၁၉ နှစ်၊ ၂၀ နှစ် အရွယ်လေးတွေ ပါဝင်နေကြတာကို တွေ့ရတဲ့အတွက် အနာဂတ်လှပဖို့အရေး ရင်လေးမိတယ်။ Gen-Z ဆိုတဲ့ လူငယ်လေးတွေကို နောက်ကွယ်ကနေ ကြိုးကိုင်ခြယ်လှယ်သူတွေ၊ ထောက်ပံ့ကူညီပေးနေတဲ့သူတွေ၊ သွေးထိုးလှုံ့ဆော်နေတဲ့သူတွေကို မျိုးဆက်သစ်တွေကိုယ်စား သားသမီးချင်း ကိုယ်ချင်းစာပေးကြပါလို့ ဆရာကြီးအနေနဲ့ အကြံပေးတိုက်တွန်းလိုပါတယ်"ဟု ပြောသည်။ ကျွန်မကလည်း "အနာဂတ်ကို ပိုင်စိုးသော အညွန့်အဖူးလေးတွေကို ထိန်းချုပ်တဲ့နေရာမှာ မိဘဟာ အရေးအကြီးဆုံးဖြစ်တဲ့အတွက် မိဘတွေအနေနဲ့ နိုင်ငံရေးကို ပညာရေးနဲ့ မရောနှောစေချင်ပါဘူး ဆရာကြီး။ ပညာရေးနိမ့်ပါးရင် နိုင်ငံနိမ့်ပါးသွားမှာစိုးရိမ်မိတာကြောင့် ခွဲခြားသိမြင်ဖို့လည်း လိုပါတယ်"ဟု ဆရာကြီး၏ စကားကို ဖြည့်စွက်ထောက်ခံလိုက်သည်။

"ဒါနဲ့ ဆရာကြီး ယနေ့ခေတ်လူငယ်တွေနဲ့ ပတ်သက်ပြီး ပြောစရာရှိရင် ပြောပေးပါဦး"ဟု ပြောရာ "ယနေ့ခေတ်လူငယ်တွေနဲ့ ပတ်သက်လို့ ပြောရရင် လူငယ်တွေဟာ ပန်းတိုင်ပျောက်နေကြတယ်။ ဘဝတစ်သက်တာမှာ လူတွေဟာ အောင်မြင်မှုဆိုတဲ့ ပန်းတိုင်ဆီကို ဦးတည်ရှေးရှုချီတက်နေရမယ်၊ အောင်မြင်မှုရဖို့ ရည်ရွယ်ပြီး အောင်မြင်အောင် ကြိုးစားအားထုတ် အလုပ်လုပ်နေရမယ်၊ တစ်နေ့မှာအောင်မြင်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့၊ မျှော်လင့်ချက်တွေနဲ့ ဆက်ရုန်းကန်လှုပ်ရှားနေကြရမယ်"ဟု ပြောရာ ကျွန်မက "ဆရာကြီးရဲ့စကားတွေကို ကြားရတာ တန်ဖိုးရှိလိုက်တာ၊ ဆက်ပြောပါဦးဆရာကြီး"ဟု စကားကို ဆွဲဆန့်မိသည်။

**အောင်မြင်မှုတစ်ခုခုကိုရောက်အောင် ကြိုးပမ်း**

ဆရာကြီးက"ရှေ့ဆက်ပြောရရင် အောင်မြင်မှုဆိုတာ တစ်ခါတစ်ရံမှာ မေးမှိန်ပျောက်ကွယ်သွားတတ်ပေမယ့် စိတ်ဓာတ်မကျ လက်မလျှော့ဘဲ အသက်ရှိနေစဉ် ကာလတစ်လျှောက်လုံး အောင်မြင်မှုတစ်ခုခုကို ရောက်အောင် ကြိုးပမ်းအားထုတ်နေရမှာပါ။ အောင်မြင်နေပြီဆိုရင်လည်း လက်ရှိအောင်မြင်မှုကို ရပ်တန့်မသွားရအောင်၊ အောင်မြင်နေတာထက် ပိုပြီး အောင်မြင်အောင်၊ မကျရှုံးရအောင် ကြိုးစားထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ ကမ္ဘာ့လက်ဝှေ့ချန်ပီယံတွေလိုပဲပေါ့၊ ရွှေသရဖူ၊ ရွှေခါးပတ်တို့ မပေးရလေအောင် တစ်ဖက်ပြိုင်ဘက်ကို အလဲထိုးကြရတယ်၊ မိမိတိုက်ခိုက်မခံရအောင်လည်း ကြိုးစားကြရတယ်မဟုတ်လား"ဟု ပြောရာ ကျွန်မက" ကောင်းလိုက်တဲ့ဥပမာလေးပါပဲ ဆရာကြီး"ဟု ထောက်ခံရင်း ကျေနပ်စွာ ပြောမိပါသည်။

ဆရာကြီးက "သမီးနဲ့စကားပြောလို့ကောင်းပါ့ကွယ်၊ ပြောရင်းပြောရင်း ပညာရေးတွေရော နိုင်ငံရေးတွေရော ပါလာတော့ ဒီနေ့ သမီးနဲ့စကားပြောရတာ အကျိုးရှိပါတယ်"။ ကျွန်မလည်း ရွာပြန်လာခိုက် ဆရာကြီးနှင့် စကားပြောရသည်မှာ ဗဟုသုတလည်းရ၊ ဆရာကြီးနှင့်လည်းတွေ့ရ၊ ယနေ့ခေတ် အခြေအနေအချို့ကို ဆရာကြီးနှင့် ရင်တွင်းဖွင့်ဟ ပြောဆိုမိရင်း၊ ရွာကအပြန်ခရီးလမ်းတွင် အတွေးများစွာ ဖြန့်ကြက်ရင်း အနာဂတ်ပန်းကလေးများ မွှေးပျံ့လန်းဆန်းစွာ ဖူးပွင့်နိုင်ပါစေ၊ ပိုးကိုက်ခံရသောပန်းကလေးများဘဝမှ ကင်းဝေးပါစေ၊ လောကကို အလှဆင်နိုင်သော ပန်းကလေးများ ဖြစ်ကြပါစေဟု ဆန္ဒပြုလိုက်မိသည်။ ။



**အနာဂတ်ကို ပိုင်စိုးသော အညွန့်အဖူးလေးတွေကို ထိန်းချုပ်တဲ့ နေရာမှာ မိဘဟာ အရေးအကြီးဆုံးဖြစ်တဲ့အတွက် မိဘတွေအနေနဲ့ နိုင်ငံရေးကို ပညာရေးနဲ့ မရောနှောစေချင်ပါဘူး ဆရာကြီး။ ပညာရေးနိမ့်ပါးရင် နိုင်ငံနိမ့်ပါးသွားမှာစိုးရိမ်မိတာကြောင့် ခွဲခြားသိမြင်ဖို့လည်း လိုပါတယ်။**

# ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ အဋ္ဌမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၀**

ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ အဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထုတ်ဝေနိုင်ခဲ့

အစည်းအဝေးတွင် ဥပဒေဘာသာပြန်ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာသီတာဦးက ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၅ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ဥပဒေဘာသာပြန်ကော်မရှင်ကို ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်အထိ အိန္ဒိယပါလီမန်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေများကို မြန်မာနိုင်ငံတွင် ဆက်ခံကျင့်သုံးခဲ့ရာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများအနက် တည်ဆဲဥပဒေ ၈၁ ခုကို မြန်မာဘာသာသို့ ပြန်ဆိုရန် ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ဥပဒေပေါင်း ၂၆ ခုကို ဘာသာပြန်ဆို အတည်ပြုနိုင်ခဲ့ပြီး စာအုပ်အမှတ် ၈ အထိ ထုတ်ဝေနိုင်ခဲ့ကြောင်း၊ သတ္တမအကြိမ် အစည်းအဝေးက အတည်ပြုခဲ့သော ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေ (The Public Property Protection Act) နှင့် ရုံးခွန်အက်ဥပဒေ (The Court Fees Act) တို့ကို စာအုပ် အမှတ် ၈ အဖြစ် မကြာသေးမီက ပုံနှိပ်ပြီးစီးခဲ့၍ ဖြန့်ဝေနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း။

ဥပဒေဘာသာပြန်ကော်မရှင်၏ ဥပဒေဘာသာပြန်လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မတ် ၂ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၅၁/၂၀၂၁ ဖြင့် ဥပဒေဘာသာပြန်ကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ကို ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေပြီး စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ ဥပဒေဘာသာပြန်ကော်မရှင်၏ ဘာသာပြန်ဆိုခြင်းသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မူလတာဝန်ဖြစ်သော ဥပဒေများ ဘာသာပြန်ဆိုခြင်းလုပ်ငန်းနှင့် သီးခြားဖြစ်ပါကြောင်း၊ ဥပဒေဘာသာပြန်ဆိုခြင်းလုပ်ငန်းသည် အလွန်တရာ နက်နဲသိမ်မွေ့ပြီး ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ရမည့် ပညာရပ်တစ်ခုဖြစ်ပါကြောင်း၊ ယခု အစည်းအဝေးတွင် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေ (The Negotiable Instruments Act) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ (The Land Customs Act) တို့ကို ဆွေးနွေးအတည်ပြုမည်ဖြစ်ကြောင်း၊ ဘာသာပြန်ဆိုချက်မှန်ကန်စေရေး ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဥပဒေဘာသာပြန်ကော်မရှင် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များမှ အဖွဲ့ဝင်များ တက်ရောက်ကြပြီး အစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဦးနှောက်မဲ့ သစ်ခုတ်သမား

○ မတ်မတ်မြင့်တက်၊ ပင်စည်ဘက်သို့
မျက်နှာချင်းဆိုင်၊ ကိုင်းခွထိုင်၍
ခိုင်ခံ့သစ်ကိုင်း၊ ပြိုင်းရရိုင်းကို
မဆိုင်းခုတ်ဖြတ်၊ ပြတ်ဟဲ့ပြတ်....ဟု
မရပ်မနား အားသွန်နေ။ ။

○ ပင်အောက်မြေ၌၊ လက်ကိုပိုက်၍
နှစ်ခြိုက်မဆုံး၊ ကောက်ကျစ်ပြုံးနှင့်
နိဂုံးမျှော်ရည်၊ ပေါင်းကြံစည်သော
တစ်ပြည်သားတို့ ကြည့်ကောင်းနေ။ ။

ကို(စစ်တက္ကသိုလ်)

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၀**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်း၊ လယ်ဝေးမြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့ကို ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ စာသင်ခန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။



ရှင်းလင်းတင်ပြ

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်းအသီးသီးမှ ဆရာ ဆရာမများနှင့် တွေ့ဆုံစဉ် နေပြည်တော်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးသိုက်နှင့် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအပ်နှံရေး စီစဉ်ထားရှိမှု၊ ကျောင်းသားနှင့် ဆရာ ဆရာမအချိုး၊ စာသင်ခန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးစီမံထားရှိမှု၊ ကျောင်းစာကြည့်တိုက်နှင့် ကျောင်းကျန်းမာရေးဆေးခန်း၊ စာသင်ခန်းများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ စာသင်ခုံနေရာချထားမှု၊ စာသင်ချိန်များ စီစဉ်ထားမှု၊ သင်ထောက်ကူပစ္စည်းများ ဆောင်ရွက်ထားမှုအခြေအနေ၊ ကျောင်းကြို/ပို့ ယာဉ်ပြေးဆွဲပေးမည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အပူချိန်တိုင်းကိရိယာများ၊ လက်ဆေးဘေစင်နှင့် လက်ဆေးဆပ်ပြာများ၊ လက်သန့်ဆေးရည်၊ နှာခေါင်းစည်း (Mask)များ စီစဉ်ထားရှိမှု၊ သောက်သုံးရေရရှိနိုင်ရေးပြင်ဆင်ထားရှိမှု၊ သန့်စင်ခန်းများ ပြင်ဆင်ထားရှိမှု၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆရာ ဆရာမများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှုများနှင့် ကျောင်းများတွင် လိုအပ်သည့်အချက်များကို ရှင်းလင်းတင်ပြကြသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ ကျောင်းဆရာ ဆရာမများအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျောင်းသားကျောင်းသူများကို ပညာများ တတ်မြောက်ကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးစေလိုကြောင်း၊ ပိုမိုယဉ်ကျေးလိမ္မာပြီး စံပြကျောင်းသား ကျောင်းသူများဖြစ်ပေါ်စေရေးနှင့် အောင်ချက်ရာခိုင်နှုန်းမြင့်မားရေးနှင့် သင်ကြားရာတွင် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းနေအရွယ်ကလေးများကို ကျောင်းအပ်နှံနိုင်ရေး၊ ကျောင်းသား ကျောင်းသူများကို အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းများ၏လို အပ်ချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောင်းများဖွင့်လှစ်သင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ထားရှိမှုများကို အခြေခံပညာအထက်တန်းကျောင်းအသီးသီးရှိ စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေထုတ်ချေးပေး

**ပုသိမ် မေ ၂၀**

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော အနန်းကုန်းကျေးရွာအုပ်စု အနန်းကုန်းကျေးရွာနှင့် ကိုးဆူကျေးရွာအုပ်စု သဲဂရက်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးပေးမှုအား ခရိုင်ဦးစီးမှူး ဦးကျော်ကျော်အောင်၊ မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်နှင့် ဝန်ထမ်းများက ယနေ့တွင် ကိုဗစ်-၁၉ ရောဂါလမ်းညွှန်ချက်များနှင့်အညီ ချေးငွေများထုတ်ချေးပေးခဲ့သည်။

အနန်းကုန်းကျေးရွာအုပ်စု အနန်းကုန်းကျေးရွာ၌ စိုက်ပျိုးရေးချေးငွေထုတ်ချေးသူ ၃၉ ဦး ချေးငွေ ၁၆၃ ဒသမ ၅ သိန်း၊ မွေးမြူရေးချေးငွေထုတ်ချေးသူ ၅၀ ချေးငွေ ၁၄၆ ဒသမ ၅ သိန်း၊ အရောင်းအဝယ်ချေးငွေထုတ်ချေးသူ သုံးဦး ချေးငွေ ၁၃ သိန်း စုစုပေါင်း ၉၂ ဦးအား ချေးငွေကျပ် ၃၂၃ သိန်းနှင့် ကိုးဆူကျေးရွာအုပ်စု သဲဂရက်ကျေးရွာ၌ စိုက်ပျိုးရေးချေးငွေထုတ်ချေးသူ ၃၆ ဦး ချေးငွေ ၁၁၈ သိန်း၊ မွေးမြူရေးချေးငွေထုတ်ချေးသူ ၂၀ ချေးငွေ ၅၉ သိန်း၊ အရောင်းအဝယ်ချေးငွေ ထုတ်ချေးသူ ၅၅ ဦး ချေးငွေ ၁၆၆ သိန်း စုစုပေါင်း ၁၁၁ ဦးအား ချေးငွေကျပ် ၃၄၃ သိန်းအား ထုတ်ချေးပေးခဲ့သည်။

ယခုကဲ့သို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြင့် ကျေးရွာသူ ကျေးရွာသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာပြီး ဝင်ငွေများ တိုးပွားလာမည်ဖြစ်သည်။

ကြေးမုံ



# ဆေးရုံလုပ်ငန်းများ မူလအခြေအနေသို့ ရောက်ရှိစေရန်နှင့် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်သိသိ သစ္စာရှိရှိ ဆောင်ရွက်ရန်လိုအပ်



**နေပြည်တော်  မေ ၂၀**
လုပ်ငန်းလိုအပ်ချက်အရ ဗဟိုအဆင့်ဆေးရုံကြီးများ၊ ခုတင်(၂၀၀)နှင့်အထက် ပြည်သူ့ဆေးရုံကြီးများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ဆေးရုံအုပ်ကြီးများနှင့် တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးမှာကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြည်သူ့ဆေးရုံများတွင် လူနာများ တိုးတက်လက်ခံကုသမှု ဆောင်ရွက်ပေးနေသော်လည်း အင်အားပြည့်လည်ပတ်ရန် လိုအပ်နေကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် တာဝန်သိသိ သစ္စာရှိရှိ ဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း၊ ယခု ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ဆေးရုံအုပ်ကြီးများသည် အတွေ့အကြုံရှိပြီးဖြစ်သဖြင့် လူနာကုသရေးလုပ်ငန်း၊ ဆေးရုံသုံးပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဘဏ္ဍာငွေစီမံခန့်ခွဲခြင်း၊ သက်တမ်းလွန်/လေလွင့်ဆေးများ မဖြစ်စေရန် စီမံခြင်း၊ လုပ်ငန်းခွင်ကင်းကွာဝန်ထမ်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း၊ ဆေးရုံလုံခြုံရေး စသည့်ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် Professional ပီသရန်၊ ကျင့်ဝတ်များကို လိုက်နာရန်နှင့် မိမိတို့လုပ်ငန်းများ အောင်မြင်စေရန်အတွက် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံခြား ပညာတော်သင် စေလွှတ်ခြင်းခံရသည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း ပညာတော်သင်စည်းကမ်းများကို လိုက်နာရန်လိုအပ်ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းခွင်မှ ပျက်ကွက်၍ ပြန်လည်ဝင်ရောက်ထမ်းဆောင်နေသည့် ဝန်ထမ်းများက ဝန်ထမ်းငယ်များကို ခြိမ်းခြောက်ခြင်း/ လုပ်ငန်းစဉ် နှောင့်နှေးစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်းများရှိပါက စိစစ်ဖော်ထုတ်ကာ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း၊ ဆေးရုံများ လုပ်ငန်းပြန်လည်ဆောင်ရွက်နိုင်သဖြင့် လူနာများ အထူးဝမ်းသာလျက်ရှိကြောင်း၊ စိတ်ခံစားမှုဖြင့် မိမိတို့၏ကျင့်ဝတ်များကို ဖောက်ဖျက်ကာ လူနာများကို စွန့်ခွာခြင်းကြောင့် ပြည်သူများသာ ဒုက္ခခံစားနေရပါသဖြင့် ခေါင်းဆောင်မှု မှန်ကန်ကောင်းမွန်စွာဖြင့် မိမိဆေးရုံအလိုက် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို သိရှိရန်လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးလုပ်ငန်း အရှိန်အဟုန်မြှင့် ပြင်ဆင်ဆောင်ရွက်ရန်၊ ဆေးရုံသတင်းအချက်အလက်များ မှန်ကန်စွာဖြင့် အချိန်မီ တင်ပြပေးရန်၊ မိမိတို့၏ စွမ်းဆောင်ရည်အမြင့်ဆုံးဖြင့် ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆေးရုံအုပ်ကြီးများက လိုအပ်ချက်များ တင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ဆေးရုံအုပ်ကြီး ၁၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ပြည်ထောင်စုဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်



**နေပြည်တော်  မေ ၂၀**
မွန်ပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ပြည်ထောင်စုဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့ စီမံကိန်းစီမံချက်လုပ်ငန်းများ ဟန်ချက်ညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၁၆ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကောင်စီဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် ကာလတိုအတွင်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ဦးစားပေးအလိုက် လုပ်ငန်းဆိုင်ရာများ၊ အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ဈေးကွက်လိုအပ်ချက်နှင့် ထုတ်လုပ်မှု ဟန်ချက်ညီဖြစ်စေရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များ၊ နည်းပညာပေးလုပ်ငန်းများနှင့်အတူ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ဒေသဝမ်းစာဖူလုံရေး၊ ကုန်ကြမ်းထုတ်လုပ်မှုမှ တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းများပေါ်ထွန်းလာရေး အားပေးကူညီသွားရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြည်နယ်နှင့် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများကို မွန်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် တွေ့ဆုံ၍ လိုအပ်သည်များကို ကဏ္ဍအလိုက် မှာကြားသည်။

**ကြည့်ရှုအားပေး**

ဒုတိယဝန်ကြီးသည် လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးလာရေး အားပေးကူညီရန် မွန်ပြည်နယ်တွင် ရောက်ရှိနေစဉ် ပုဂ္ဂလိကမွေးမြူရေးခြံများ၊ မုဒုံမြို့နယ်ရှိ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံနှင့် ကန်ကလေးဥယျာဉ်ခြံများ၏ သုတေသနဆောင်ရွက်ချက်များနှင့် နည်းပညာပြန့်ပွားရေး ဆောင်ရွက်ချက်များ၊ မျိုးသန့်မျိုးပွားပျိုးပင်များ ဖြန့်ဖြူးပေးနေမှုများကို လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပေါင်မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်လုပ်ငန်း၊ ဝန်ဆောင်လုပ်ငန်း၊ အရစ်ကျစနစ်ဖြင့် စက်ကိရိယာပစ္စည်းများ ရောင်းချခြင်းလုပ်ငန်းများကိုလည်းကောင်း၊ မော်လမြိုင်မြို့ ရေပေးရေးလုပ်ငန်းခွင်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုအားပေးပြီး လိုအပ်ချက်များအား သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

မွန်ပြည်နယ်သည် နှစ်ရှည်ပင်များ၊ ဥယျာဉ်ခြံသီးနှံများနှင့် သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ရေမြေနှင့် အခြေခံကောင်းများရှိသည့် ဒေသတစ်ခုဖြစ်ရာ ပြည်နယ်၏ စားနပ်ရိက္ခာဖူလုံပိုလျှံရေးနှင့် စားအုန်းဆီကဲ့သို့သော ပြည်ပသွင်းကုန် လျှော့ချနိုင်ရေး၊ လယ်ယာထွက်ကုန်များ ကုန်ကြမ်းထုတ်လုပ်မှုမှ တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်မှုဖွံ့ဖြိုးလာရေးအတွက် တောင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဘဏ်များနှင့် ငွေကြေးရင်းနှီးမြှုပ်နှံသူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ဂိမှာန်နွေရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော်  မေ ၂၀**
ဂိမှာန်နွေရာသီ တေးသီချင်းများဖျော်ဖြေပွဲ၏ ပွဲစဉ်(၄)ကို မေ ၂၁ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**ဖျော်ဖြေတင်ဆက်ကြမည်**

ယင်းအစီအစဉ်ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၊ မြန်မာ့အသံဆိုင်းဝိုင်းကြီးအဖွဲ့၊ သံစုံတီးဝိုင်းအဖွဲ့တို့နှင့်အတူ နိုင်ငံကျော် အဆိုတော်များဖြစ်ကြသည့် သိန်းတန်(မြန်မာပြည်)၊ မောင်မောင်အေး(အလင်္ကာဝတ်ရည်)၊ စည်ဝတီကျော်ဝင်း၊ ကိုမြင့်အောင်၊ ဥမ္မာ၊ ခိုင်ဝါ၊ နှင်းနှင်းထူး၊ ဆွေဆွေမြင့်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မေ ၂၃ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ဆရာကြီး ပန်းချီဦးစိန်၏ ရွှေသွေးတစ်ခေတ် ကာတွန်းလက်ရာများကို မူရင်းအတိုင်းဖော်ပြပါသည်။


စာတည်း



# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၂၀**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။





| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်တင်တင်ညို | အထက်တန်းပြ၊ အထက-ခွဲ(မြို့ဟောင်း)၊ လောင်းလုံးမြို့နယ် | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဦးဇင်ဖြိုးဝေ | အထက်တန်းပြ၊ အထက(၂)၊ လက်ပံတန်းမြို့ | လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်လုထ | အထက်တန်းပြ၊ အထက(မိုင်းယန်း)၊ မိုင်းယန်းမြို့ | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၄ | ဒေါ်တင်တင်ထွေး | အလယ်တန်းပြ၊ အထက(လောင်းလုံး)၊ လောင်းလုံးမြို့နယ် | လောင်းလုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဦးတင်ထွန်းဝင်း | အထက်တန်းပြ၊ အထက(သဃ်န်းညီနောင်)၊ မြဝတီမြို့နယ် | မြဝတီမြို့နယ်၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၆ | ဒေါ်သန္တာချို | အထက်တန်းပြ၊ အထက(၃)၊ မြဝတီမြို့ | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၇ | ဒေါ်နန်းအေးမြင့် | အလယ်တန်းပြ၊ အထက(ထီသိမ်ရွေး)၊ တောင်ကြီးမြို့ | တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၈ | ဒေါ်ခင်ရွှေဦး | အလယ်တန်းပြ၊ အထက(ထီသိမ်ရွေး)၊ တောင်ကြီးမြို့ | တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၉ | ဦးသန့်ဇင်ကိုကို | အလယ်တန်းပြ၊ အထက-ခွဲ(အင်းငယ်)၊ ပင်းတယမြို့နယ် | တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၁၀ | ဒေါ်ဝသုန်ဝေ | အလယ်တန်းပြ၊ မူလွန်(ကြံ့ခိုင်ရေး)၊ သံဖြူဇရပ်မြို့ | သံဖြူဇရပ်မြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၂၀**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ဥမ္မာလင်း (အထက်တန်း သူနာပြု) | ကော့သောင်း ပြည်သူ့ဆေးရုံ | ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်ဇာဇာမြင့် (အထက်တန်း သူနာပြု) | အုတ်တွင်း ပြည်သူ့ဆေးရုံ | ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်မာမာဝင်း (အထက်တန်း သူနာပြု) | ညောင်ခါးရှည် တိုက်နယ်ဆေးရုံ | ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်မြမြအေး (အထက်တန်း သူနာပြု) | နမ့်စန် ပြည်သူ့ဆေးရုံ | မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်နော်သီသီဝင်း (အထက်တန်း သူနာပြု) | မော်လမြိုင် ပြည်သူ့ဆေးရုံ | ရေးမြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၆ | ဝေမွန်သိန်း (သူနာပြု) | ကျုံပျော် ပြည်သူ့ဆေးရုံ | ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်သီရိထွန်း (သူနာပြု) | သထုံ ပြည်သူ့ဆေးရုံ | သထုံမြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၈ | ဒေါ်အိအိသဲ (သူနာပြု) | ဂျမ်းကပ်ကျေးရွာ တိုက်နယ်ဆေးရုံ | ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်လိမ္မာငြိမ်း (သူနာပြု) | တကူတိုက်နယ် ဆေးရုံ | ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါ်ငွေးငွေးဝင်း (သူနာပြု) | မိုးညှင်းခရိုင် ဆေးရုံ | မိုးညှင်းမြို့၊ ကချင်ပြည်နယ် | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ချေမှုန်းရေးအတွက် ဖိလစ်ပိုင်နိုင်ငံအား ဂျပန်အစိုးရက ချေးငွေထောက်ပံ့မည်



**တိုကျို မေ ၂၀**

ဖိလစ်ပိုင်နိုင်ငံအား ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် အသုံးပြုရန် ချေးငွေများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ယမန်နေ့တွင် ကတိပြုပြောကြားသည်။

**ကတိပြု**

ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် ဖိလစ်ပိုင် သမ္မတ ဒူတာတေးတို့ ယမန်နေ့က တယ်လီဖုန်းနှင့် ဆက်သွယ်ဆွေးနွေးရာတွင် အထက်ပါကိစ္စနှင့်ပတ်သက်ပြီး ဝန်ကြီးချုပ် ဆူဂါက ကတိပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်အစိုးရ၏ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးတွင် အသုံးပြုရန် ဂျပန်အစိုးရက အမေရိကန်ဒေါ်လာ သန်း ၁၈၀ ကျော်ကို ချေးငွေအဖြစ် ပေးအပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆူဂါက ဆိုသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ သိုလှောင်ထားရှိရန်နှင့် တစ်နေရာမှ တစ်နေရာသို့ ပေးပို့ရာတွင် လိုအပ်သည့် ပစ္စည်းများ ဝယ်ယူရန် အမေရိကန်ဒေါ်လာ ကိုးသန်းကျော်တန်ဖိုးရှိ ဆေးဘက်ဆိုင်ရာ အထောက်အပံ့များကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသ ပေါ်ထွန်းလာရေးအတွက် အစွမ်းကုန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

❖

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နောက်ထပ်နှစ်မျိုးကို အရေးပေါ်သုံးစွဲခွင့်ပြု



**တိုကျို မေ ၂၀**

ဂျပန်ဆေးဘက်ဆိုင်ရာ ပညာရှင်များအဖွဲ့က အမေရိကန်နိုင်ငံထုတ် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဗြိတိန်နိုင်ငံထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် ယနေ့ အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးနှစ်မျိုးကို ဂျပန်ကျန်းမာရေးဝန်ကြီးဌာနကလည်း မကြာမီရက်အနည်းငယ်အတွင်း သုံးစွဲခွင့် ထပ်မံအတည်ပြုနိုင်ဖွယ်ရှိကြောင်း သိရသည်။

ဆေးဘက်ဆိုင်ရာ ပညာရှင်များသည် အဆိုပါကာကွယ်ဆေးနှစ်မျိုး၏ ရောဂါခုခံကာကွယ်နိုင်စွမ်းအပေါ် အခြားနိုင်ငံများတွင်ပြုလုပ်ခဲ့သည့် သုတေသနရလဒ်များ အပါအဝင် ပြည်တွင်း၌ ပြုလုပ်သည့် ဆေးဝါးလက်တွေ့စမ်းသပ်မှုဆိုင်ရာ ရလဒ်များအပေါ်အခြေခံပြီး အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါကာကွယ်ဆေးနှစ်မျိုးကို အသက် ၁၈ နှစ်နှင့်အထက်အရွယ် ပြည်သူများအား ထိုးနှံပေးရာတွင် အသုံးပြုဖွယ်ရှိသည်။ သို့သော် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် သွေးပျစ်ခဲသည့်ပြဿနာ အနည်းငယ်ရှိသည့်အတွက် ၎င်းကာကွယ်ဆေးထိုးနှံမည့်သူများကို အသက်အပိုင်းအခြား အနည်းငယ် ကန့်သတ်နိုင်ဖွယ်ရှိသည်။ အဆိုပါကာကွယ်ဆေးကို လူငယ်များအား ထိုးနှံပေးရာတွင် ပိုမိုထိရောက်မှုရှိသည်ဟု ဥရောပသမဂ္ဂဆေးဝါးကွပ်ကဲရေးအဖွဲ့၏ စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မေ ၂၄ ရက်မှစ၍ တိုကျိုနှင့် အိုဆာကာမြို့များရှိ ပြည်သူများအား ထိုးနှံပေးနိုင်ဖွယ်ရှိသည်။ လက်ရှိအချိန်တွင် ဂျပန်နိုင်ငံအတွင်း၌ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်မျိုးတည်းကိုသာ အသုံးပြုလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီလတွင် စတင်ခဲ့သော်လည်း လက်ရှိအချိန်အထိ ဂျပန်လူဦးရေ၏ ၅ ရာခိုင်နှုန်းထက်မပိုသော အရေအတွက်ကိုသာ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးပြီးဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်လျက်ရှိသည့်အတွက် တိုကျို၊ အိုဆာကာနှင့် ဟော့ကိုင်းဒိုးခရိုင်များအပါအဝင် ခရိုင်ကိုးခုတွင် အရေးပေါ်အခြေအနေ ကြေညာထားသည်။ ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ တင်းကျပ်သော စည်းမျဉ်းများကိုလည်း မေလကုန်ပိုင်းအထိ ချမှတ်ထားသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၇၀၀ ကျော် ထပ်မံစစ်ဆေးတွေ့ရှိပြီး ၁၀၀ ကျော် ထပ်မံသေဆုံးကြောင်း သိရသည်။ လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၉၈၂၅၄ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၉၄၀ ရှိသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ သိုလှောင်ထားရှိနိုင်မှု အချိန်ကာလကို တစ်လအထိ တိုးမြှင့်သတ်မှတ်ပေး

**ဝါရှင်တန် မေ ၂၀**

အမေရိကန် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သိုလှောင်ထားရှိနိုင်မှု အချိန်ကာလကို ယခင်က ငါးရက်သာ သတ်မှတ်ထားရာမှ ယခု တစ်လအထိ တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

အမေရိကန် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့၏ မေ ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား အပူချိန် ၂ ဒီဂရီမှ ၈ ဒီဂရီ စင်တီဂရိတ်အတွင်း ငါးရက်မှ တစ်လအထိ သိုလှောင်ထားနိုင်ကြောင်း ဖော်ပြထားသည်။




**အဆင်ပြေချောမွေ့**

Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ သိုလှောင်ထားရှိနိုင်မှု အချိန်ကာလကို ယင်းသို့ တိုးမြှင့်သတ်မှတ်ခြင်းသည် Pfizer ဆေးဝါးကုမ္ပဏီက မကြာသေးမီက ထုတ်ပြန်ခဲ့သည့် သုတေသနပြုချက်အရဖြစ်ကြောင်း အမေရိကန် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က ပြောကြားသည်။ ကာကွယ်ဆေး၏ သိုလှောင်ထားရှိနိုင်မှု အချိန်ကာလကို တိုးမြှင့်ခြင်းကြောင့် အမေရိကန်နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် မဖြစ်မနေ လုပ်ဆောင်ရသည့် ကာကွယ်ဆေး လက်ခံရရှိမှု၊ သိုလှောင်ထားရှိမှုနှင့် ထိုးနှံပေးမှု စသည့် လုပ်ငန်းစဉ်များအတွက် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း အမေရိကန် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က ဆိုသည်။

အလားတူ ဥရောပသမဂ္ဂ၏ ဆေးဝါးဆိုင်ရာအာဏာပိုင်အဖွဲ့က Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ သိုလှောင်ထားရှိနိုင်မှု အချိန်ကာလကို ငါးရက်မှ ၃၁ ရက်အထိ တိုးမြှင့် သတ်မှတ်ပေးသည့် ထုတ်ပြန်ချက်တစ်ရပ်ကို ယခုရက်သတ္တပတ်အတွင်း ထုတ်ပြန်ခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၆၅၆၆၂၀၆၈ | ဦး |
| သေဆုံးသူ | ၃၄၃၄၀၂၆ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၄၄၇၃၇၉၁၄ | ဦး |

# ဂျပန်နိုင်ငံအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပံ့ပိုးပေးရန်အသင့်ရှိဟု ရုရှားသံအမတ်ကြီး ပြောကြား

**တိုကျို မေ ၂၀**

ရုရှားနိုင်ငံသည် ၎င်းထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဂျပန်နိုင်ငံသို့တင်ပို့ပေးရန် အဆင်သင့်ဖြစ်ရုံသာမက ဂျပန်၌ ကာကွယ်ဆေးထုတ်လုပ်မှုလုပ်ငန်း စတင်ဆောင်ရွက်ရန်လည်း ကူညီထောက်ပံ့ပေးရန် အဆင်သင့်ရှိကြောင်း ဂျပန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မီခေးလ် ဂါလူဇင်က ယနေ့ပြောကြားသည်။

ရုရှားနိုင်ငံသည် ပြည်တွင်းဖြစ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဂျပန်နိုင်ငံအား ပံ့ပိုးပေးရန် အဆိုပြုထားပြီးဖြစ်သော်လည်း ဂျပန်အစိုးရ၏ တုံ့ပြန်ချက်ကို စောင့်မျှော်လျက်ရှိကြောင်း ဂါလူဇင်က ယခုနှစ်အစောပိုင်းတွင် ပြောကြားသည်။

ဂျပန်အစိုးအနေဖြင့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်မျိုးတည်းသာ အရေးပေါ်သုံးစွဲရန် အတည်ပြုထားပြီး ကျန်းမာရေးဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုကို အရှိန်မြှင့်လုပ်ဆောင်ရန် ရုန်းကန်လှုပ်ရှားနေစဉ် ယခုကဲ့သို့ ဂျပန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး၏ မှတ်ချက်များ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့်ပတ်သက်၍ ဂါလူဇင်က ရုရှားအစိုးရသည် ကာကွယ်ဆေးထုတ်လုပ်မှုနယ်ပယ်တွင် ဂျပန်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်း ပြောကြားသည်။

ယခုအခါ ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲရန် ကမ္ဘာ့နိုင်ငံ ၆၅ နိုင်ငံတွင် အတည်ပြုခဲ့ပြီး ၎င်းတို့အနက် အိန္ဒိယနိုင်ငံအပါအဝင် နိုင်ငံအများအပြားသည် ယင်းကာကွယ်ဆေးကို ၎င်းတို့၏ နိုင်ငံများတွင် ကိုယ်တိုင်ဖော်စပ် ထုတ်လုပ်လျက်ရှိကြောင်း ဂါလူဇင်က ပြောကြားသည်။

**ကိုးကား - ကျိုဒိုနယူးစ်၊ ဘာသာပြန် - ဇေ့ဂျာတိ**

# KIA အဖွဲ့ ဆွမ်ပရာဘွမ်မြို့နယ်အတွင်း ပုဂ္ဂလိကပိုင် ဆီသယ်ယာဉ်များအား အကြောင်းမဲ့တိုက်ခိုက် မီးရှို့ဖျက်ဆီး၊ တနိုင်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် မေ ၂၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ပူတာအိုမြို့ရှိ တိုင်းကျော် စက်သုံးဆီအရောင်းဆိုင်သို့ ဆီများပို့ဆောင်ရန် ထွက်ခွာလာသည့် ယာဉ်နှစ်စီးအား KIA အဖွဲ့က လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားမြို့မှ ပူတာအိုမြို့ရှိ တိုင်းကျော် စက်သုံးဆီအရောင်းဆိုင်သို့ ဆီများပို့ဆောင်ရန် ထွက်ခွာလာသည့် ဦးကျော်ဇင်ဝင်း (ဘ) ဦးသောင်းတင် မောင်းနှင်ပြီး ဦးကျော်ဇင်မြင့် (ဘ) ဦးသန်းနိုင် လိုက်ပါလာသည့် NISSAN အမျိုးအစား (ခါတ်ဆီဂါလန် ၃၀၀၀ ဆံ့) ၁၀ ဘီးယာဉ်နှင့် ဦးဇော်ဇော် (ဘ) ဦးကုလား မောင်းနှင်ပြီး ဦးမျိုးမင်းဦး (ဘ) ဦးဝင်းနိုင် လိုက်ပါလာသည့် NISSAN အမျိုးအစား (ခါတ်ဆီဂါလန် ၃၀၀၀ ဆံ့) ၁၀ ဘီးယာဉ်နှစ်စီးတို့သည် မေ ၁၉ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ဆွမ်ပရာဘွမ်မြို့နယ် ဇနန်ကျေးရွာနှင့် ဆူယန်ကျေးရွာ အကြားသို့ အရောက်၌ KIA အဖွဲ့က လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး မီးရှို့ဖျက်ဆီးခဲ့ရာ ယာဉ်များ မီးလောင်ပျက်စီးခဲ့ပြီး အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်နောက်လိုက်ဖြစ်သူ ဦးမျိုးမင်းဦးတွင် လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် ဆွမ်ပရာဘွမ်မြို့နယ်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၃ နာရီခန့်တွင် တနိုင်းမြို့နယ် ဘန်ကောက်ကျေးရွာ အနီးရှိ ယုဇနကုမ္ပဏီပိုင် ပီလောပီနံစက်ရုံအား KIA အဖွဲ့က ဘက်ဟိုးယာဉ် သုံးစီးဖြင့် လာရောက်ဖျက်ဆီးခဲ့ရာ စက်ရုံအရှေ့ဘက် အုတ်တံတိုင်းခြံစည်းရိုး ပေ ၁၅၀ ခန့်၊ မော်တော်ယာဉ်ဂိုဒေါင်နှစ်လုံး၊ စက်ယန္တရားဂိုဒေါင် တစ်လုံး၊ လူနေအဆောက်အအုံ လေးလုံး၊ ဝန်ထမ်းအိမ်ရာသုံးလုံးနှင့် ယာဉ်တစ်စီးတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လူမှုကွန်ရက် စာမျက်နှာများ၌ အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသော တရားမဝင်အဖွဲ့အစည်းများကို ထောက်ခံရေးသားလျက်ရှိသည့် အချို့မီဒီယာများတွင် မြန်မာ့တပ်မတော်၏ လေယာဉ်ဆီများ တင်ဆောင်လာသည့် ယာဉ်တန်းကို KIA အဖွဲ့က ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ဖော်ပြထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရပြီး မြေပြင်ဖြစ်စဉ်မှန်မှာ ဒေသအတွင်း လိုအပ်သည့် စက်သုံးဆီများ တင်ဆောင်လာသည့် အရပ်ဘက်ဆီတင်ယာဉ်များကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ယင်းသို့ လုပ်ဆောင်မှုများကြောင့် စက်သုံးဆီပြတ်လပ်မှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ရင်ဆိုင်ကြုံတွေ့လာရနိုင်သဖြင့် အဆိုပါလုပ်ရပ်အပေါ် ဒေသခံပြည်သူများက ရှုံ့ချစက်ဆုပ်လျက်ရှိကြောင်းနှင့် အဆိုပါနေရာများတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ အသီးသီး တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်






**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်း ရမိလျက်ရှိရာ မေ ၁၉ ရက် နံနက် ၃ နာရီ ၁၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရေအေးကွင်းရပ်ကွက်နေ ထွန်းထွန်း(၄၀)နှစ် (ဘ)ဦးကံထူးကို နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြင့် လည်းကောင်း၊ နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု အောင်မင်္ဂလာလမ်းမကြီးနှင့် သုခ(၅)လမ်းထောင့်၌ အကြမ်းဖက်သူအင်အား ခုနစ်ဦးခန့်က ဆူပူအကြမ်းဖက်ဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ သွားရောက်လူစုခွဲ ထိန်းသိမ်းခဲ့ရာ နံနက် ၅ နာရီ ၅၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး အဆိုပါဆူပူအကြမ်းဖက်ဆန္ဒပြသူများအနက် မြိတ်မြို့ ဇေယျာသီရိ(၃) ရပ်ကွက်နေ ဇင်ကိုဖြိုး (ခ) ဒီလှိုင်း (၁၅)နှစ် (ဘ)ဦးသော်ဇင်နှင့် ရာပြည့်ရပ်ကွက်နေ သန်းဌေး(ခ) လေပေါ(၁၇)နှစ်တို့ နှစ်ဦးအား ဖမ်းဆီးထိန်းသိမ်း ရမိခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၁၀ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၌)ရပ်ကွက် ခြံအမှတ်(၇)အား လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းအရ ဝင်ရောက်ရှာဖွေရာ အဆိုပါခြံအတွင်းနေထိုင်သော ဝဏ္ဏ (၃၇)နှစ် (ဘ)ဦးသောင်းရွှေပါ အမျိုးသားလေးဦးအား လက်လုပ်ဗုံးပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



(ဝဲမှယာ) တရားခံ ဝဏ္ဏ၊ ချစ်စန်းအောင်၊ အောင်သန်းထိုက်(ခ)ပန်းပု၊ ရဲလင်းထိုက်တို့အား လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။

နံနက် ၁၀ နာရီခွဲခန့်တွင် မွန်ပြည်နယ် ရေးမြို့နယ် အောင်သုခရပ်ကွက်နေ ကျော်မင်းထွန်း (ခ) ချစ်တီး(၄၃)နှစ် (ဘ)ဦးသိန်းနိုင်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ကျော်မင်းထွန်း(ခ) ချစ်တီးကို နေအိမ်တွင် အသင့်တွေ့ရှိထိန်းသိမ်းပြီး ဆက်လက်ရှာဖွေရာ ၎င်းအနီး ကြမ်းပြင်ပေါ်မှ လက်လုပ်မိုင်း ၁၁ ခု၊ ယမ်းမှုန့်ပါ ပုလင်းသုံးလုံး၊ ယမ်းမှုန့်ပါကော်ဘူး နှစ်ဘူး၊ ယမ်းမှုန့်အနည်းငယ်နှင့် ဖန်ဂေါ်လီ ၁၅ လုံးပါ ပုလင်းတစ်လုံး၊ ဖြောက်အိုး ၅၃ ခု၊ မီးကူးယမ်းကတ်တစ်ခုနှင့် လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက်နေ ဒေါ်လှ(၄၉)နှစ် (ဘ) ဦးသန်းဝင်း၏ နေအိမ်အား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နေအိမ်၌အသင့်တွေ့ရှိပြီး နေအိမ်အိပ်ခန်းအတွင်းမှ PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်သေနတ်တစ်လက်နှင့် ခါတ်ငွေ့ကာ မျက်နှာဖုံးတစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❒

# မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား အကြမ်းဖက်သူလူတစ်စု ဝင်ရောက်ဖျက်ဆီး

**နေပြည်တော် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲအား မေ ၁၉ ရက်တွင် အကြမ်းဖက်သူလူတစ်စုက ဝင်ရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၉ ရက် နံနက် ၆ နာရီတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအတွင်းရှိ ဗီရိုသော့များအား အကြမ်းဖက်သူလူတစ်စုက ဖျက်ဆီးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ သွားရောက်စစ်ဆေးရာ အဆိုပါကျောင်းဝင်းအတွင်းရှိ ကျောင်းအုပ်ကြီး ရုံးခန်းအဝင်တံခါးဂျက်အား ဖျက်ဆီး၍ ရုံးခန်းအတွင်းရှိ ဗီရိုသော့လေးလုံးအား ရိုက်ဖျက်ကာ စားပွဲပေါ်တွင် ကျောင်းသုံးမင်များ ပက်ဖျန်းထားသဖြင့် တန်ဖိုးကျပ် ၁၀၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် နိုင်ငံတော်ပိုင် အဆောက်အအုံကို ဝင်ရောက်ဖျက်ဆီးမှု ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဓနုဖြူမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ အင်္ဂပူမြို့နယ်နှင့် ဇလွန်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင်အခြေအနေများ စစ်ဆေး

၂၀၂၁ ခုနှစ်၊ မေလ ၂၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဓနုဖြူမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ အင်္ဂပူမြို့နယ်နှင့် ဇလွန်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၂၃၆၁၃၁ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၁၈၅၁၇၁ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၁၄၀၀၀ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၂၃၈၂ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၄၀၄၄၆ ဦးဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | ဖျာပုံမြို့နယ် | ၂၄၉ | ၂၁၁၆၁၉ | ၁၈၈၄၄၇ | ၄၆၅၄၄ | ၂၀၁၉ | ၂၁၄၉၄ |
| ၂ | ဘိုကလေးမြို့နယ် | ၃၆၁ | ၂၂၄၄၁၇ | ၂၁၄၇၃၇ | ၆၃၁၆၂ | ၁၈၇၀ | ၂၀၆၅၆ |
| ၃ | ဟင်္သာတမြို့နယ် | ၂၈၂ | ၂၇၂၅၀၂ | ၂၆၇၉၇၈ | ၄၀၆၇၁ | ၂၉၃၂ | ၃၂၅၉၂ |
| ၄ | ဓနုဖြူမြို့နယ် | ၁၆၄ | ၁၄၅၆၈၅ | ၁၄၁၆၅၆ | ၁၅၀၅၅ | ၁၂၂၀ | ၁၇၂၂၂ |
| ၅ | လေးမျက်နှာမြို့နယ် | ၁၈၈ | ၈၃၄၅၇ | ၇၁၉၉၆ | ၈၅၄၃ | ၈၁၀ | ၁၀၆၇၈ |
| ၆ | အင်္ဂပူမြို့နယ် | ၁၆၉ | ၁၆၄၈၅၅ | ၁၈၉၄၄၄ | ၁၉၂၁၄ | ၁၆၀၃ | ၂၀၀၆၆ |
| ၇ | ဇလွန်မြို့နယ် | ၁၆၆ | ၁၃၃၅၇၆ | ၁၁၀၉၁၃ | ၂၀၈၁၁ | ၁၉၀၈ | ၁၇၇၃၈ |
| | စုစုပေါင်း | ၁၅၇၉ | ၁၂၃၆၁၃၁ | ၁၁၈၅၁၇၁ | ၂၁၄၀၀၀ | ၁၂၃၈၂ | ၁၄၀၄၄၆ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဓနုဖြူမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ အင်္ဂပူမြို့နယ်နှင့် ဇလွန်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၁၅၇၉ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၃၈၉၇၈၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၁၁၈၅၀၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၇၇၉၃၈၊ မြေပြင်လက်ကျန် ၄၃၈၂၄၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၆၁၅၃၃ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၂၁၈၃၅ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဖျာပုံမြို့နယ် | ၂၄၉ | ၂၂၇၃၉၆ | ၁၄၉၂၃၃ | ၇၈၁၆၃ | ၇၁၈၅၆ | ၆၃၈၁ | ၇၄ |
| ၂ | ဘိုကလေးမြို့နယ် | ၃၆၁ | ၂၅၅၁၃၄ | ၁၅၆၅၃၉ | ၉၈၅၉၅ | ၉၄၀၀၂ | ၆၅၉၉ | ၂၀၀၆ |
| ၃ | ဟင်္သာတမြို့နယ် | ၂၈၂ | ၃၀၅၂၀၇ | ၂၀၁၂၉၀ | ၁၀၃၉၁၇ | ၈၇၅၇၁ | ၂၂၀၉၃ | ၅၇၄၇ |
| ၄ | ဓနုဖြူမြို့နယ် | ၁၆၄ | ၁၆၇၃၄၀ | ၁၁၁၂၁၉ | ၅၆၁၂၁ | ၅၅၉၃၅ | ၆၄၇ | ၄၆၁ |
| ၅ | လေးမျက်နှာမြို့နယ် | ၁၈၈ | ၁၀၀၂၇၃ | ၆၃၂၀၂ | ၃၇၀၇၁ | ၃၅၃၂၁ | ၄၄၅၀ | ၂၇၀၀ |
| ၆ | အင်္ဂပူမြို့နယ် | ၁၆၉ | ၁၈၄၇၆၁ | ၁၂၉၃၂၀ | ၅၅၄၄၁ | ၅၁၅၉၅ | ၅၄၅၄ | ၁၆၀၈ |
| ၇ | ဇလွန်မြို့နယ် | ၁၆၆ | ၁၄၉၆၇၇ | ၁၀၁၀၄၇ | ၄၈၆၃၀ | ၄၁၉၆၀ | ၁၅၉၀၉ | ၉၂၃၉ |
| | စုစုပေါင်း | ၁၅၇၉ | ၁၃၈၉၇၈၈ | ၉၁၁၈၅၀ | ၄၇၇၉၃၈ | ၄၃၈၂၄၀ | ၆၁၅၃၃ | ၂၁၈၃၅ |

၆။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၅၀၉၆၀ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၂၁၄၀၀၀ ဦးရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ "အခန်း(၆) မဲစာရင်းပြုစုခြင်း"ပါ ပုဒ်မ ၁၅ (ဂ) တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ"ဟု ပြဋ္ဌာန်းထားသော်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏** မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၂၃၈၂ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၁၄၀၄၄၆ ဦးတို့ ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရပါသည်။

၈။ ဖျာပုံမြို့နယ်၊ ဂျိုဝါကျောက်ရဲကျေးရွာအုပ်စုမဲရုံအမှတ်(၃)၊ ဂျိုဝါကြံခင်းကျေးရွာအုပ်စု မဲရုံအမှတ်(၂)၊ အောက်ကွင်းကျေးရွာအုပ်စုမဲရုံအမှတ်(၁)နှင့် ချောင်းတွင်းကျေးရွာအုပ်စု မဲရုံအမှတ်(၁)တို့၏ မဲရုံတွင် အသုံးပြုခဲ့သော မဲဆန္ဒရှင်စာရင်းပုံစံ(၁)စာအုပ်များ၌ လက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေရေးထိုး/ ရိုက်နှိပ်ထားခြင်းမရှိဘဲ ဆန္ဒမဲများထုတ်ပေးထားကြောင်း တွေ့ရှိရပါသည်။

၉။ ဖျာပုံမြို့နယ်၊ ကျုံကျိုက်ကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၆၂၇ ဦးရှိပြီး ကြိုတင် ဆန္ဒမဲပေးသူ မဲဆန္ဒရှင် ၁၃၇ ဦး၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုးရိုက်နှိပ်သည့်နေရာတွင်လည်းကောင်း၊ မဲရုံအမှတ်(၃)တွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၈၄၉ ဦးရှိပြီး ကြိုတင်ဆန္ဒမဲပေးသူ မဲဆန္ဒရှင် ၁၈၃ ဦး၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုးရိုက်နှိပ်သည့်နေရာတွင်လည်းကောင်း မဲဆန္ဒရှင် တစ်ဦးတည်းက လက်မှတ်တိုရေးထိုးထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

စာမျက်နှာ ၁၆ သို့ »»



ဓနုဖြူမြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



အင်္ဂပူမြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ဘိုကလေးမြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ဖျာပုံမြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

»»» **စာမျက်နှာ ၁၅ မှ**

၁၀။ ဘိုကလေးမြို့နယ်၊ ရောကျေးရွာအုပ်စု မဲရုံအမှတ်(၅)၌ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း ၂၀၀ စောင်တွင် မဲဆန္ဒနယ်နှင့်စပ်လျဉ်းသည့် အချက်အလက်များဖြည့်သွင်းခြင်းမရှိဘဲ အသုံးပြုထားကြောင်း တွေ့ရှိရပါသည်။ စိစစ်ချက်အရ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံမှူးက ဆန္ဒမဲလာရောက်ပေးသူစာရင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တစ်နာရီလျှင် ၁ ကြိမ် သတင်းပေးပို့ရကြောင်း၊ ထိုကဲ့သို့ သတင်းပေးပို့ရာတွင် ဆန္ဒမဲလာရောက်ပေးသူဦးရေ ၂၀၀ ကို ရေတွက်မှုမှားယွင်းပြီး ပို၍သတင်းပေးပို့မိခဲ့ကြောင်း၊ သို့ဖြစ်၍ သတင်းပေးပို့ခဲ့သည့် ဆန္ဒမဲလာရောက်ပေးသူဦးရေနှင့် ကိုက်ညီစေရန်အတွက် ဆန္ဒမဲလက်မှတ်စောင်ရေ ၂၀၀ ကို မဲပုံးထဲသို့ ထည့်သွင်း၍ ဆန္ဒမဲရေတွက်ချိန်တွင် ပယ်မဲအဖြစ် သတ်မှတ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ **[အချက်အလက်များ ဖြည့်သွင်းထားခြင်းမရှိသည့် လက်ခံဖြတ်ပိုင်းများ ပူးတွဲဖော်ပြထားပါသည်။]**

၁၁။ ဘိုကလေးမြို့နယ်၊ သက္ကယ်ဆိပ်ကျေးရွာအုပ်စု မဲရုံအမှတ်(၂) မဲဆန္ဒရှင်စာရင်းပုံစံ(၁) စာအုပ်တွင် မဲဆန္ဒရှင် ၅၉၃ ဦးရှိပြီး နောက်တိုးမဲဆန္ဒရှင် ၄ ဦး၊ အေးရွာကျေးရွာအုပ်စု မဲရုံ အမှတ်(၂) မဲဆန္ဒရှင်စာရင်းပုံစံ(၁) စာအုပ်တွင် မဲဆန္ဒရှင် ၄၅၁ ဦးရှိပြီး နောက်တိုးမဲဆန္ဒရှင် ၆ ဦး၊ စုစုပေါင်း မဲဆန္ဒရှင် ၁၀ ဦးတို့ကို သက်ဆိုင်ရာကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ခြင်းမရှိဘဲ လက်ရေးဖြင့်ဖြည့်သွင်း၍ အဆိုပါ မဲဆန္ဒရှင် ၁၀ ဦးအား ဆန္ဒမဲပေးခွင့်ပြုထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ **[လက်ရေးဖြင့် ဖြည့်သွင်းထားသည့် မဲစာရင်းပုံစံ(၁) ၂ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၁၂။ ဘိုကလေးမြို့နယ်၊ သစ်တိုချောင်းကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင် မဲစာရင်းအမှတ်စဉ် (၁၇၆) ဒေါ်နီုးနီုးခိုင်၏ မွေးသက္ကရာဇ်မှာ ၉-၁၁-၂၀၀၂ ဖြစ်ပြီး၊ သကံ၀ကျေးရွာအုပ်စု မဲရုံအမှတ် (၃)တွင် မဲစာရင်းအမှတ်စဉ်(၁၅၁) ဒေါ်ခိုင်မွန်၏ မွေးသက္ကရာဇ်မှာ ၂၄-၁၁-၂၀၀၂ ဖြစ်၍ ဆန္ဒမဲပေးသည့်နေ့တွင် အသက်(၁၈) နှစ်မပြည့်သေးသော်လည်း မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းထားပြီး အဆိုပါ မဲဆန္ဒရှင် ၂ ဦးအား ဆန္ဒမဲပေးခွင့်ပြုထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၃။ ဘိုကလေးမြို့နယ်၊ ဆတ်ကျွန်းကျေးရွာအုပ်စု မဲရုံအမှတ်(၈)တွင် မဲစာရင်းအမှတ်စဉ် (၄၂၂)မှ (၄၂၇)ထိ မဲဆန္ဒရှင် (၆)ဦးကို မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ်၊ အဘအမည်၊ အမိအမည် စသည့် အချက်အလက်များ ဖော်ပြခြင်းမရှိဘဲ မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းထားပြီး မဲစာရင်းအမှတ်စဉ်(၄၂၅) ဦးသိန်းတန်နှင့် မဲစာရင်းအမှတ်စဉ် (၄၂၆) ဒေါ်အေးမော်တို့(၂)ဦးတို့အား ဆန္ဒမဲပေးခွင့်ပြုထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ **[အချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် မဲစာရင်း ပုံစံ(၁) ၁ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၁၄။ ဟင်္သာတမြို့နယ်၊ အင်း၀င်းကျေးရွာအုပ်စု မဲရုံအမှတ်(၁)နှင့် ကြပ်ကလေးကျေးရွာအုပ်စု မဲရုံအမှတ်(၁) တို့၏ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အပ်နှံသည့် အိတ်ကြီးတွင် ထည့်သွင်း၍ အပ်နှံထားခြင်းမရှိဘဲ မဲလက်မှတ်များ မြေပြင်စစ်ဆေးသည့် ၂၂- ၄- ၂၀၂၁ ရက်နေ့ ၁၆:၀၀ လာရောက်အပ်နှံကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၅။ အင်္ဂပူမြို့နယ်၊ ခြောက်ရွာကျေးရွာအုပ်စု မဲရုံအမှတ်(၂)၏ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်ဆန္ဒမဲလက်မှတ်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အပ်နှံသည့် အိတ်ကြီးတွင် ထည့်သွင်း၍ အပ်နှံထားခြင်းမရှိဘဲ မဲလက်မှတ်များ မြေပြင်စစ်ဆေးသည့် ၂၃- ၄- ၂၀၂၁ ရက်နေ့ ၁၅:၀၀ နာရီအချိန်မှသာ လာရောက်အပ်နှံခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၆။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဓနုဖြူမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ အင်္ဂပူမြို့နယ်နှင့် ဇလွန်မြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၉၃၁၂၆၈ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၉၁၁၈၅၀ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၁၉၄၁၈ စောင် လျော့နည်းအသုံးပြုထားခြင်း၊

( ခ ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၆၁၅၃၃ စောင် ပျောက်ဆုံးနေခြင်း၊

( ဂ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၂၁၈၃၅ စောင် တွေ့ရှိရခြင်း၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဈ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်း/လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့်နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံခြင်း၊

( င ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

( စ ) အချို့မဲရုံများ၏ မဲဆန္ဒရှင်စာရင်း ပုံစံ(၁)စာအုပ်များတွင် မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အဘအမည်၊ အမိအမည် စသည့် အချက်အလက်များ ဖော်ပြခြင်းမရှိဘဲ ပါဝင်နေခြင်း၊ အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်းတွင် ပါဝင်နေခြင်း၊ မဲဆန္ဒရှင်များ လက်မှတ်ရေးထိုးခြင်းမရှိဘဲ မဲလက်မှတ်များ ထုတ်ပေး၍ ဆန္ဒမဲပေးခွင့်ပြုခဲ့ခြင်း၊

(ဆ) ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန်ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

( ဇ ) ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခြင်းမရှိဘဲ မဲဆန္ဒရှင်စာရင်း ပုံစံ(၁) စာအုပ်များတွင် လက်ရေးဖြင့်ရေးသွင်း၍ နောက်တိုးမဲစာရင်းအဖြစ် ဆန္ဒမဲပေးခွင့်ပြုခဲ့ခြင်း၊

( ဈ ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံ လက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(ည) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

( ဋ ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၇။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဓနုဖြူမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ အင်္ဂပူမြို့နယ်နှင့် ဇလွန်မြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိ ရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်


❖ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ "အခန်း(၆) မဲစာရင်းပြုစုခြင်း"ပါ ပုဒ်မ ၁၅(ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ"ဟု ပြဋ္ဌာန်းထားသော်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၂၃၈၂ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၁၄၀၄၄၆ ဦးတို့ရှိနေကြောင်း စိစစ်တွေ့ရှိရ**

❖ **ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၉၃၁၂၆၈ ဦးဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၉၁၁၈၅၀ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၁၉၄၁၈ စောင် လျော့နည်းအသုံးပြုထား**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ဘိုကလေးမြို့နယ် ရေကျေးရွာအုပ်စု မဲရုံအမှတ်(၅)၌ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းအလွတ်များ သုံးစွဲထားရှိမှု မှတ်တမ်းဓာတ်ပုံ



## လက်ရေးဖြင့် ဖြည့်သွင်းထားသည့် မဲစာရင်းပုံစံ(၁) နှစ်စောင်

၂၀၂၀ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
(နည်းဥပဒေ ၄)

ရောဝတီတိုင်းဒေသကြီး — လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) — မြို့နယ်အမည် -ဘိုကလေး

မဲဆန္ဒရှင်ပေါင်း (၄၅၁) ဦး - ကျား (၂၁၈) ဦး - မ (၂၃၃) ဦး — မဲရုံအမှတ် ( ၀၂ ) ( ) အေးရွာကျေးရွာအုပ်စု

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၄၅၁ | ဒေါ်အိခင် | မ | ၁၃-၀၁-၁၉၉၄ | | ဦးခင်ဝင်း | ဒေါ်လှသိန်း | ၁၅၆၊ မရ-၀၂၊ အေးရွာ ရွာမကျေးရွာ | [illegible] |
| ၄၅၂ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | | [illegible] |
| ၄၅၃ | [illegible] | မ | [illegible] | | [illegible] | [illegible] | | [illegible] |
| ၄၅၄ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | | [illegible] |
| ၄၅၅ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | | [illegible] |
| ၄၅၆ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | | [illegible] |
| ၄၅၇ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | ဒေါ်[illegible] | | [illegible] |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ — စာမျက်နှာ - 46/46 — အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀၂၀ ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
(နည်းဥပဒေ ၄)

ရောဝတီတိုင်းဒေသကြီး — လွှတ်တော်မဲဆန္ဒနယ်အမှတ်( ၁ ) — မြို့နယ်အမည် - ဘိုကလေး

မဲဆန္ဒရှင်ပေါင်း (၅၉၃) ဦး - ကျား (၂၈၀) ဦး - မ (၃၁၃) ဦး — မဲရုံအမှတ် (၂)(အ.လ.က)ခွဲ သက္ကဆိပ်ကျေးရွာအုပ်စု

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၅၉၁ | ဒေါ်နိုင်နိုင်သင်း | မ | ၂၁-၁၀-၂၀၀၂ | | ဦးတင့်လွင် | ဒေါ်သီတာမိုး | ၂၀၄၊မရ-၀၂၊ ပတတ်ကျေးရွာ၊ | |
| ၅၉၂ | ဦးလှမျိုးနိုင် | ကျား | ၂၈-၁၂-၁၉၇၉ | | ဦးတင်ဝင်း | ဒေါ်တင်အုန်း | ၂၀၅၊မရ-၀၂၊ ပတတ်ကျေးရွာ၊ | [illegible] |
| ၅၉၃ | ဒေါ်ထက်ထက်ဝင်း | မ | ၀၆-၀၇-၁၉၉၅ | | ဦးကျော်မင်းနိုင် | ဒေါ်နုတင် | ၂၀၅၊မရ-၀၂၊ ပတတ်ကျေးရွာ၊ | [illegible] |
| ၅၉၄ | [illegible] | မ | [illegible] | [illegible] | [illegible] | [illegible] | ပတက် | [illegible] |
| ၅၉၅ | [illegible] | မ | ၃၀-၆-၉၈ | - | [illegible] | [illegible] | ပတက် | [illegible] |
| ၅၉၆ | [illegible] | ကျား | [illegible] | [illegible] | [illegible] | [illegible] | ပတက် | [illegible] |
| ၅၉၇ | [illegible] | ကျား | ၃၀-၆-၂၀၀၁ | - | [illegible] | [illegible] | [illegible] | [illegible] |

ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ဥက္ကဋ္ဌ — စာမျက်နှာ - 60/60 — အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

## အချက်အလက်များပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် မဲစာရင်းပုံစံ(၁) တစ်စောင်

၂၀၂၀ခုနှစ်၊ ......................လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း
(နည်းဥပဒေ ၄)

ရောဝတီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် — လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) — မြို့နယ်အမည်-ဘိုကလေး

မဲဆန္ဒရှင်ပေါင်း (၄၆၆) ဦး - ကျား (၂၄၆) ဦး - မ (၂၂၀) ဦး — မဲရုံအမှတ် ( ၈ ) ( အမကကျောင်း ) ဆတ်ကျွန်းကျေးရွာအုပ်စု

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၄၂၁ | ဒေါ်ရီရီဝင်း | မ | ၁၃-၀၇-၁၉၈၈ | ၁၄/ဘကလ(နိုင်)၂၂၀၄၀၄ | ဦးတင်ဝင်း | ဒေါ်စန်းရီ | ၂၇၂၊ မရ-၀၈၊ တဝ်ဘောလေးကျေးရွာ | [illegible] |
| ၄၂၂ | ဦးလှထွန်း | ကျား | | | | | ၂၇၃၊ မရ-၀၈၊ တဝ်ဘောလေးကျေးရွာ | |
| ၄၂၃ | ဒေါ်နှင်းဆီ | မ | | | | | ၂၇၄၊ မရ-၀၈၊ တဝ်ဘောလေးကျေးရွာ | |
| ၄၂၄ | ဦးမြညိမ်း | ကျား | | | | | ၂၇၅၊ မရ-၀၈၊ တဝ်ဘောလေးကျေးရွာ | |
| ၄၂၅ | ဦးသိန်းတန် | ကျား | | | | | ၂၇၆၊ မရ-၀၈၊ တဝ်ဘောလေးကျေးရွာ | [illegible] |
| ၄၂၆ | ဒေါ်အေးမော် | မ | | | | | ၂၇၇၊ မရ-၀၈၊ တဝ်ဘောလေးကျေးရွာ | [illegible] |
| ၄၂၇ | ဒေါ်ရွှေစင်အေး | မ | | | | | ၂၇၈၊ မရ-၀၈၊ တဝ်ဘောလေးကျေးရွာ | |
| ၄၂၈ | ဦးချစ်ကို | ကျား | ၀၅-၀၆-၁၉၉၄ | | ဦးမျိုးညွန့် | ဒေါ်မာ | ၂၇၉၊ မရ-၀၈၊ တဝ်ဘောလေးကျေးရွာ | |
| ၄၂၉ | ဒေါ်ပပ | မ | ၀၆-၀၃-၂၀၀၀ | | ဦးနေစိုး | ဒေါ်သီတာ | ၂၈၀၊ မရ-၀၈၊ တဝ်ဘောလေးကျေးရွာ | [illegible] |
| ၄၃၀ | ဦးအုံးမြင့် | ကျား | ၁၃-၀၂-၁၉၆၇ | | ဦးလှသန်း | ဒေါ်ညို | ၂၈၁၊ မရ-၀၈၊ တဝ်ဘောလေးကျေးရွာ | |

ဥက္ကဋ္ဌရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ — စာမျက်နှာ - 43/47 — အတွင်းရေးမှူး — ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

- ❖ ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၆၁၅၃၃ စောင် ပျောက်ဆုံးနေ
- ❖ အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၂၁၈၃၅ စောင် တွေ့ရှိရ
- ❖ အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှု မရှိဘဲ မဲပေးသုံးစွဲထား
- ❖ အချို့မဲရုံများ၏ မဲဆန္ဒရှင်စာရင်း ပုံစံ(၁) စာအုပ်များတွင် မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အဘအမည်၊ အမိအမည် စသည့်အချက်အလက်များ ဖော်ပြခြင်းမရှိဘဲ ပါဝင်နေခြင်း၊ အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်းတွင် ပါဝင်နေခြင်း၊ မဲဆန္ဒရှင်များ လက်မှတ်ရေးထိုးခြင်း မရှိဘဲ မဲလက်မှတ်များထုတ်ပေး၍ ဆန္ဒမဲပေးခွင့်ပြုခဲ့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

ဆက်လက်၍ **Sankei Shinbon သတင်းဌာနမှ ဒေါက်တာဇော်သန်း**က မကြာသေးမီက စံတော်ချိန်သတင်းစာမျက်နှာဖုံးတွင် ဖော်ပြထားသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ခဲ့သော အာဆီယံခေါင်းဆောင်များအစည်းအဝေးမှ ဘုံသဘောတူညီမှုငါးချက်၏ အကျိုးဆက်အဖြစ် အာဆီယံဥက္ကဋ္ဌဘရူနိုင်းဘုရင်နှင့် အာဆီယံအတွင်းရေးမှူး မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးစဉ်နှင့်ပတ်သက်ပြီး သိလိုပါကြောင်း မေးမြန်းသည်။

**အချက်သုံးချက်အပေါ်တွင်သာ ရပ်တည်ဆောင်ရွက်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ခရီးစဉ်နှင့်ပတ်သက်၍ ယခုချိန်ထိ တရားဝင်အကြောင်းကြားခြင်းမျိုးမရှိပါကြောင်း၊ နောက်တစ်ပတ်ခန့်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အာဆီယံမှတာဝန်ရှိသူများနှင့် ဆွေးနွေးရန်ရှိပါကြောင်း၊ လာရောက်ခြင်းမဟုတ်ဘဲ ဆွေးနွေးမှုရှိသည်ဟုသာ ဆိုလိုပါကြောင်း၊ အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်အသီးသီး၏ အကြံပြုဆွေးနွေးချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ဆွေးနွေးပြီး ထုတ်ပြန်ခဲ့သည့် အချက်သုံးချက်ရှိပြီး ထိုအချက်သုံးချက်အပေါ်တွင်သာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အချက်သုံးချက်မှ ပထမအချက်အနေဖြင့် ပေးအပ်ခဲ့သည့်အကြံပြုချက်များအပေါ် အပြုသဘောဆောင်ပြီး ကောင်းမွန်သည့်အချက်များပါသည့်အတွက်ကြောင့် ကျေးဇူးတင်ပါကြောင်းနှင့် ပြည်တွင်းမှာ လက်တလောဖြစ်ပွားနေသည့် အခြေအနေများနှင့်ဆက်စပ်ပြီး အလေးပေးထည့်သွင်းစဉ်းစားသွားမည်ဟု ပြောကြားခဲ့ပါကြောင်း၊ ဒုတိယအချက်အနေဖြင့် အာဆီယံမှ အဆိုပြုသည့် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးစဉ်များကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိရေး ဦးစားပေးဆောင်ရွက်နေရခြင်းကြောင့် ပြည်တွင်းတည်ငြိမ်မှုအပေါ် မူတည်ပြီး အာဆီယံမှအဆိုပြုသည့် မြန်မာနိုင်ငံသို့လာရောက်မည့် ခရီးစဉ်များကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော်ရေးတွင် အာဆီယံမှ အပြုသဘော ပါဝင်ကူညီပံ့ပိုးလိုမှုနှင့်ပတ်သက်၍ အာဆီယံပဋိညာဉ်၊ အာဆီယံနည်းလမ်း၊ အာဆီယံစိတ်ဓာတ်များအပေါ် အခြေခံမည်ဆိုလျှင် နိုင်ငံကောင်းကျိုးအတွက် စဉ်းစားဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ပါကြောင်း၊ အာဆီယံနိုင်ငံများသည် မိမိတို့၏မိသားစု အသိုက်အဝန်းဖြစ်ပါကြောင်း၊ အဆိုပါ မိသားစုအသိုက်အဝန်းကို လေးစားတန်ဖိုးထားပါကြောင်း ဖြေကြားသည်။

**ONE NEWS သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်**က ကျောင်းဖွင့်မည့်ကိစ္စနှင့်ပတ်သက်ပြီး သိလိုပါကြောင်း၊ မိဘများအနေဖြင့် သားသမီးများကို ကျောင်းလွှတ်ရန်အတွက် စိုးရိမ်မှုများရှိနေသည်ဟု သိရပါကြောင်း၊ အကယ်၍ ကျောင်းတက်နိုင်ရန်အတွက် ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေးကို မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ကျောင်းတက်နိုင်ရန်အတွက် ကျောင်းသား ကျောင်းသူများလုံခြုံရေး



တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ဖွင့်လှစ်နေမှုကို တွေ့ရစဉ်။

သာမက ကျောင်းပတ်ဝန်းကျင်လုံခြုံရေး ဆရာ ဆရာမများ လုံခြုံရေး၊ ကျောင်းလိုက်ပို့မည့် ကျောင်းသားမိဘများ လုံခြုံရေးရှိမည်ဖြစ်ကြောင်းနှင့် စီမံဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ စီမံဆောင်ရွက်ချက် အသေးစိတ်ကိုမပြောလိုသော်လည်း သိရှိနိုင်သည့် အခြေအနေတစ်ရပ်အထိ ပြောလိုပါကြောင်း။

**လုံခြုံရေးများ စီမံဆောင်ရွက်**

ပထမအချက်အနေဖြင့် ကျောင်းတွင်းလုံခြုံရေး၊ ဒုတိယအချက်အနေဖြင့် ကျောင်းပတ်ဝန်းကျင် လုံခြုံရေးနှင့် တတိယအချက်အနေဖြင့် ကျောင်းလာမည့်လမ်း၊ အဓိကကျသည့်နေရာများတွင် လုံခြုံရေးများ စီမံဆောင်ရွက်ထားပါကြောင်း၊ ထိုသို့ စီမံဆောင်ရွက်မှု သုံးခုတွင် အဓိကပင်မအဖွဲ့ဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လုံခြုံရေးအဖွဲ့ကို ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုထဲမှ ကျောင်းသား ကျောင်းသူများလုံခြုံရေး၊ မိဘပြည်သူများ လုံခြုံရေး၊ ကျောင်းများလုံခြုံရေးကို စိတ်ပါဝင်စားသည့် ပြည်သူလူထုလုံခြုံရေးအဖွဲ့များကိုလည်း ဆက်သွယ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

အထူးသဖြင့် ရပ်ရွာအခြေပြုသည့် လုံခြုံရေးအဖွဲ့များရှိပြီး ပြည်သူလူထုအပြင် အခြားအသင်းအဖွဲ့များရှိပါကြောင်း၊ ထိုအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းဆရာ ဆရာမများ၏ လုံခြုံရေး၊ ကျောင်းလုံခြုံရေးများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဆောင်ရွက်ရာတွင်လည်း အားလုံးနှင့်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင် မိဘပြည်သူများအနေဖြင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပြီး ကလေးများ၏အနာဂတ်၊ တိုင်းပြည်၏ အနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်သွားကြပါဟု ပြောလိုပါကြောင်း၊ မိမိအာမခံသည့် တစ်ခုအနေဖြင့် စနစ်တကျ စီစဉ်ဆောင်ရွက်နေပါကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်သောကိစ္စများဖြစ်သည့်အတွက် အသေးစိတ်မပြောခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

**ONE NEWS သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်**က အောင်ဘာလေထီလုပ်ငန်းများ အရောင်းကျဆင်းနေခြင်းများ တွေ့ရပါကြောင်း၊ ထီလုပ်ငန်းနယ်ပယ်နှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ် မည်သို့ရှိသလဲ၊ လက်ရှိတွင် ထီပေါက်နေသူများကို Cheque ဖြင့်ပေးနေသလား၊ ငွေသားဖြင့်ပေးနေသလား။ နောက်ဆုံးအခြေအနေများ သိလိုပါကြောင်း မေးမြန်းသည်။

**ထီထိုးသူ ရှိလာလျှင် ပြန်လည်လည်ပတ်သွားနိုင်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ထီလုပ်ငန်းနှင့်ပတ်သက်ပြီး ရွှေ့ဆိုင်းရခြင်းများရှိပါကြောင်း၊ ထီလုပ်ငန်းသည် ထီထိုးသည့်သူများထံမှ ရရှိလာသည့်ငွေအပေါ်မူတည်ပြီး ပြန်ထုတ်ပေးရသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တစ်ခုသာရှိကြောင်း၊ အခြားနိုင်ငံများတွင် ပုဂ္ဂလိကများအားပေးထားသည့် ထီလုပ်ငန်းများရှိပါကြောင်း၊ ကုမ္ပဏီများကလုပ်နေသည့် တရားဝင်ငွေရေးကြေးရေးနှင့် ပတ်သက်သည့်လုပ်ငန်းများရှိပါကြောင်း၊ ထီလုပ်ငန်းဆောင်ရွက်ရာတွင် ထီပေါက်သူများနှင့်ပတ်သက်ပြီး ပြည်တွင်းအခွန်ဦးစီးဌာနနှင့် ဘဏ္ဍာတို့မှ သွားပြီး ရန်ကုန်တွင် ထုတ်ရခြင်းများရှိကြောင်း၊ အခြားနယ်များတွင်လည်း ထုတ်ရခြင်းများရှိပါကြောင်း၊ အသေးစိတ်မသိပါကြောင်း၊ ၎င်းဌာနများမှ Cheque လက်မှတ်သာပေးလိုက်ခြင်းဖြစ်၍ ဘဏ်များတွင် သွားထုတ်ရသည်ဟု သိရကြောင်း၊ မေးခွန်းကို မိမိသဘောပေါက်သည်မှာ ထီလုပ်ငန်းများနှင့်ပတ်သက်ပြီး ရပ်ဆိုင်းနေသည့်ကိစ္စဖြစ်ပါကြောင်း၊ ထီထိုးသူမရှိ၍ ရပ်ဆိုင်းနေခြင်းဖြစ်ပါကြောင်း၊ ထီထိုးသူရှိလာလျှင် ပြန်လည် လည်ပတ်သွားနိုင်သည့် အနေအထားမျိုးရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က NLD အစိုးရလက်ထက်မှာ အစိုးရကိုဝေဖန်ပြောဆိုမှုများနှင့်ပတ်သက်၍ ဦးလှဆွေနှင့် ဦးဌေးအောင်တို့ကို ပုဒ်မ ၅၀၅၊ ပုဒ်မ ၁၂၄(ခ)တို့ဖြင့် တရားစွဲဆိုခဲ့ကြောင်း၊ နစကအစိုးရတက်လာပြီးနောက်ပိုင်း ဒီလူများကို အာမခံပေးလိုက်သည်ကိုတွေ့ရကြောင်း၊ ထိုသို့ တရားစွဲဆိုခံရသည့်အထဲတွင် အမျိုးသားရေး ဆရာတော်တစ်ပါးဖြစ်သည့် ဦးဝီရသူလည်း အပါအဝင်ဖြစ်ကြောင်း၊ ဒါပေမယ့် ဆရာတော် ဦးဝီရသူကို အာမခံမပေးသေးတာဘာကြောင့်လဲသိချင်ကြောင်း၊ ဆရာတော်ကို ဘယ်နေရာမှာရှိလဲဆိုသည်ကို သို့လော၊ သို့လော ပြောနေသည်များလည်းရှိကြောင်း၊ ထို့ကြောင့် ဆရာတော်ကိုဘယ်နေရာမှာ ထားတယ်ဆိုသည်ကိုပါ ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦး**က ဒီကိစ္စနှင့်ပတ်သက်၍ အာမခံပေးခြင်း၊ မပေးခြင်းဆိုတာသည် သက်ဆိုင်ရာတရားရုံးမှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆရာတော်ကို ဘယ်မှာထားလဲဆိုတာသည် တရားရုံးမှ တရားရုံး၏ချုပ်မိန့်နှင့်ဆိုလျှင် အကျဉ်းထောင်မှာပဲရှိမည်ဖြစ်ကြောင်း၊ မိမိသိသလောက် အခြားနေရာသို့ ရွှေ့ပြောင်းထားခြင်းများမရှိကြောင်း ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က ကျောင်းလုံခြုံရေးအတွက် အစိုးရအပိုင်းမှ စနစ်တကျစီစဉ်ထားသည်များကိုလည်း ကြားသိခဲ့ပြီးဖြစ်ကြောင်း၊ အချို့သော ပြည်သူများသည်လည်း ကျောင်းလုံခြုံရေးမှာ ပြည်သူများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်လိုသည်များရှိကြောင်း၊ဤသို့ကူညီမှုများကို တရားဝင်ခွင့်ပြုပေးနိုင်မည့် အစီအစဉ်များရှိလားသိချင်ကြောင်း၊ ပြည်သူ့စစ်အဖွဲ့များ ပြန်လည်ဖွဲ့စည်းမည်ဆိုခြင်းသည် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေးနှင့်သက်ဆိုင်သလား သိချင်ကြောင်း မေးမြန်းသည်။

**ကောလာဟလသာဖြစ်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ကျောင်းလုံခြုံရေးအဖွဲ့များမှာ လုံခြုံရေးကို စိတ်ပါဝင်စားသည့် ပူးပေါင်းဆောင်ရွက်လိုသည့် ပြည်သူများပူးပေါင်းခွင့်ရှိကြောင်း၊ ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းမည်ဆိုသည်မှာ မဟုတ်ပါကြောင်း၊ ကောလာဟလသာဖြစ်ကြောင်း၊ ပြည်သူ့စစ်အဖွဲ့များနှင့်ပတ်သက်၍ ဖွဲ့စည်းခြင်း ဆောင်ရွက်ခြင်းဆိုတာသည် တပ်မတော်တွင် စည်းမျဉ်း၊ စည်းကမ်းများ ရှိပြီးသားဖြစ်ကြောင်း၊ ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များ ညွှန်ကြားရေးမှူးရုံးက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်ဖွဲ့စည်းရာတွင် နိုင်ငံတော်၏ ကာကွယ်ရေးမဟာဗျူဟာသည် ပြည်သူ့စစ်မဟာဗျူဟာဖြစ်ကြောင်း၊ ပြည်သူ့စစ်များဖွဲ့စည်းခြင်းမှာ လုံခြုံရေးအရ လိုအပ်သည့်နေရာများတွင်သာ ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းမည်ဆိုလျှင် စည်းမျဉ်း၊ စည်းကမ်းများအရ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များတွင် ဖွဲ့စည်းရန်အတွက် လျှောက်ထားရသည်များ၊ သင်တန်းပေးခြင်းများနှင့် အရန်များရှိကြောင်း၊ မြန်မာနိုင်ငံမှာ ပြည်သူ့စစ်ဖွဲ့စည်းပြီးသည့် နေရာများလည်းရှိကြောင်း၊ ဖွဲ့စည်းသည့်နေရာများသည် လုံခြုံရေးအရ အမှန်တကယ်လိုအပ်သည့် နေရာများတွင်သာ ဖွဲ့ထားခြင်းဖြစ်ကြောင်း၊ ကျောင်းများနှင့် ရပ်ကွက်လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသည့် သူများအနေဖြင့် သီးသန့်လုံခြုံရေးအစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ ဖိတ်လည်းဖိတ်ခေါ်ပါကြောင်း ဖြေကြားသည်။

စာမျက်နှာ ၁၉ သို့ ✻

❋ စာမျက်နှာ ၁၈ မှ

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က ယခင်အစိုးရလက်ထက် ရန်ကုန်တိုင်းအတွင်းမှာရှိသည့် မြေသိမ်းကိစ္စများကို တစ်ဧက သိန်း ၁၀၀ နှုန်းဖြင့် ပေးလျော်ခြင်းများရှိခဲ့ကြောင်း၊ ယခုလို တပ်မတော်မှ နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်သည့်အချိန်မှာ ဒီနစ်နာသူများကိုပေးချေသည့်ကိစ္စသည် မပြီးပြတ်သေးကြောင်း၊ ဒီကိစ္စကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် ဘယ်လိုဆက်လက်ဆောင်ရွက်ရန်ရှိသလဲ၊ ဘယ်လိုညွှန်ကြားချက်များရှိထားလဲ သိချင်ကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မြေပေးလျော်ရေးကိစ္စနှင့်ပတ်သက်၍ မိမိတို့ အသုံးပြုနေသည့် ဥပဒေသည် ယခင်ကဥပဒေပင်ဖြစ်ကြောင်း၊ သို့သော် ယခုခေတ်မှာ ပေါက်နေသည့် မြေဈေးနှင့် ယခင်အသုံးပြုခဲ့သည့် ဥပဒေသည် ကိုက်ညီမှုမရှိနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် ဥပဒေကို လက်ရှိကိစ္စနှင့် ကိုက်ညီအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် လက်တွေ့ ဒီကိစ္စများကို မပြုပြင်သေးခင်မှာ လက်တွေ့လုပ်ဆောင်နေသည့် လုပ်ငန်းသည် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် မြေလျော်ကြေးနှင့် ပတ်သက်၍ ပိုင်ရှင်လည်းတကယ်ရှိပြီး အမည်လည်းပေါက်သည့် မြေကွက်များကို လက်တွေ့မြေပြင်မှာ ပေါက်နေသည့် သင့်လျော်သည့် ငွေကြေးနှင့် ပေးလျော်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး** က ပြည်တွင်း၊ ပြည်ပ ချေးငွေကုမ္ပဏီများမှ ငွေကြေးများ ထုတ်ချေးပေးထားသည်များရှိကြောင်း၊ ယခုကာလတွင် ချေးယူသုံးစွဲထားသည့် လူများသည် လုပ်ငန်းများမှာလည်း ငွေကြေးမလည်ပတ်နိုင်၊ ငွေကြေးပြန်လည်စီးဆင်းရန်အတွက်လည်း အခက်အခဲဖြစ်ကြသည့်အတွက် ပြန်လည်ပေးဆပ်ရန် အခက်အခဲများဖြစ်နေကြောင်း၊ ၎င်းကိစ္စများကို ချေးငွေကုမ္ပဏီများနှင့် ညှိနှိုင်းပြီး အချိန်ကာလတစ်ခုအထိ ရွှေ့ဆိုင်းပေးရန် အစီအစဉ်ရှိ၊ မရှိ သိချင်ကြောင်း မေးမြန်းသည်။

**ဆိုင်းငံ့ထားသည်များရှိ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မိမိသိရသလောက်သည် ပေးထားသည့်ချေးငွေများနှင့်ပတ်သက်၍ ဝန်ထမ်းချေးငွေများဆိုလျှင်လည်း ဆိုင်းငံ့ထားသည်များရှိကြောင်း၊ ကုမ္ပဏီများနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကာလမှာ ချေးထားသည့် ငွေများလည်း ရှိကြောင်း၊ ဒီငွေများနှင့်ပတ်သက်၍ ဆိုင်းငံ့ပေးထားသည်များ၊ ရာခိုင်နှုန်းလျှော့ပေးထားသည်များလည်းရှိသည်ဟုသိရကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများလည်းပါကြောင်း၊ ၎င်းတို့ကို ဘယ်လောက်ရာခိုင်နှုန်းလျှော့ပေးထားပြီး ဘယ်လောက်ကာလ



စာသင်ကျောင်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဖွင့်လှစ်ထားရှိမှု မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

အထိ ဆိုင်းငံ့ပေးထားသည်ဆိုတာကို အသေးစိတ်ပြန်ကြည့်ပြီး ဖြေကြားပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**Naypyitaw Time သတင်းဌာနမှ တိုင်းတာဝန်ခံ အယ်ဒီတာ ဦးမင်းမောင်**က CDM လုပ်ပြီး လုပ်ငန်းများကို ပြန်လည်ဝင်ရောက်လာသည့်အရာရှိများသည် ၎င်းတို့၏ အောက်လက်ငယ်သားများကို နည်းမျိုးစုံဖြင့် ပညာပေးနှိပ်ကွပ်နေသည်ကို သတင်းအချက်အလက်များဖြင့် မြေပြင်အချက်အလက်များအရ သိရှိရကြောင်း၊ ထိုကိစ္စများကို ဝန်ကြီးတို့အနေဖြင့် မည်သို့အရေးယူဆောင်ရွက်ရန် စီစဉ်ထားခြင်း ရှိ၊ မရှိ သိချင်ကြောင်း မေးမြန်းသည်။

**တရားဝင်တိုင်ကြားထားခြင်းနည်းပါး**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းကိစ္စများနှင့်ပတ်သက်၍ တိုင်ကြားမှုများလည်းရှိပါကြောင်း၊ တရားဝင်တိုင်ကြားထားခြင်းနည်းပါးကြောင်း၊ များသောအားဖြင့် လူမှုကွန်ရက်စာမျက်နှာများတွင် မြင်နေရသည်များလည်းရှိကြောင်း၊ CDM လုပ်သည့်သူများပြန်ဝင်လာပြီး ဝန်ထမ်းများကို နှိပ်စက်သည်ဆိုသည့် အကြောင်းအရာမျိုးများ တွေ့ရကြောင်း၊ တရားဝင်တိုင်ကြားထားသည့် အကြောင်းအရာအချို့ကိုလည်း သိရကြောင်း၊ တရားဝင်တိုင်ကြားထားသည်များနှင့်ပတ်သက်၍ စုံစမ်းလျက်ရှိကြောင်း၊ သင့်တော်သည့်အရေးယူမှုများလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် တွေ့ရသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ တရားဝင်တိုင်ကြားရန်လိုကြောင်း၊ ဝန်ကြီးဌာနမှ ယခုလို တရားဝင်တိုင်ကြားလျှင် မိမိကိုပဲပြန်အရေးယူမှာဆိုသည့် စောဒက တက်သည်များလည်းရှိကြောင်း၊ တရားဝင်တိုင်ကြားသည်ဆိုသည်မှာ CDM နှင့်ပတ်သက်၍ တိုင်ကြားပါဆိုသည့်ဌာနများတွင် တိုင်ကြားနိုင်ကြောင်း၊ သက်ဆိုင်ရာကို တိုက်ရိုက်လိပ်မူ၍လည်း တိုင်ကြားနိုင်ပါကြောင်း၊ ကောလာဟလ အချက်အလက်အခြေခံလောက်နှင့် ဝန်ထမ်းတိုင်းကို အရေးယူလို့မရကြောင်း၊ ၎င်းတို့၏ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအရသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**စက်သုံးဆီဈေးနှုန်း မြင့်တက်ခြင်းများရှိပြီး ၎င်းနှင့်ပတ်သက်၍ စက်သုံးဆီများကို အရင်းအမြစ်ကနေ ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အနေဖြင့်လည်း သံလျင်ရေနံချက်စက်ရုံကို သွားရောက်၍ လုပ်ငန်းလည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း၊ ယင်းအခြေခံ အရင်းအမြစ်များမှ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံစားကုန်များနှင့်ပတ်သက်ပြီး မိမိတို့ဆောင်ရွက်နေသည်မှာ အခြေခံစားကုန်များကို ပြည်သူ့လက်ဝယ် တိုက်ရိုက်ရောက်ရှိနိုင်စေရန် စီမံဆောင်ရွက်။**

**Naypyitaw Time သတင်းဌာနမှ တိုင်းတာဝန်ခံ အယ်ဒီတာ ဦးမင်းမောင်**က မြန်မာနိုင်ငံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ စတင်တက်သည့်လ ၁၅ ရက်နေ့မှစ၍ ကုန်ဈေးနှုန်းများ ၃၀ ရာခိုင်နှုန်းတက်လာကြောင်း၊ ဒုတိယလတွင် ၅၀ ရာခိုင်နှုန်းတက်လာသည်ကို ထပ်မံတွေ့ရှိရကြောင်း၊ ယခုတတိယလတွင် ၇၀ ရာခိုင်နှုန်းအထိ အခြေခံလူသုံးကုန်ပစ္စည်းနှင့် စားသုံးကုန်ပစ္စည်းများ၊ လောင်စာဆီများ စသဖြင့် ၇၀ ရာခိုင်နှုန်းအထိ တက်လာသည်ကို မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရသိရှိရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘယ်လိုထိန်းချုပ်ကူညီပေးနိုင်မလဲ သိလိုကြောင်း မေးမြန်းသည်။

**တိုးတက်မှုရှိအောင် ဆောင်ရွက်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် စီးပွားရေးလုပ်ငန်းများနှင့် အခြေခံစားသောက်ကုန်လုပ်ငန်းများနှင့်ပတ်သက်ပြီး တိုးတက်မှုရှိအောင် ဆောင်ရွက်နေခြင်းကို ပြောကြားကြောင်း၊ ဆောင်ရွက်နေသည့်နေရာမှာ အဓိကအနေဖြင့် ယခင်အပတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် SME လုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ရန် အစီအစဉ်များ ပြောကြားခဲ့ကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံသည် စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က သယ်ယူပို့ဆောင်ရေး အခက်အခဲရှိခဲ့ပြီး သယ်ယူပို့ဆောင်ရေး အခက်အခဲနှင့်အညီ ကုန်စည်ပို့ဆောင်ရေး အခက်အခဲများဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် ကုန်စည်များဈေးတက်သွားခြင်းများရှိခဲ့ကြောင်း၊ ယခုနောက်ပိုင်းထိလည်း သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်ပြီး အပြည့်အဝ လည်ပတ်နိုင်ပြီလားဆိုလျှင် အပြည့်အဝမလည်ပတ်နိုင်သေးကြောင်း၊ ဥပမာ ရထားလိုင်းများနှင့်ပတ်သက်၍ အပြည့်အဝမလည်ပတ်နိုင်သေးကြောင်း၊ ရထားလိုင်းများနှင့်ပတ်သက်ပြီး အချို့လူစီးရထားများသာ ထွက်နိုင်ပြီး ကုန်တင်ရထားများအနေဖြင့် လည်ပတ်နိုင်ရန် လိုသေးကြောင်း။

စက်သုံးဆီဈေးနှုန်း မြင့်တက်ခြင်းများရှိပြီး ၎င်းနှင့်ပတ်သက်၍ စက်သုံးဆီများကို အရင်းအမြစ်ကနေ ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့်လည်း သံလျင်ရေနံချက်စက်ရုံကို သွားရောက်၍ လုပ်ငန်းလည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း၊ ယင်းအခြေခံ အရင်းအမြစ်များမှ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံစားကုန်များနှင့်ပတ်သက်ပြီး မိမိတို့ဆောင်ရွက်နေသည်မှာ အခြေခံစားကုန်များကို ပြည်သူ့လက်ဝယ် တိုက်ရိုက်ရောက်ရှိနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုအရာများကို ပြောနေကြသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင်တက်တယ်လို့ပြောနေကြပြီး ထိုအရာများမှာ ကိုဗစ်ကာလကတည်းကပင် ကုန်ဈေးနှုန်းများတက်လာသည်ကို မြင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လက်တွေ့လုပ်ခဲ့သည့်သူမျိုးဖြစ်သည့်အတွက်ကြောင့် ပြောနိုင်ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကာလတွင် ကုန်ဈေးနှုန်းဘယ်လောက်ကမောက်ကမဖြစ်ကြောင်းကို သတင်းထောက်များလည်း လက်တွေ့သိလိမ့်မည်ဖြစ်ကြောင်း၊ ဘာကြောင့် ပြောနိုင်လဲဆိုသည်မှာ တပ်မတော်အနေဖြင့် ကိုဗစ်-၁၉ ကာလတွင် ပို့ဆောင်ဆက်သွယ်ရေးများ ရပ်နေသည့်အတွက် ကလေး၊ အောင်ပန်းဒေသများတွင် တောင်သူများရောင်းရန်ပုံနေသည့် သီးနှံများကို သွားဝယ်ပြီး အောက်ကို ပြန်၍ဖြန့်ပေးရကြောင်း၊ မိမိတို့အနေဖြင့် လက်တွေ့ကူညီပေးခဲ့သည့် လုပ်ငန်းများဖြစ်ခြင်းကြောင့် ပြောခြင်းဖြစ်ကြောင်း၊ လက်တွေ့မဟုတ်ဘဲနှင့် ပြောခြင်းမဟုတ်ကြောင်း။

**အခြေခံကျကျ ကူညီနိုင်ရေး ဆောင်ရွက်**

ထိုအရာများသည့် ယင်းကာလကတည်းက အဆက်အစပ်ဖြစ်လာခဲ့သည့် အရာများဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင်မှ ကုန်စည်များ ကမောက်ကမဖြစ်သွားသည်ဆိုသည့် သုံးသပ်ချက်မှာ မမှန်ဘူးဟုပြောကြားလိုကြောင်း၊ လုံးလုံးမမှန်ပါဟု ပြောခြင်းမဟုတ်ကြောင်း၊ ယင်းစွပ်စွဲချက်မှာ လုံးလုံးမဟုတ်ဘူးဟုပြောလိုကြောင်း၊ အစကတည်းကဖြစ်ပေါ်ခဲ့သည့် အခြေအနေဖြစ်ပြီး တစ်ကမ္ဘာလုံးတွင်လည်း ကိုဗစ်-၁၉ ကြောင့် ကုန်စည်စီးဆင်းမှုရပ်တန့်နေခြင်း၊ ကုန်ဈေးနှုန်းနှင့်ပတ်သက်၍ ရပ်တန့်နေခြင်းများရှိကြောင်း၊ ဥပမာဆိုလျှင် မူဆယ်ဂိတ်တွင် ကုန်စည်များ ရပ်တန့်နေခြင်း၊ ပို့ကုန်များ ရပ်တန့်နေခြင်းများရှိကြောင်း၊ ထိုအရာသည် မည်သည့် အစိုးရတက်တက် ရပ်တန့်သည့်အရာဖြစ်ကြောင်း၊ ဘာကြောင့်ရပ်တန့်ရလဲဆိုလျှင် တစ်ဖက်တွင်ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ကားများပို့သည့်အခါတွင် ယခင်ကထက်ပို၍ ကန့်သတ်ခြင်း၊ ယခင်ကထက်ပို၍စစ်ဆေးခြင်း၊ ယင်း ပြုပြင်ပြောင်းလဲမှုများကြောင့်ဖြစ်ကြောင်း၊ ယင်းအရာများအားလုံးကို ပြည်သူလူထုကို ပြောကြားလိုသည်မှာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု အဓိကအားကိုးရမည့် အခြေခံစားကုန်များနှင့်ပတ်သက်ပြီး ပိုမိုထုတ်လုပ်နိုင်ရေး၊ ပိုမိုတိုးချဲ့နိုင်ရေး၊ အခြေခံကျကျ ကူညီနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အခြေခံစားကုန်များဖြစ်သည့် ကုန်ဈေးနှုန်းများနှင့်ပတ်သက်ပြီး ထိန်းချုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

**Naypyitaw Time သတင်းဌာနမှ တိုင်းတာဝန်ခံ အယ်ဒီတာ ဦးမင်းမောင်**က မိမိတို့လက်ရှိမြန်မာနိုင်ငံအတွင်းရှိနေသည့် ထုတ်ကုန်ပစ္စည်းများမှာ နိုင်ငံတကာကို ပို့ရန်အတွက် export, import အခက်အခဲများရှိပြီး တောင်သူများစိုက်ပျိုးထားသည့်စရိတ်ပင်ပြန်မရဘဲ အရှုံးများပေါ်နေသည်ကို မြေပြင်အခြေအနေအရ တွေ့ရှိရကြောင်း၊ ထိုအရာနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့သောပံ့ပိုးမှုများ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

စာမျက်နှာ ၂၀ သို့ ❋

# မေ ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၄ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၉-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၅-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၀၈၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း(၂,၆၀၇,၄၅၈)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၁၈၃) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၁၄၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင်ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၀-၅-၂၀၂၁) ရက်နေ့၊ ည (၈: ၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၈၁) ခု | (၁၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၃၃) ခု | (၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၃) ခု | (၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၁၀) ခု | (၂) ဦး |
| **စုစုပေါင်း** | **(၁,၀၈၄) ခု** | **(၂၄) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၈၀၂၅၄၃ | ၂၇၂၉၉၁၈၀ | ၆၀၁၉၅၈ |
| ၂။ | အိန္ဒိယ | ၂၅၇၇၂၄၄၀ | ၂၂၃၅၅၄၄၀ | ၂၈၇၁၅၆ |
| ၃။ | ဘရာဇီး | ၁၅၈၁၅၁၉၁ | ၁၄၃၃၀၁၁၈ | ၄၄၁၈၆၄ |
| ၄။ | ပြင်သစ် | ၅၉၁၇၃၉၇ | ၅၁၈၈၆၄၁ | ၁၀၈၁၈၁ |
| ၅။ | တူရကီ | ၅၁၅၁၀၃၈ | ၄၉၈၀၅၁၆ | ၄၅၄၁၉ |
| ၆။ | ရုရှား | ၄၉၇၄၉၀၈ | ၄၅၉၁၇၇၀ | ၁၁၇၃၆၁ |
| ၇။ | ဗြိတိန် | ၄၄၅၂၅၂၇ | ၄၂၈၄၀၁၅ | ၁၂၇၆၉၄ |
| ၈။ | အီတလီ | ၄၁၇၂၅၂၅ | ၃၇၄၁၁၄၉ | ၁၂၄၆၄၆ |
| ၉။ | ဂျာမနီ | ၃၆၂၇၇၇၇ | ၃၃၅၈၀၀၀ | ၈၇၄၀၅ |
| ၁၀။ | စပိန် | ၃၆၂၅၉၂၈ | ၃၃၄၂၀၂၄ | ၇၉၅၆၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၇၅၈၈၉၈ | ၁၆၂၁၅၇၂ | ၄၈၈၈၇ |
| ၂။ | ဖိလစ်ပိုင် | ၁၁၆၅၁၅၅ | ၁၀၉၃၆၀၂ | ၁၉၆၄၁ |
| ၃။ | မလေးရှား | ၄၉၂၃၀၂ | ၄၄၀၀၃၂ | ၂၀၉၉ |
| ၄။ | မြန်မာ | ၁၄၃၁၈၃ | ၁၃၂၁၄၈ | ၃၂၁၆ |
| ၅။ | ထိုင်း | ၁၁၉၅၈၅ | ၇၆၆၃၆ | ၇၀၃ |
| ၆။ | စင်္ကာပူ | ၆၁၇၃၀ | ၆၁၁၈၃ | ၃၁ |
| ၇။ | ကမ္ဘောဒီးယား | ၂၃၆၉၇ | ၁၅၇၀၀ | ၁၆၄ |
| ၈။ | ဗီယက်နမ် | ၄၈၀၉ | ၂၆၈၇ | ၃၉ |
| ၉။ | လာအို | ၁၇၃၇ | ၇၀၈ | ၂ |
| ၁၀။ | ဘရူနိုင်း | ၂၃၅ | ၂၂၂ | ၃ |

❊ စာမျက်နှာ ၁၉ မှ

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလအထိ ယာယီစာရင်းများအရ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁၃၆ သန်း၊ သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၆၃ သန်း၊ ကုန်သွယ်မှုပမာဏ ၆၀၉၉ သန်း ရှိသည်ကို စာရင်းဇယားအရသိရကြောင်း၊ တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးများအနေဖြင့် တရုတ်ဘက်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၆၃၇ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၂၃၂ သန်းဖြစ်ပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၆၉ သန်းဖြစ်ကြောင်း၊ ထိုအရာများသည် စာရင်းဇယားအရ တွေ့ရခြင်းဖြစ်ပြီး ယခင်ပြောထားသည်မှာ လက်တွေ့မြေပြင်ဖြစ်ပေါ်နေသည့်အခက်အခဲများ တွေ့ရကြောင်း၊ ဈေးကောင်းမရခြင်းများ၊ ပို့၍မရခြင်းများနှင့်ပတ်သက်၍လည်း ရေးသားနေကြောင်း၊ ဥပမာအားဖြင့် ဖရဲသီးကိစ္စဖြစ်ပြီး ထိုအရာမှာ ယင်းအစီရင်ခံစာအရ တွေ့ရခြင်းဖြစ်ကြောင်း၊ ယင်းတစ်ခုကို နှိုင်းပြမည်ဖြစ်ပြီး ဖရဲသီးကိစ္စ တရုတ်ကိုပို့သည့်အခါ တောင်သူများ အခက်အခဲတွေ့ရသည်ဆိုသည့် သတင်းများလည်း ကြားရကြောင်း၊ ၎င်းတို့အခေါ်အဝေါ်အရ နှစ်မျိုးရှိပြီး ဝမ်းထဲတွင်ပုံသွားသည့် ဝမ်းပုံသီးရှိပြီး ဂျပ်ဖာနှင့်တင်သည့်ဂျပ်ဖာသီးရှိကြောင်း၊ ဝမ်းပုံသီးများမှာ အောက်ပိုင်းတွင် စိုက်သည့် အသီးများဖြစ်ပြီး ဂျပ်ဖာသီးများသည် အပေါ်ပိုင်းတွင်စိုက်သည့် အသီးများဖြစ်ကာ ဘာကြောင့်ဖြစ်ရလဲဆိုသည်မှာ မည်သူ့ကိုမှ အပြစ်တင်၍မရကြောင်း၊ တစ်ဖက်တွင် ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ အခြေအနေရှိပြီး ဒီဘက်တွင်လည်း ဝမ်းပုံအသီးများမှာ အကုန်ရောင်းရပြီး ဂျပ်ဖာသီးများသည် အကုန်မရောင်းရကြောင်း၊ မရောင်းရသည့်အကြောင်းမှာ တစ်ဖက်တွင် အရည်အသွေးစစ်သည့်အခါတွင် ဂျပ်ဖာထဲတွင် ထည့်မည့် ဂျပ်ဖာသီးများမှာ ရက်မပြည့်ဘဲ အကုန်ခူးလိုက်ကြောင်း၊ ခူးပြီးရောင်းသည့်အချိန်တွင် တစ်ဖက်မှ ဈေးနှိမ်ခြင်းများရှိပြီး ယင်းအခက်အခဲများရှိကြောင်း၊ ကုန်သွယ်မှုတွင် မိမိတို့အနေဖြင့်ပြောရမည်ဆိုလျှင် ၎င်းတို့၏ Quality ကို မိမိတို့ဘက်မှ Quality အမီ ထုတ်ပေးနိုင်ရန်လိုကြောင်း၊ နစ်နာမှုများနှင့် ပတ်သက်လျှင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း အိမ်နီးချင်းနိုင်ငံများမှ ကုန်သွယ်ရေးနှင့် စီးပွားရေးသံမှူးများရှိပြီး ၎င်းတို့မှတစ်ဆင့်လည်း ကြိုးပမ်းအားထုတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နယ်စပ်ကုန်သွယ်ရေး အနေဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဈေးကောင်းရခြင်း၊ မရခြင်းဆိုသည်မှာ မိမိတို့အပေါ်တွင်မူတည်သလို တစ်ဖက်တွင်လည်း မူတည်ကြောင်း၊ အကုန်လုံးတစ်ဖက်တွင်လည်းအပြစ်ရှိသလို မိမိတို့ဘက်တွင်လည်း အပြစ်ရှိသည်ဟု ဆိုလိုခြင်းမဟုတ်ကြောင်း၊ ထိုအရာများသည် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများထဲမှ ထုတ်နုတ်ပြောကြားနေခြင်းဖြစ်ကြောင်း၊ သို့သော် မည်သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ပြည်သူလူထုအပေါ်တွင် ကူညီစောင့်ရှောက်ပေးရမည့်တာဝန်ရှိပြီး အစိုးရတစ်ရပ်ဖြစ်လာလျှင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း၊ ထိုအရာနှင့်ပတ်သက်ပြီး မိမိတို့အား အသေးစိတ်အချက်အလက်များ ပေးပါရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် တောင်သူများ၏နစ်နာမှုများ၊ ကုန်သွယ်ရေးတွင် နစ်နာမှုများရှိခဲ့ပါက ဆောင်ရွက်ပေးရန်အသင့်ရှိကြောင်း ဖြေကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# စကားပြောနည်းသင်ရိုးအမှတ် ၁၀၁
# အောင်မြင်စွာ စကားပြောဆိုမှုများ၏ အခြေခံများ

**ခင်မောင်ညို(ဘောဂဗေဒ)**

(ယမန်နေ့မှအဆက်)

**အောင်မြင်မှုအတွက် အခြားဖော်မြူလာများ**

**မှန်ကန်သည့် စိတ်သဘောထား**

စစချင်းအဆင်မပြေသည့်တိုင် ဆက်လက်ပြောဆိုလိုသော ဆန္ဒရှိခြင်းသည် စကားပြောကောင်းသူတစ်ယောက် ဖြစ်လာရေးအတွက် အခြေခံကျသည့်အချက်တစ်ခုဖြစ်သည်။ မီယာမီ၌ ပထမဆုံး စကားပြောဆိုပြီးနောက် ထိုသဘောထား ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ စကားပြောခွက်ကို မကြောက်တော့ပြီးနောက် ကျွန်တော်၏ဘဝတွင် ကိစ္စနှစ်ခုကို ဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချခဲ့သည်။

(၁) ကျွန်တော်ဆက်လက်စကားပြောနေမည်။


(၂) ကျွန်တော်၏စကားပြောနိုင်စွမ်းကို ကောင်းမွန်ရန် ကြိုးစားအားထုတ်မည်။

ကျွန်တော်ဘာလုပ်ခဲ့ပါသလဲ၊ အစစအရာရာလုပ်သည်။ နံနက်ပိုင်းအသံလွှင့်မှုများကို လွှင့်ထုတ်သည်။ ရာသီဥတုသတင်းများကိုလည်း လွှင့်သည်။ ညနေပိုင်းအားကစားသတင်းများကိုလည်း လွှင့်သည်။ စီးပွားရေးသတင်းများကိုလည်း အစီရင်ခံသည်။ သတင်းများကိုလည်း တင်ပြသည်။ မိန့်ခွန်းများပြောသည်။ တစ်ယောက်ယောက်နေမကောင်း၍ အနားယူလိုလျှင် သူ့နေရာသို့ အစားထိုးဝင်ရောက်၍ နှစ်ခါအလုပ်လုပ်သည်။ ရသမျှအခွင့်အရေးအားလုံးကို အမိအရချုပ်ကိုင်သည်။ ဖြစ်နိုင်သမျှ အများဆုံးအသံလွှင့်ရအောင် ကြိုးစားသည်။ ကျွန်တော်၏ အဓိကရည်ရွယ်ချက်မှာ အသံလွှင့်သည့် လုပ်ငန်း၌ အောင်မြင်ရန်ဖြစ်သည်။ တက်ခ်ဝီလျံက သူလိုအပ်သည်ဟု ထင်သည့်အခါတိုင်း လေ့ကျင့်ခန်းများကို အပိုဆောင်း၍ထပ်လုပ်သည်။

သင်သည် စကားပြောသူတစ်ယောက်အနေဖြင့် ဘောလုံးရိုက်သည့်လေ့ကျင့်ခန်းများကို ယူနိုင်သည်။ စာအုပ်များဖတ်ရုံသာမက သင်ကိုယ်တိုင် လုပ်နိုင်သည့်ကိစ္စများစွာရှိသည်။ မိမိ၏ အိမ်အနီးဝန်းကျင်၊ အခန်းဝန်းကျင်တွင် တစ်ယောက်တည်း ကျယ်ကျယ်လောင်လောင် စကားပြောနိုင်သည်။ ကျွန်တော်လည်း ထိုသို့ပြောဖူးခဲ့သည်။ မကြာခဏ မလုပ်သည့်တိုင် တစ်ခါတစ်ရံ လုပ်လေ့ရှိသည်။ ကျွန်တော်တစ်ယောက်တည်းနေသဖြင့် နောင်အသံလွှင့်သည့်အခါ ပြောမည့်စကားများကို ကြိုတင်ပြောလေ့ရှိသည်။ ထိုသို့ပြောသည့်အတွက် မည်သို့မျှ ရှက်ကြောက်စရာ အကြောင်းမရှိပေ။ အနီးနား၌ မည်သူမျှရှိမနေကြပေ။ တစ်ယောက်တည်းမနေလျှင်လည်း ထိုလေ့ကျင့်ခန်းကို လုပ်နိုင်သည်။ အိပ်ခန်းထဲဝင်ပြီးသော်လည်းကောင်း၊ မြေအောက်ခန်းထဲ ဆင်းပြီးသော်လည်းကောင်း၊ ကားမောင်းနေစဉ်အခါ၌လည်းကောင်း ထိုလေ့ကျင့်ခန်းကို လုပ်နိုင်သည်။ ထိုသို့ဖြင့် စကားပြော ပို၍ကောင်းလာနိုင်သည်။

သင့်အနေဖြင့် မှန်တစ်ချပ်ရှေ့၌ မှန်ထဲကအရိပ်နှင့် စကားပြောနိုင်သည်။ လူအများရှေ့တွင် စကားပြောရန် လေ့ကျင့်လိုသူများ ဤနည်းကို အများအားဖြင့် သုံးလေ့ရှိသည်။ သို့သော် ထိုနည်းကို လူအများရှေ့တွင် စကားပြောသည့်အခါ၌သာမဟုတ် နေ့စဉ်စကားပြောသည့်အခါ၌လည်း အသုံးပြုနိုင်သည်။ မှန်ထဲကအရိပ်ကိုကြည့်ပြီး စကားပြောခြင်းကြောင့် ထိုအရိပ်နှင့် မျက်နှာချင်းဆိုင်သည့် အလေ့အထကို ရရှိနိုင်သည်။

အခြားနည်းလမ်းတစ်ခုကို ဆက်ပြောပါဦးမည်။ ထိုသို့ပြောနေသည့်အခါ ဝတ်ရုံအဖြူဝတ်ပြီး ပိုက်ကွန်ကိုင်ထားသည့်သူကို မလွှတ်လိုက်ပါနှင့်။ သင်၏ခွေးကိုသော်လည်းကောင်း၊ ကြောင်ကိုသော်လည်းကောင်း၊ ငှက်ကိုသော်လည်းကောင်း၊ ရွှေငါးကိုသော်လည်းကောင်း စကားပြောနိုင်သည်။ အခြားသူများကို စကားပြောခြင်းထက် တိရစ္ဆာန်များကို စကားပြောခြင်းသည် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ပြန်ပြောမည်ကိုလည်းကောင်း၊ ဖြတ်ပြောမည်ကိုလည်းကောင်း မည်သို့မျှ စိုးရိမ်စရာအကြောင်းမရှိပေ။ စကားပြောလေ့ကျင့်လိုသည့်အပြင် စကားပြောကောင်းသူတစ်ယောက်ဖြစ်ရန်အတွက် အခြားလိုအပ်ချက်နှစ်ခုလည်း ရှိသေးသည်။ ပထမတစ်ခုမှာ အခြားသူများကို ရိုးရိုးသားသား စိတ်ပါဝင်စားမှုရှိရန်နှင့် ထိုသူများနှင့် ဆက်ဆံရာတွင် မိမိအကြောင်း ပွင့်ပွင့်လင်းလင်း ရှိရန်တို့ဖြစ်သည်။ CNN တွင် ညပိုင်း၌ ထုတ်လွှင့်လေ့ရှိသည့် ကျွန်တော်၏အစီအစဉ်များကို ကြည့်ရှုသူများအနေဖြင့် ကျွန်တော်၏ဧည့်သည်များကို စိတ်ပါဝင်စားမှုရှိကြောင်း ထင်ရှားသိသာသည်ဟု ကျွန်တော်ထင်သည်။ သူတို့၏ မျက်စိတည့်တည့်ကို ကျွန်တော်စိုက်ကြည့်လေ့ရှိသည်။ ထိုသို့ မျက်စိကို စိုက်မကြည့်ခြင်းကြောင့်ပင် လူအတော်များများအနေဖြင့် အောင်မြင်မှု မရကြခြင်းဖြစ်သည်။ ထိုအကြောင်းကို နောင်တွင်ဆွေးနွေးမည်။ ထို့နောက် ကျွန်တော်၏ကုလားထိုင်ပေါ်မှ ရှေ့သို့ကုန်းလိုက်ပြီး ၎င်းတို့အကြောင်းကို မေးခွန်းတစ်ခု စမေးလေ့ရှိသည်။




ကျွန်တော်၏ တွေ့ဆုံခန်းများတွင် တွေ့ရသည့်သူအားလုံးကို သမ္မတမှအစ၊ အားကစားသမားများအလယ်၊ အရုပ်များအဆုံး လေးစားစွာ ဆက်ဆံသည်။ သူတို့ကလည်း လေးစားကြသည်။ သူတို့ပြောသည့်အရာများကို စိတ်မဝင်စား၊ လေးစားမှုမရှိဟု ထင်သည့်သူများအပေါ် အောင်မြင်စွာ ပြောနိုင်မည်မဟုတ်ပေ။

တစ်ခါက ပြောဖူးသည့်စကားတစ်ခုကို မှတ်မိနေသည်။ **"လူတိုင်းသည် မလိမ်မိုး မလိမ္မာသူများချည်း ဖြစ်ကြသည်။ အကြောင်းအရာသာ ကွာခြားသည်"** ဟူ၍ဖြစ်သည်။ လူတစ်ဦးချင်းနှင့် စကားပြောသည့်အခါ၌လည်းကောင်း၊ ပရိသတ် ၁၀ သန်းခန့်၏ရှေ့တွင် စကားပြောသည့်အခါ၌လည်းကောင်း ထိုအချက်ကို မမေ့သင့်ပေ။ ထိုအချက်ကို ပြောင်းပြန်လှန်လိုက်လျှင် လူတိုင်းလူတိုင်းသည် တစ်စုံတစ်ရာတွင် ကျွမ်းကျင်လိမ္မာကြသူများဖြစ်သည်။ လူတိုင်းသည် အနည်းဆုံး အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ လိုလိုလားလား ပြောဆိုချင်ကြသည်။

ထိုကျွမ်းကျင်လိမ္မာမှုကို လေးစားပါ။ မိမိ၏သောတရှင်များအနေဖြင့် သူတို့ကို လေးစားမှုရှိမရှိ ပြောနိုင်သည်။ သူတို့ကို သင်က လေးစားကြောင်းခံစားရလျှင် သင်ပြောသမျှကို တလေးတစားနားထောင်ကြမည်။ သူတို့ကိုမလေးစားဟု ယူဆလျှင် သင်ပြောသမျှ၊ လုပ်သမျှကို စိတ်ဝင်စားကြမည် မဟုတ်ပေ။

ကျွန်တော်၏ အောင်မြင်ရေးဖော်မြူလာထဲမှ ကျန်တစ်ခုမှာ မိမိအကြောင်းနှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်းရှိရန်ဖြစ်သည်။ အခြားသူများနှင့် စကားပြောသည့်အခါ မိမိနှင့်ပတ်သက်၍ ပွင့်လင်းမှုရှိရမည်။ ကျွန်တော် ပထမဆုံးအသံလွှင့်သည့်နေ့က ကျွန်တော်ကြောက်လန့်နေကြောင်း ပရိသတ်ကို ပွင့်ပွင့်လင်းလင်း ပြောပြသကဲ့သို့ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ လိုက်နာရမည့် **"ကိုယ်မကြိုက်သည့်အရာကို အခြားသူများကို မလုပ်ပါနှင့်"**ဟူသည့် ရွှေစည်းမျဉ်းသည် စကားပြောသည့်ကိစ္စနှင့်လည်း ပတ်သက်သည်။ မိမိ၏ စကားပြောဖက်များက မိမိအပေါ်ရိုးသားမှု၊ ပွင့်လင်းမှုရှိစေချင်သကဲ့သို့ မိမိကလည်း သူတို့အပေါ် ရိုးသားမှု၊ ပွင့်လင်းမှုရှိရန် လိုအပ်သည်။

ထိုသို့ဆိုသဖြင့် မိမိအကြောင်း အစစအရာရာပြောပြရန်၊ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်များ ထုတ်ဖော်ရန် မဆိုလိုပေ။ သင့်အိမ်နီးချင်း၏အသည်းထဲက ကျောက်အကြောင်း သင်ကြားချင်ပါသလား။ သင့်လုပ်ဖော်ကိုင်ဖက်၏ သူ့ယောက္ခမနှင့် ရုံးပိတ်ရက်တွေ့ဆုံမှုကို သင်စိတ်ဝင်စားပါသလား။ စိတ်ဝင်စားမည်မဟုတ်ပေ။ သူတို့စိတ်ဝင်စားစရာမဟုတ်သည့် သင်၏ကိစ္စမျိုးကို စကားပြောရာ၌ အသုံးမပြုပါနှင့်။

တစ်ချိန်တည်း၌ပင် အခြားသူတစ်ယောက်ထံမှ သင်သိချင်သည့်ကိစ္စမျိုးကို ထုတ်ဖော်ပြောလိုစိတ်ရှိရမည်။ သင်၏ နောက်ခံသမိုင်း၊ သင်၏ ကြိုက်နှစ်သက်မှု၊ သင်၏ဝါသနာ၊ သင်မကြိုက်သော အရာများကို ပြောခြင်းဖြင့် စကားပြောဆိုရာတွင် အပေးအယူသဘောမျိုး ဆောင်သွားသည်။ ဤနည်းအားဖြင့် လူတွေအကြောင်းကို ကျွန်တော်တို့သိနိုင်သည်။

ဖီလ်ဘင်နှင့် ဂစ်ဖို့တို့သည် သူတို့၏ဧည့်သည်များကို ဧည့်ခံစကားပြောရာ၌ ပွင့်လင်းမှုရှိသည့် စံပြများဖြစ်ကြသည်။ အခန်းထဲသို့ သက်သောင့်သက်သာ သဘာဝကျကျ ဝင်လာသည်။ သူတို့အကြောင်းနှင့်ပတ်သက်၍ ဇာတ်လမ်းများထုတ်ဖော်ရန် ဝန်မလေးပေ။ ပြောဆိုမည့်အကြောင်းအရာကို အာရုံစိုက်မနေဘဲ သူတို့ဘာသာသူတို့ လွတ်လွတ်လပ်လပ်နေကြသည်။ တစ်စုံတစ်ခုကို ဖုံးကွယ်ရန်ကြိုးစားခြင်း မပြုကြပေ။ သူတို့၏ဇာတ်လမ်းကသော်လည်းကောင်း၊ ဧည့်သည်တို့ကသော်လည်းကောင်း စိတ်လှုပ်ရှားစရာ တစ်ခုခုဖြစ်အောင်လုပ်လျှင် စိတ်လှုပ်ရှားကြောင်းကိုလည်း ထုတ်ဖော်ပြသရန် မရှက်မကြောက်ကြပေ။ စိတ်လှုပ်ရှားစရာ ကိစ္စတစ်ခုနှင့်ပတ်သက်၍ စိတ်လှုပ်ရှားခြင်းသည် မှားယွင်းမှုမရှိဟု လက်ခံထားသည်။ ဝမ်းနည်းစရာကိစ္စ၊ ကြောက်စရာကိစ္စ ဧည့်သည်တို့ပြောသည့် မည်သည့်ကိစ္စမဆို စိတ်ရောကိုယ်ပါ ခံစားကြရသည်။ စတူဒီယိုထဲ၌ ရှိနေသည့် ပရိသတ်များ၊ အိမ်၌ရှိနေသည့် ပရိသတ်များကလည်း ထိုကိစ္စကိုမြင်ပြီး ပွင့်လင်းမှု၊ မလိမ်မညာမှုတို့ကို နားလည်လက်ခံကြသည်။

မိနစ်အနည်းငယ်ထက်ပို၍ ကျွန်တော်တွေ့ဆုံခဲ့သည့်သူအားလုံးက ကျွန်တော်နှင့်ပတ်သက်၍ ကိစ္စနှစ်ခုကို သိကြသည်။ ၎င်းတို့မှာ ကျွန်တော်သည် ဘရုကလင်းမှဖြစ်ကြောင်းနှင့် ကျွန်တော်သည် ဂျူးလူမျိုးတစ်ယောက်ဖြစ်ကြောင်းတို့ဖြစ်သည်။

ထိုအကြောင်းများကို သူတို့မည်သို့သိကြသလဲ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်နှင့် ဆက်ဆံရသည့်သူများကို ကျွန်တော်၏ နောက်ခံသမိုင်းကြောင်း ပြောပြ၍ဖြစ်သည်။ ကျွန်တော်၏ နောက်ခံသမိုင်းသည် ကျွန်တော်၏ တစ်စိတ်တစ်ဒေသပင် ဖြစ်သည်။

စာမျက်နှာ ၂၂ သို့ ☆

**သင့်အနေဖြင့် မှန်တစ်ချပ်ရှေ့၌ မှန်ထဲကအရိပ်နှင့် စကားပြောနိုင်သည်။ လူအများရှေ့တွင် စကားပြောရန် လေ့ကျင့်လိုသူများ ဤနည်းကို အများအားဖြင့် သုံးလေ့ရှိသည်။ သို့သော် ထိုနည်းကို လူအများရှေ့တွင် စကားပြောသည့်အခါ၌သာမဟုတ် နေ့စဉ်စကားပြောသည့်အခါ၌လည်း အသုံးပြုနိုင်သည်။ မှန်ထဲကအရိပ်ကိုကြည့်ပြီး စကားပြောခြင်းကြောင့် ထိုအရိပ်နှင့် မျက်နှာချင်းဆိုင်သည့် အလေ့အထကို ရရှိနိုင်။**

✯ စာမျက်နှာ ၂၁ မှ

ဂျူးလူမျိုးဖြစ်ရခြင်းအတွက်လည်းကောင်း၊ ဘရုကလင်းမှ တက်လာသည့်သူဖြစ်ခြင်းအတွက်လည်းကောင်း ကျွန်တော်ဂုဏ်ယူသည်။ ကျွန်တော်၏စကားပြောဆိုမှုများအတွက် ကျွန်တော်၏နောက်ခံသမိုင်းနှင့်ပတ်သက်၍ ရည်ညွှန်းကိုးကားမှုများ ကြားညှပ်ပါဝင်နေသည်ကို တွေ့ရမည်။

ကျွန်တော်၏အတွေ့အကြုံများကို အခြားသူများနှင့် ပြောဆိုရန် ဝါသနာပါသည်။ အကယ်၍ ကျွန်တော်သည် စကားထစ်သည့်သူဖြစ်လျှင် ကျွန်တော်စကားပြောဆိုနေသည့်သူကို ထိုအကြောင်း ပြောပြမည်။

**"ကျ .. ကျ .. ကျွန်တော် ခင်ဗျားကို တွေ့ .. တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော့်နာမည်ဟာ လယ် . . . လယ် . . . လယ်ရီကင်းပါ။ ကျွန်တော့်မှာ စကား ထစ် . . ထစ် . .ထစ်တဲ့ ပြဿနာရှိပါတယ်။ ဒါပေမဲ့ ဒီ . . . ဒီအကြောင်းကို ခင်ဗျားကိုပြောပြရတာ ဝမ်းသာပါတယ်"** ဟု ပြောမည်။

ယခုအခါ သင့်အနေဖြင့် ပွင့်ပွင့်လင်းလင်း ရှိသွားပြီ။ ထိုအခါ အခြားသူကို စကားပြောရာ၌ ကြောက်ရွံ့နေစရာမလိုတော့ပေ။ သင်၏အခြေအနေကို မျှဝေပြီးဖြစ်သွားပြီ။ ယခု မမျှဝေလျှင်လည်း အနေးနှင့်အမြန်ဆိုသလို သူတို့သဘောပေါက်သွားကြမည်ဖြစ်သည်။ သူတို့ သဘောမပေါက်ခင် သင်ကကြိုတင်ပြီး ရှင်းခြင်းဖြစ်သည်။ ထို့ကြောင့် မည်သို့မျှဟန်ဆောင်နေစရာအကြောင်းမရှိတော့ပေ။ နှစ်ဦးနှစ်ဖက် ပျော်ပျော်ရွှင်ရွှင် ပြောဆိုကြရန်သာရှိသည်။ ထိုသို့ ပြောဆိုခြင်းကြောင့် စကားထစ်သည့်ကိစ္စကို မဖြေရှင်းနိုင်သော်လည်း စကားပြောကောင်းသူတစ်ယောက် ဖြစ်နိုင်ရမည်။ မိမိနှင့် စကားပြောဆိုနေသည့်သူ၏လေးစားမှုကို ရရှိနိုင်သည်။

အဆိုတော် မဲလ်တဲလစ်က ဤနည်းကို ကျင့်သုံးခဲ့သည်။ သူသည် သီချင်းဆိုရာ၌ အောင်မြင်ခဲ့သူဖြစ်ပြီး တွေ့ဆုံမေးမြန်းမှုများ၌လည်း ချစ်စရာကောင်းသည့် ဧည့်သည်တစ်ယောက်ဖြစ်သည်။ သို့သော် သူသည် သီချင်းသီဆိုရာ၌ စကားမထစ်သော်လည်း စကားပြောသည့်အခါ၌ စကားထစ်သည်။ စကားထစ်သည့်ကိစ္စကြောင့် အနှောင့်အယှက်အဖြစ်မခံဘဲ အစကတည်းက သူသည် စကားထစ်ကြောင်းပြောသည်။ ဟာသလုပ်တတ်သည်။ သူကိုယ်တိုင်လည်း သက်သောင့်သက်သာဖြစ်နေသဖြင့် သင့်ကိုလည်း သက်သောင့်သက်သာဖြစ်အောင်လုပ်နိုင်သည်။

ဖလော်ရီဒါ၌ပြုလုပ်သော ကျွန်တော်၏ အသံလွှင့်ပြဇာတ်တစ်ခုတွင် နားလည်ရန် ခက်လောက်အောင် စကားပြောသူတစ်ယောက်နှင့် တွေ့ကြုံခဲ့သည်။ သို့သော် သူက ကျွန်တော်နှင့် သူ့အကြောင်း စကားပြောရခြင်းကို ပျော်ရွှင်သည်။ သူသည် သန်းကြွယ်သူဌေး ဖြစ်သည်။ သို့သော် သူ့ကို လူအများကမူ ဒုက္ခိတဟု မြင်ကြမည်။ သန်းကြွယ်သူဌေးဖြစ်ရန် မည်သို့ဆောင်ရွက်ခဲ့သည် ထင်ပါသနည်း။ သူသည် အရောင်းသမားတစ်ယောက် ဖြစ်သည်။ သူချဉ်းကပ်သူအားလုံးကို ဟန်ဆောင်မှုမရှိ၊ သူစကားပြောဆိုရာတွင် ရယ်စရာဖြစ်နေသည့်ကိစ္စကို ဖုံးကွယ်ခြင်းမရှိဘဲ ချဉ်းကပ်ခဲ့သည်။

သူ၏အခြေအနေကို လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲခဲ့ပြီး အခြားသူများနှင့်လည်း လိုက်လျောညီထွေဖြစ်စေရန် အကူအညီပေးခြင်းတို့ကြောင့် သူသည် အောင်မြင်ခဲ့ခြင်းဖြစ်သည်။

[ခင်မောင်ညို (ဘောဂဗေဒ)၏ "ကျွန်တော်တို့အားလုံး စကားပြောရမည်" စာအုပ်မှ "စကားပြောနည်းသင်ရိုးအမှတ် ၁၀၁၊ အောင်မြင်စွာ စကားပြောဆိုမှုများ၏ အခြေခံများ" ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း]

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများက လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများ အသုံးပြု၍ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် မေ ၂၀**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများက နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူသွားလာ လှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ လုပ်ဆောင်လျက်ရှိသည်။



ပြည်မြို့၌ လက်လုပ်မိုင်း ပစ်ပေါက်ရာတွင် ပါဝင်သူ အမျိုးသားလေးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

### လက်လုပ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်

ထိုသို့လုပ်ဆောင်ရာတွင် မေ ၁၉ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ကျောင်းအိုးရပ်ကွက်ရှိ မြို့နယ်စည်ပင်ရုံး၌ လက်လုပ်ဗုံးပေါက်ကွဲ မှု ဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ဘုရားလမ်းအတိုင်း ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သူအမျိုးသား နှစ်ဦးက မြို့နယ်စည်ပင်ရုံးဝင်းအတွင်းသို့ လက်လုပ်ဗုံး နှစ်လုံးဖြင့် ပစ်ပေါက်ခဲ့၍ ရုံးဝင်းအတွင်းနေ ဦးအောင်မြင့်ဌေး၏ နေအိမ်လိုင်းခန်းအနီးသို့ တစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး တစ်လုံးမှာ ပေါက်ကွဲခြင်းမရှိခဲ့သဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်းနှင့် နံနက် ၉ နာရီ ၂၅ မိနစ်တွင် အဆိုပါရုံး ခြံစည်းရိုး အပြင်ဘက် လမ်းဘေး ရေမြောင်းအတွင်း၌ လက်လုပ်ဗုံးတစ်လုံး ထပ်မံပေါက်ကွဲခဲ့ကြောင်း သိရသည်။

အဆိုပါ လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်၍ တရားခံ ဖမ်းဆီးရမိရေးအတွက် မြို့ပေါ် ရပ်ကွက်များအတွင်း လိုက်လံစုံစမ်းစဉ် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ပြည်မြို့ ဆေးရေးရပ်ကွက်၌ မသင်္ကာဖွယ်အမျိုးသားနှစ်ဦး စီးနင်းလာသည့် ဆိုင်ကယ်တစ်စီးကို ရပ်တန့်စစ်ဆေးခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူမှာ မောင်းနှင်ထွက်ပြေးသွားခဲ့ပြီး နောက်မှထိုင်၍ လိုက်ပါလာသူ ထွန်းဘုန်းမြင့်မြတ် (၂၃)နှစ် ရွှေဘဲရပ်ကွက်၊ ပြည်မြို့နေသူအား ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ လက်လုပ်ဗုံးဖြင့် ပစ်ပေါက်မှုတွင် ၎င်းနှင့်အတူ ပူးပေါင်းပါဝင်ပြုလုပ်သူများဖြစ်သည့် အောင်ဖြိုးထက်၊ ဟိန်းမြတ်နှင့် ထွန်းလတ်တို့ သုံးဦးအား ၎င်းတို့၏ နေအိမ်အသီးသီး၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ထွန်းလတ်၏ နေအိမ်အတွင်းမှ လက်လုပ်မိုင်း ၁၂ လုံး၊ ရီမုတ်မိုင်း သုံးလုံး၊ ရီမုတ်ခလုတ် သုံးခု၊ အက်ဆစ် လေးလီတာ၊ ကန့်မှုန့် လေးထုပ်၊ မီးသွေးမှုန့် တစ်ထုပ်၊ ဖူဂျီဆပ်ပြာဘူးဖြင့် ထည့်ထားသည့် ယမ်း နှစ်ဘူး၊ မူလီချောင်း တစ်ဘူး၊ ဒရုန်း နှစ်စင်း(မကောင်း)၊ PVC ပိုက်အပိုင်းအစ ၃၅ ခု၊ YGN-1E/5759 HIJET ယာဉ် တစ်စီးနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

### လက်လုပ်မိုင်းပေါက်ကွဲ

အလားတူ ညနေ ၅ နာရီ မိနစ် ၄၀ တွင် ချင်းပြည်နယ် တီးတိန်မြို့နယ် လွယ်ဘွားလ်ရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့ လမ်းဘေး၌ လက်လုပ်မိုင်းပေါက်ကွဲ၍ ကလေးတစ်ဦး သေဆုံးကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လျန်မွန်းစန်(၁၀)နှစ် လွယ်ဘွားလ်ရပ်ကွက်နေသူသည် ဈေးဆိုင်မှ CD ခွေဝယ်ယူပြီး နေအိမ်သို့ပြန်လာစဉ် ကျောင်းရှေ့အရောက်၌ ကတ်ထူစက္ကူပုံးတစ်ခုအား တွေ့ရှိ၍ ဆွဲယူကြည့်ရာမှ ပေါက်ကွဲ မှုဖြစ်ပွားခဲ့ပြီး ခန္ဓာကိုယ်အနှံ့အပြားတွင် မိုင်းစထိမှန်ဒဏ်ရာများဖြင့် သေဆုံးသွားခြင်းဖြစ်ကြောင်း သိရှိရကာ ၎င်းအနီးတွင် လက်လုပ်မိုင်းပြုလုပ်ရာ၌ အသုံးပြုသည့် ကော်ကြွပ်အပိုင်းအစ သုံးခု တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ည ၈ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွှေတံခါးရပ်ကွက်၊ အပိုင်း(၁) ပျားဂေဟာလမ်းထောင့်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၏ အနောက်ဘက်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သူအမျိုးသား နှစ်ဦး က PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်ဗုံး နှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့၍ ရုံးနှင့် မီတာ ၁၀၀ ခန့်အကွာ လမ်းမပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့်အနီးရှိ ရွှေတံခါးရပ်ကွက်နေ ဦးသန်းအေး(၆၂)နှစ်နှင့် တစ်ရပ်ကွက်တည်းနေ ဒေါ်မိုးမိုးခိုင် (၄၈)နှစ် (ဘ)ဦးစံသိန်းတို့တွင် ဗုံးစထိမှန်ဒဏ်ရာအသီးသီးရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။

အလားတူ ယနေ့ နံနက် ၇ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အမှတ်(၂၆)ရပ်ကွက်ရှိ မြို့မရဲစခန်း၏အရှေ့ကိုက် ၅၀ ခန့်အကွာ အောင်ဇေယျလမ်းနှင့် အမှတ်(၂)လမ်းမကြီးထောင့်၌ မသင်္ကာဖွယ် Bluetooth ဆောင်းဘောက် တစ်လုံးမှ အသံများထွက်နေသဖြင့် သွားရောက်စစ်ဆေးစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကာ ရဲတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးဝါးကုသနိုင်ရေး သဃ်္ဃန်းကျွန်း(စံပြ)ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး အခင်းဖြစ်နေရာအား စစ်ဆေးရာ Bluetooth ဆောင်းဘောက်အပိုင်းအစများ၊ ကီးပက်ဖုန်းအပိုင်း အစများတွေ့ရှိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များ ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေ ၂၂ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ဟင်းနုနယ်ရွက်စားခြင်းကြောင့် ရရှိလာမည့်အကျိုးများကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် ကာတွန်းမောင်မောင်လေး၏ "ဟင်းနုနယ်ရွက်ကြော်" မျက်နှာဖုံးဇာတ်လမ်း၊ မြန်မာလူမျိုးတို့၏ ကဆုန်လ ညောင်ရေသွန်းလောင်းပုံအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "ကဆုန်လနှင့် ညောင်ရေသွန်းပွဲ" သုတဆောင်းပါးနှင့် တယောအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "တယော" သုတဆောင်းပါး၊ အလုပ်ကိုကြိုးစားလုပ်ကိုင်ခြင်းသည် ပျင်းရိနေသူ၏ အပျင်းကိုပင် ပြေပျောက်နိုင်စေသော ဆေးတစ်လက်ဖြစ်ကြောင်း ပညာပေးတင်ဆက်ထားသည့် "အပျင်းနိုင်ဆေး" နှစ်မျက်နှာကာတွန်း၊ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ကာယအားဖြင့် ဖြေရှင်းခြင်းထက် ဖြတ်ထိုးဉာဏ်သုံးကာ ဉာဏအားဖြင့် ဖြေရှင်းသင့်ပုံအကြောင်းကို တင်ဆက်ထားသည့် "ဆာမူရိုင်းကြီးခုနစ်ယောက်" ပုံပြင်၊ ကလေးများပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ ကလေးများ စည်းကမ်းရှိစွာဖြင့် မိမိတို့၏ အသုံးအဆောင်ပစ္စည်းများကို ရိုရိုသေသေ သန့်သန့်ရှင်းရှင်း သုံးစွဲသင့်ပုံ အကြောင်းကို အတုယူဖွယ် တင်ဆက်ထားသည့် "စည်းကမ်းရှိမှ ပျော်ရွှင်ရ" နှစ်မျက်နှာကာတွန်း၊ နာမ်ရှေ့ တွဲသုံးစကားလုံးများ (Determiner) အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ အပါအဝင် ဉာဏ်စမ်း ကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**



## အနုပညာ



# ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေး လုပ်ငန်းများအတွက် ပရီယင်ကာချိုပရာ ပါဝင်လှူဒါန်း

လတ်တလော အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကပ်ရောဂါ စံချိန်တင်ဖြစ်ပွားမှုတွေအတွက် ဘောလိဝုဒ်ကြယ်ပွင့်တွေက ကပ်ရောဂါ ထိန်းချုပ်ကုသရေးလုပ်ငန်းတွေ လုပ်ဆောင်ဖို့ရာ လှူဒါန်းမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒီလိုလှူဒါန်းခဲ့သူတွေအနက် မင်းသမီး ပရီယင်ကာချိုပရာလည်း ပါဝင်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၃၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပရီယင်ကာချိုပရာ ဂျိုးနက်စ်ဟာ အိန္ဒိယနိုင်ငံရဲ့ ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ကုသရေးလုပ်ငန်းတွေမှာ ကူညီနိုင်ဖို့ရာ ပြီးခဲ့တဲ့လအတွင်းက စတင်ပြီး ရန်ပုံငွေတစ်ခုကို တည်ထောင်ခဲ့ပါတယ်။ အဆိုပါ ရန်ပုံငွေကို သူနဲ့ ခင်ပွန်းဖြစ်သူ တေးသံရှင် နစ်ခ်ဂျိုးနက်စ်တို့ ပူးပေါင်းတည်ထောင်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ ပရီယင်ကာချိုပရာဂျိုးနက်စ်ဖောင်ဒေးရှင်းဟာ အိန္ဒိယနိုင်ငံက အကျိုးအမြတ်မယူတဲ့ ဖောင်ဒေးရှင်းတစ်ခုဖြစ်တဲ့ ဂစ်ဗ်အိန္ဒိယနဲ့ လက်တွဲကာ လှူဒါန်းမှုတွေ ပူးပေါင်းလုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်လိုဝါ ၆၃ သန်းရှိတဲ့ ပရီယင်ကာချိုပရာက ဧပြီ ၂၉ ရက်မှာ သူ့ရဲ့ ပရိသတ်တွေကို အိန္ဒိယအတွက် အောက်ဆီဂျင်၊ ဆေးဝါး၊ အသက်ကယ်ပစ္စည်း စတာတွေ လှူဒါန်းပေးဖို့ရာ ရေးသားဖော်ပြခဲ့ပါတယ်။ အဆိုပါ ဖော်ပြမှုကို ပရီယင်ကာချိုပရာက ဖော်လိုဝါ ၂၇ သန်းခန့်ရှိတဲ့ သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာလည်း မျှဝေခဲ့ပါတယ်။

ပရီယင်ကာချိုပရာက သူတည်ထောင်ထားတဲ့ ဖောင်ဒေးရှင်းကနေ မေလကုန်မှာ ရန်ပုံငွေ အမေရိကန်ဒေါ်လာ သုံးသန်းခန့် ရရှိမယ်လို့ မျှော်လင့်ထားပါတယ်။ မေ ၁၇ ရက် ညပိုင်းအထိ ကောက်ယူရရှိတဲ့ ရန်ပုံငွေဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ သန်းကျော်ခဲ့ပြီဖြစ်တယ်လို့လည်း သိရပါတယ်။

ပရီယင်ကာချိုပရာနည်းတူ အခြားသော ဘောလိဝုဒ်ကြယ်ပွင့်များစွာလည်း အိန္ဒိယရဲ့ ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ကုသရေးလုပ်ငန်းတွေအတွက် ပါဝင်လှူဒါန်းခဲ့ကြကြောင်းလည်း သိရပါတယ်။

# လုံခြုံရေးခြိမ်းခြောက်ခံရမှုကြောင့် Fast & Furious ရုပ်ရှင်သစ် ပရီမိုးရှင်းပွဲ ဖျက်သိမ်း




အောင်မြင်တဲ့ ရုပ်ရှင်တွေဖြစ်ကြတဲ့ Fast & Furious ရုပ်ရှင်တွေရဲ့ ကိုးကားမြောက် ရုပ်ရှင်သစ် ရုံတင်ပြသမယ့်ရက်နီးကပ်လာပြီဖြစ်ပြီး အဆိုပါ ရုပ်ရှင်သစ်အတွက် အရောင်းမြှင့်တင်ရေးပွဲတစ်ခုကို ရှန်ဟိုင်းမှာ လတ်တလောပြုလုပ်ဖို့ စီစဉ်ထားခဲ့ပေမယ့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတွေနဲ့ ကြုံတွေ့ခဲ့ရပြီးနောက် အဆိုပါ အခမ်းအနားကို ဖျက်သိမ်းခဲ့ရကြောင်း ယူနီဗာဆယ် ရုပ်ရှင်ထုတ်လုပ်ရေးက ပြောကြားခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Fast & Furious 9 ရုပ်ရှင်ကို မေ ၁၈ ရက်မှာ ရှန်ဟိုင်းမှာ ပရီမိုးရှင်းပွဲ ပြုလုပ်ဖို့ရာ စီစဉ်ထားခဲ့တာပါ။ ဒါပေမယ့် ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးအနေနဲ့ အဆိုပါ အခမ်းအနားရဲ့ လုံခြုံရေးပိုင်းဆိုင်ရာကို ခြိမ်းခြောက်တဲ့စာ လက်ခံရရှိပြီးနောက် ယင်းအခမ်းအနားကို ဖျက်သိမ်းခဲ့တာ ဖြစ်ပါတယ်။ ယူနီဗာဆယ်အနေနဲ့ ခြိမ်းခြောက်ခံရတာနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပြီးနောက် ပရိသတ်တွေရဲ့ လုံခြုံရေးကို ဦးစားပေးတဲ့အနေနဲ့ အခမ်းအနားကို ဖျက်သိမ်းဖို့ရာ ဆုံးဖြတ်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီအကြောင်းကို ယူနီဗာဆယ် ရုပ်ရှင်ထုတ်လုပ်ရေးက တရုတ်လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ ဝီဘိုစာမျက်နှာပေါ်မှာ မေ ၁၈ ရက်က ရေးသားဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။

တရုတ်နိုင်ငံမှာ Fast & Furious 9 ကို မေ ၂၁ ရက်မှာ စတင်ပြသသွားမှာဖြစ်ပြီး လက်ရှိအချိန်အထိ အဆိုပါ ရုပ်ရှင်သစ်အတွက် လက်မှတ်ကြိုတင်ရောင်းရငွေ ယွမ်သန်း ၁၀၀ ကျော်လွန်ရရှိခဲ့ပြီ ဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်သစ်ကို အမေရိကန်နိုင်ငံမှာ ဇွန် ၂၅ ရက်မှာ စတင်ပြသသွားမှာဖြစ်ပြီး တရုတ်နိုင်ငံမှာ တစ်လခန့်စောကာ ရုံတင်တာ ဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်သစ်ကို စင်ကာပူနိုင်ငံမှာ ယခုလ နှောင်းပိုင်းမှာ စတင်ပြသဖို့ စီစဉ်ထားခဲ့ပြီးဖြစ်ပေမယ့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် လာမယ့် ဇွန် ၂၄ ရက်သို့ ရွှေ့ဆိုင်းလိုက်တဲ့အတွက် စင်ကာပူမှာ အမေရိကန်ထက် တစ်ရက်စောကာ ရုံတင်သွားမှာလည်း ဖြစ်ပါတယ်။

**အေးပြည့်
စုစည်းသည်**

# လက်ရှိကုမ္ပဏီနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုခြင်းမရှိတော့တဲ့ GFRIEND

တောင်ကိုရီးယားအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ GFRIEND ဟာ အဖွဲ့နဲ့ ခြောက်နှစ်ခန့်လက်တွဲလာခဲ့တဲ့ကုမ္ပဏီနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုခြင်းမရှိဘဲ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီအကြောင်းကို အဆိုပါ တေးဂီတအဖွဲ့ရဲ့ အနုပညာလှုပ်ရှားမှုတွေကို တာဝန်ယူလုပ်ဆောင်ပေးနေတဲ့ Source Music က မေ ၁၈ ရက်မှာ ထုတ်ပြန်ကြေညာခဲ့တာ ဖြစ်ပါတယ်။ အဆိုပါကုမ္ပဏီရဲ့ ပြောကြားချက်အရ GFRIEND နဲ့ စာချုပ်ဟာ မေ ၂၂ ရက်မှာ ကုန်ဆုံးမှာဖြစ်ပြီး စာချုပ်သစ်အတွက် ဆွေးနွေးမှုတွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် လမ်းခွဲဖို့ရာ ဆုံးဖြတ်ခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ အေဂျင်စီနဲ့ လမ်းခွဲပြီးနောက် GFRIEND အနေနဲ့ အဖွဲ့ဖျက်သိမ်းခြင်း ရှိ၊ မရှိကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပါဘူး။ ကနဦးထွက်ပေါ်လာခဲ့တဲ့ သတင်းတွေအရ GFRIEND ဟာ အေဂျင်စီနဲ့ လမ်းခွဲပြီးနောက် အဖွဲ့ဝင်တွေအနေနဲ့ အနုပညာလှုပ်ရှားမှုတွေကို သီးခြားစီ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

❖

**✻ တပ်မတော်မှ**

ထိုသို့ဆေးကုသရေးအဖွဲ့များကို စေလွှတ်ကုသလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်ရှိ ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်ရှိ တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာမြို့နယ်ပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ခရိုင်ရှိ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မြစ်သားမြို့ ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံနှင့် ကျောက်ပန်းတောင်းမြို့နယ်ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ လူနာများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့် ခွဲစိတ်ကုသရန်လိုအပ်သောလူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**❖ ရောဝတီမြစ်ရေမှ**

သို့ဖြစ်ပါ၍ မြင်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

**☆ ကျောဖုံးမှ**

ပြိုင်ပွဲဖြစ်သဖြင့် အားကစားရုံတွင်းကျင်းပရသည့် ပြိုင်ပွဲများနှင့် ကိုယ်ခံပညာပေါင်းစုံအားကစားနည်းများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အားကစားနည်း ၂၉ မျိုးမှ ပြိုင်ပွဲအမျိုးအစား ၂၉၀ ပါဝင်မည်ဖြစ်ပြီး ဘတ်စကက်ဘော၊ ဘိလိယက်၊ ရုံတွင်းပြေးခုန်ပစ်၊ ရုံတွင်းဟော်ကီ၊ ရုံတွင်းလှေလှော်၊ ကရာတေး၊ ကစ်ဘောက်ဆင်၊ သေနတ်ပစ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ နပန်း၊ Cheerleading၊ စက်ဘီး၊ ဘိုးလင်း၊ Dancesport၊ ဖူဆယ်၊ Esport၊ ဂျူဂျစ်ဆု၊ Extreme Sports၊ မွေထိုင်း၊ ပန်ကြပ်ဆီလတ်၊ Floorball၊ ပိုက်ကျော်ခြင်း၊ Kurash၊ ကြက်တောင်၊ Netball၊ စစ်တုရင်၊ Sambo နှင့် Short Course Swimming အားကစားနည်းတို့ ပါဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း အားကစားနည်းများ မရွေးချယ်ရသေးဘဲ လာမည့်နှစ် မတ်လမှ ကျင်းပမည်ဖြစ်သောကြောင့် နှစ်ကုန်ပိုင်းမှသာ အားကစားနည်းများ ရွေးချယ်သွားဖွယ်ရှိနေသည်။

အာရှအိုလံပစ်ကောင်စီသည် ယခင်က အာရှရုံတွင်း အားကစားပြိုင်ပွဲနှင့် အာရှကိုယ်ခံပညာပေါင်းစုံ အားကစားပြိုင်ပွဲကို သီးခြားစီကျင်းပခဲ့သော်လည်း ၂၀၁၃ ခုနှစ်မှစ၍ တစ်ပေါင်းတည်း ကျင်းပခဲ့ခြင်းဖြစ်ကာ တစ်ပေါင်းတည်းပြုလုပ်ပြီးနောက်ပိုင်း လေးနှစ်တစ်ကြိမ် ကျင်းပလျက်ရှိသည်။ ပုံမှန်အရ ယခုနှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ကပ်ရောဂါကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ **ကိုညီလေး**

**❍ မြန်မာအသင်းမှ**

ဂျပန်လက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မေ ၂၈ ရက်တွင် ဂျပန်နိုင်ငံ ချီဘာမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ ခြေစစ်ပွဲလက်ကျန်ပွဲများကို အုပ်စုတစ်ခုလျှင် အိမ်ရှင်တစ်နိုင်ငံရွေးချယ်၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု(F) ပွဲစဉ်များကို ဂျပန်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်သုံးပွဲ ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေပြီး ပွဲအားလုံးယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားသည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – Japan Football**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၀-၄-၂၀၂၁** ရက်နေ့မှ စတင်၍ **၄-၆-၂၀၂၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၂၁ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၇-၆-၂၀၂၁** မှ **၂၈-၆-၂၀၂၁** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။


(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း


ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း


ရေပန်းအကြီး


မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း


ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကွင်း၊ ၁ ကွင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကွင်း၊ ၁ ကွင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကွင်း၊ ၁ ကွင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကွင်း ၁ ကွင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆

၁။ ဦးကျင်သိန်း[၁၂/သကတ(နိုင်)၀၃၉၅၃၃]
၂။ ဦးကျော်ကျော်ဌေး[၁၂/သကတ(နိုင်)၁၄၁၂၅၉]
အုပ်ချုပ်မှုဒါရိုက်တာ Hotel Gyo Gyar Co.,Ltd.
အမှတ်(A-1)၊ အေးနန္ဒာအိမ်ရာအပိုင်း(၂)၊ (၁၀/တောင်)ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။ (ယခုနေရပ်လိပ်စာမသိ)

## သိစေရန် အကြောင်းကြားခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၂၈)နေ ဦးကျော်စွာဝင်း[၁၂/ကတတ(နိုင်)၀၀၁၀၅၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားသိစေအပ်ပါသည်-

လူကြီးမင်းတို့အနေဖြင့် Colour Queen အမည်ဖြင့် Hotel ဆောက်လုပ်ရန်ဟုဆိုကာ စာရွက်စာတမ်းများပြသပေးအပ်ပြောဆိုပြီး ဦးကျော်စွာဝင်းထံမှ ငွေကြေးနှင့်မော်တော်ယာဉ်များစုစုပေါင်း တန်ဖိုး ၂၃၈၃၉၉၅၀၀၀/-အားရယူခဲ့ပြီး(၂-၄-၂၀၂၀)နေ့စွဲပါ စာချုပ်တွင် ဦးကျင်သိန်းက ၎င်းကိုယ်တိုင် ငွေပမာဏများဖြည့်စွက်ပြီး လက်မှတ်ရေးထိုးပေးခဲ့ပါသည်။ အဆိုပါငွေများအား (၃၁-၅-၂၀၂၀)ရက်နောက်ဆုံးထား၍ ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်းစာချုပ်တွင် ဝန်ခံကတိပြုခဲ့သော်လည်း ယနေ့တိုင် အကြောင်းအမျိုးမျိုးပြပြီး ပျက်ကွက်နေခဲ့ပါသည်။

ယခုအခါ ဦးကျော်စွာဝင်းက အကြိမ်ကြိမ်ဆက်သွယ်တောင်းခံခဲ့သော်လည်း လူကြီးမင်းတို့က တစ်စုံတစ်ရာ တုံ့ပြန်ဆောင်ရွက်ခြင်းမရှိဘဲ တိမ်းရှောင်နေခဲ့ပါသည်။ စာချုပ်တွင် ဦးကျင်သိန်း ကိုယ်တိုင်ရေးသားထားခဲ့သော အထက်ဖော်ပြပါလိပ်စာသို့ တရားလွှတ်တော်ရှေ့နေများက Notice ပေး အကြောင်းကြားခဲ့သော်လည်း အထက်ပါလိပ်စာတွင် လိပ်စာရှင်များမရှိကြောင်း မှတ်ချက်ဖြင့် Notice စာပေးပို့နိုင်ခဲ့ခြင်းမရှိပါ။

ထို့ကြောင့် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် ယခုကဲ့သို့ အကြောင်းကြားသိစေရခြင်းဖြစ်ပြီး လူကြီးမင်းတို့အနေဖြင့် ဖော်ပြပါငွေကြေးများနှင့် အခြားကိစ္စများနှင့်ပတ်သက်၍ ဦးကျော်စွာဝင်းထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့ထံသို့ဖြစ်စေ သတင်းစာတွင်ပါရှိသည့်နေ့မှ(၇)ရက်အတွင်းပြေလည်အောင် ဖြေရှင်းဆောင်ရွက်ပေးပါရန် အကြောင်းကြားသိစေအပ်ပါသည်။

**ဦးကျော်စွာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်ထွဋ် H.G.P, LL.B (Advocate)** — တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၆၀/၉၁)
**ဦးအေးဇော်မင်း (LL.B)(Advocate)** — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၈)
**ဒေါ်ကြာညိုနှင်းရည် LL.B** — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၅)
**ဒေါ်မြတ်သီတာအောင် LL.B** — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၅၁)

**ဖုန်း-၀၉-၄၄၃၁၁၉၂၅၆၊ ၀၉-၇၉၉၃၀၅၁၆၉၊ ၀၉-၂၅၀၀၂၁၇၇၂**
**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေ Asia Pacific Center for Enterprise Co.,Ltd ၏ Business Consultant ဦးကိုကိုလွင် [၁၂/ဗဟန(နိုင်)၀၃၇၈၉၄] သည် ACE Co.,Ltd မှ လွှဲအပ်ညွှန်ကြားချက်အရ တရားလိုပြုလုပ်၍ ကုမ္ပဏီပိုင်မော်တော်ယာဉ်များ၊ ငွေရေးကြေးရေးကိစ္စများနှင့်ပတ်သက်၍ ကိုနောင်ဆက်ပိုင်(ဘ) ဦးမြင့်တင်[၁၂/လမတ(နိုင်)၀၃၀၁၆၅] အား အလုံမြို့နယ်တရားရုံးတော်တွင် တရားစွဲဆိုခဲ့ပါသည်။ (၁၈-၅-၂၀၂၁)ရက်တွင် နှစ်ဖက်ပြေလည်ညှိနှိုင်းကျေအေးပြီးဖြစ်ပါကြောင်း၊ ယခင်သတင်းစာပါကြော်ငြာများအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ACE Co.,Ltd Business Consultant**
**ဦးကိုကိုလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**(၁) ဒေါ်အေးသန္တာမင်းအောင်** စဉ်-၁၁၉၀၄
**(၂) ဒေါ်အေးမြသီတာ** စဉ်-၁၁၉၀၁
**(၃) ဒေါ်လဲ့လဲ့လွင်** စဉ်-၁၁၉၇၅
**(တရားလွှတ်တော်ရှေ့နေများ)** ၀၉-၄၅၀၀၀၅၅၄၁

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
မော်ဘီတိုးဂိတ်အနီး၊ ကိုးလုံးကွင်း၊ ကျောင်းနီး၊ ခြံမြေ၊ မီးရှိ
(40'x60') = ၇၅သိန်း၊ (20'x60') = ၃၈သိန်း
ph: 09-257800158, 09-795333121

### အမှားပြင်ဆင်ဖတ်ရှုရန်

(၁၈-၅-၂၀၂၁)ရက်၊ ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၅)တွင် ကြော်ငြာထားသည့် တရားလွှတ်တော်ရှေ့နေ ဒေါ်ဝေမာထွေး၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာချက်တွင် ဦးစိုးမင်းခိုင်ဟူသော ဖော်ပြချက်အား အမည်မှန်ဖြစ်သော ဦးမင်းစိုးခိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
လှည်းကူးမြို့အဝင်၊ ကျွန်းကလေးဈေးအနီး၊ ခြံမြေ၊ ကွန်ကရစ်လမ်းဘေး၊ မီးရှိ
(40'x60')=၉၅သိန်း၊ (25'x60')=၆၀သိန်း
(20'x50')=၄၀သိန်း
ph: 09-450378377, 09-966753982

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်-သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ-သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ တိုက်အမှတ် (3)၊ အခန်းအမှတ် (217) Type B, (A3-217) အခန်းကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းသန်းအေး [၁၃/လရန (နိုင်)၀၀၂၄၇၂]ထံမှ ကျွန်ုပ်က ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့စာရွက် စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ကြိုင်သဇင်ဦး [၁၂/ပဘတ(နိုင်)၀၂၈၃၄၁]**
**ဖုန်း - ၀၉ ၇၉၄၉၀၆၆၈၃၊ ၀၉- ၇၆၃၅၈၈၈၁**

**မူးယစ်ကို**
**ပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**




## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ၅၀၀ ကေဗွီ မိတ္ထီလာ(ကံကောင်း)-တောင်ငူ(စပါးကြွယ်) ဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းသုံး ပစ္စည်းများအား တင်ဒါအမှတ် 59(T)/DPTSC (PTP)/20-21 မြန်မာကျပ်ငွေ DDP(At Site) ၅၀၀ ကေဗွီ ကံကောင်းခွဲရုံ အရောက်ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၁၈-၆-၂၀၂၁)ရက် (၁၄:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက် တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါဆိုင်ရာ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်၍ ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal **(www.moee.gov.mm)**တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ် သာမန်ရန်ပုံငွေဖြင့် ကျန်းမာရေးဌာနသုံးပုံနှိပ်ပစ္စည်းများ လုပ်ငန်းအပ်နှံရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

- အိတ်ဖွင့်တင်ဒါ website: e-tender.mohs.gov.mmတွင် ဝင်ရောက်ကြည့်ရှုရမည်ဖြစ်ပြီး တင်ဒါတင်သွင်းလွှာပုံစံများကို တင်ဒါတင်သွင်းမည့် ကုမ္ပဏီများမှ Register ပြုလုပ်၍ Download ရယူနိုင်ပါသည်။
- တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုသည်များကို တင်ဒါwebsite: contact တွင်ပေးပို့၍ ဆက်သွယ်စုံစမ်းနိုင်ပြီး ပြန်လည်စုစည်းဖြေကြားပေးပါမည်။
- အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း ၀၆၇-၃၄၁၁၄၄၉ /၀၆၇-၃၄၃၁၁၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| တင်ဒါစတင်မည့်ရက် | - (၂၀-၅-၂၀၂၁) ရက်နေ့ |
| တင်ဒါတင်သွင်းစတင်လက်ခံမည့်ရက် | - (၃-၆-၂၀၂၁) ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - (၁၇-၆-၂၀၂၁)ရက်နေ့၊ (၄:၀၀) နာရီ |

(တင်ဒါဖွင့်ဖောက်မည့်နေ့ကို တင်ဒါ website တွင် အနည်းဆုံး(၃)ရက်စော၍ အသိပေးကြော်ငြာမည်ဖြစ်ပါသည်။)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အစည်းအဝေးဖိတ်ကြားခြင်း

EABC Limited မှ အစုရှယ်ယာရှင်များအား ကုမ္ပဏီမတည်ငွေရင်းလျှော့ချခြင်းနှင့် ပတ်သက်ပြီး အစုရှယ်ယာရှင် အစည်းအဝေးကျင်းပနိုင်ရန် Zoom Meeting ဖြင့် အစည်းအဝေးဖိတ်ကြားခြင်းကို မပျက်မကွက် တက်ရောက်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ စိုက်ပျိုးရေးလမ်း၊ အမှတ် (၇၈)၊ အကွက်အမှတ်-၂၇၊ ကျိုက်ဗောဓိတောင်ကွက်၊ ဦးပိုင်အမှတ် (၅၄)၊ မြေကွက်အမှတ် L၊ ဂရန်အမှုတွဲအမှတ် DONO $\frac{50\ V}{36.40}$၊ ဧရိယာ ၀.၂၂၇ ဧကအတွင်း တည်ရှိသည့် အလျား ၅၃ပေxအနံ ၂၉ပေရှိ အရှေ့ဘက်ခြမ်း ဦးလှစိန်အမည်ပေါက် မြေကွက်အားရောင်းချပိုင် ခွင့်ရှိသူ ဦးတင်ရွှေ[၁၂/သလန(နိုင်)၀၀၄၁၁၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့်ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မိုးသန္တာ** — တရားလွှတ်တော်ရှေ့(စဉ်-၁၆၈၂၂) — ဖုန်း-၀၉-၇၉၅၉၀၄၇၁၇
**ဦးမြတ်မင်းအောင်** — အထက်တန်းရှေ့နေ(စဉ်-၄၈၉၁၃) — ဖုန်း-၀၉-၄၂၀၃၀၀၂၅၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၁၄၆)၊ အေးရိပ်သာလမ်း၊ အလျားပေ(၄၀)xအနံပေ (၆၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဂရန်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ခင်ကြည်(ခ)ရဲချို [၁၃/နခန(နိုင်)၀၃၅၆၆၈]မှ မိမိတစ်ဦးတည်းတရားဝင် လက်ရှိထားနေထိုင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရီရီဝင်း [၆/သရခ(နိုင်)၀၀၀၂၉၀]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေအဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသကို ၁၉-၅-၂၀၂၁ရက်တွင် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်အိခိုင်(LL.B,D.B.L,D.I.P.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၆၀၁/၃၁-၁-၂၀၁၄)**
**အမှတ်(၆၃)၊ ပထမထပ်၊ သမာဓိ(၄)လမ်း၊ ဆ/ကရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-421145053, 09-796189250**

## ရန်ကုန်မြို့၊တာမွေမြို့နယ်၊တာမွေကြီး(ခ)ရပ်ကွက်၊တောင်မြင်းပြိုင်ကွင်းလမ်း၊အမှတ်(၂၉)ဟုခေါ်သည့်(၃)ခန်းတွဲ(၈)ထပ်ကန်ထရိုက်တိုက်ရှိ(၈-လွှာ/ခြေရင်းခန်း)အခန်း(8-C)တိုက်ခန်းအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို အရောင်းအဝယ်သဘောတူကတိစာချုပ်(အဆက်ဆက်)အရ-ဦးဇော်မင်း(၁၂/တမန(နိုင်)၀၉၅၀၂၁)ကဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဦးဇော်မင်း ကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် ၎င်း၏တရားဝင်ဇနီးဖြစ်သူ-ဒေါ်ကြည်ကြည်ဆွေ(၁၂/တမန(နိုင်)၀၉၅၀၂၂)ကတရားဝင်အမွေဆက်ခံ၍ အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

( လွှဲအပ်ညွှန်ကြားချက်အရ )

**ဦးသန့်ဇင် ( LL-B )** — အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) — Ph-09 253995848 , 09-798420119
**ဒေါ်ဟန်နွေနိုင်( LL-B)** — အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄) — Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၉)ရပ်ကွက်၊ အမှတ်(၆၅/ဘီ)ဟုခေါ်တွင်သော Kabaraye Executive Residence (KER)၊ အခန်းအမှတ်-25K၊ (၂၅)လွှာ၊အခန်း(K)၊ အကျယ်အဝန်း-(၄၀၂၄.၆၃)စတုရန်းပေရှိ Penthouse ကို တရားဝင်ပိုင်ရှင်ဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြု၍ လွှဲပြောင်းရောင်းချသူဒေါ်အေးအေးသွယ်[၁၂/လမန(နိုင်)၁၂၇၁၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုကတိစာချုပ်ချုပ်ဆိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ Penthouse ၏ ပိုင်ရေးဆိုင်ခွင့် လွှဲပြောင်းရောင်းချခွင့်များနှင့် စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်ထွန်း B.A (LAW),LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၆၅၃)**
**အမှတ်(၂၄)၊ (၃)လွှာ၊ ပုသိမ်ညွှန့်(၇)လမ်း၊မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-421023822**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ မိခင် ဒေါ်ဖွားရှင်(ခ) ဒေါ်မြဝင်းနှင့်အဒေါ်ဆွေမျိုးများစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအကြိမ်ကြိမ်အခါခါပြုမူနေသည့် သား မောင်ကျော်ဇေယျာဝင်း(ဘ-ဦးကျော်ဝင်း)ကို ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဖွားရှင်(ခ) ဒေါ်မြဝင်း**
**[၁၂/အစန(နိုင်)၀၉၁၅၉၅]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ခင်မောင်ဆန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၆၃)**
**အမှတ်(၆၄)၊ သီရိ-သပြေညိုလမ်း၊**
**ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း၀၉-၄၄၈၀၄၆၆၉၇**

## ဦးမြတ်စိန်(ခ)ဦးခွမ်း
**အသက်(၉၇)နှစ်**
**(ထားဝယ်)**

ထားဝယ်မြို့၊ အနောက်ရပ်၊ အာဇာနည်လမ်းနေ (ဒေါ်ရှုကင်း)၏ ခင်ပွန်း၊ ဦးမြတ်သိန်း-(ဒေါ်ကင်ကြည်)၊ ဦးကျင်ပေါ်-(ဒေါ်ပိုလန်)တို့၏ အစ်ကိုကြီး၊ ဒေါက်တာယုစိန်-ဒေါ်တင်ဇာထိုက်၊ ဒေါက်တာယုယုဌေး၊ ဦးကြည်မင်း-ဒေါ်မာမာချိုတို့၏ ဘကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၂၁ ရက် ညနေ ၄:၂၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၁ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထားဝယ်မြို့ ဇဟာတရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြတ်စိန်(ခ) ဦးခွမ်း
**အသက်(၉၇)နှစ်**
**(ထားဝယ်)**

ထားဝယ်မြို့၊ အနောက်ရပ်၊ အာဇာနည်လမ်းနေ (ဒေါ်ရှုကင်း)၏ ခင်ပွန်း၊ ဦးမြတ်သိန်း-(ဒေါ်ကင်ကြည်)၊ ဦးကျင်ပေါ်-(ဒေါ်ပိုလန်)တို့၏ အစ်ကိုကြီး၊ ဒေါက်တာယုကြည်-ဒေါက်တာစောမူ၊ ဦးယုလွင်-ဒေါ်စန္ဒာယု၊ ဒေါက်တာယုဝါ-ဒေါ်တင်တင်ဇော်၊ ဦးယုဟန်-ဒေါက်တာရင်မေ၊ ဒေါ်ယုမေ-ဦးသာဝင်း၊ ဒေါ်ယုကြင်-ဦးအောင်ထွေး၊ ဦးယုလှိုင်-ဒေါ်နီနီချိုတို့၏ ဖခင်၊ မြေး ၁၈ ယောက်၊ မြစ် သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၉-၅-၂၀၂၁ ရက် ညနေ ၄:၂၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၁ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထားဝယ်မြို့ ဇဟာတရုတ်သုသာန်သို့ ပို့ဆောင် မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြတ်စိန်(ခ) ဦးခွမ်း
**အသက်(၉၇)နှစ်**
**(ထားဝယ်)**

ထားဝယ်မြို့၊ အနောက်ရပ်၊ အာဇာနည်လမ်းနေ (ဒေါ်ရှုကင်း)၏ခင်ပွန်း၊ ရဲလွင်ဦး-မေသီနှင်း၊ ဒေါက်တာစောယုမွန်-အောင်ကျော်ဟိန်း၊ မင်းလွင်ဦး၊ လွင်ညီထွဋ်၊ အောင်သူလွင်၊ လွင်ညီဆက်၊ သင်းသင်းယု၊ သင်းသင်းဝါ၊ ယုမောင်ခန့်၊ မိုးဟန်၊ ဖြိုးဟန်၊ သင်းလဲ့ဟန်၊ မြတ်မင်းယု၊ ဟန်မင်းထွန်း၊ လင်းမြတ်အောင်၊ သက်ထားနွယ်၊ ဆွေဇင်အောင်၊ ဆွေဇင်လှိုင်တို့၏အဘိုး၊ မြစ် သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၉-၅-၂၀၂၁ ရက် ညနေ ၄:၂၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၁ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထားဝယ်မြို့ ဇဟာတရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သုဝဏ္ဏဘူမိသထုံအသင်း (ရန်ကုန်)**

## ဦးတင်ညွန့် (ခ) ဟိုဝီးမိန် (၉၇)နှစ်
**အမှတ် (၁) စက်မှုဝန်ကြီးဌာန(ငြိမ်း)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ မြသီတာလမ်းနေ သုဝဏ္ဏဘူမိ သထုံအသင်း၏နာယကကြီး၊ အသင်းဝင်အမှတ်-၁၃၀ ဦးတင်ညွန့်(ခ)ဟိုဝီးမိန်သည် ၁၆-၅-၂၀၂၁ ရက်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပြီး ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၅-၂၀၂၁(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိအထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် အသင်းသူ၊ အသင်းသားတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။] အမှုဆောင်အဖွဲ့

သုဝဏ္ဏဘူမိသထုံအသင်း(ရန်ကုန်)

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ညွန့်(ခ)ဟိုဝီးမိန်
**အမှတ်(၁) စက်မှုဝန်ကြီးဌာန(ငြိမ်း)**
**နာယက-Khin Maung Nyunt Trading Co.,Ltd.**
**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်နေ ဦးခင်မောင်ညွန့်-ဒေါ်ခင်ဝင်းဆွေတို့၏ဖခင် သည် ၁၆-၅-၂၀၂၁(တနင်္ဂနွေနေ့) မွန်းလွဲ ၁:၄၇နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မယ်ဒီလန်းဆေးရုံမိသားစု၊ ထားဝယ်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်ကြီးရဲစိုး(ငြိမ်း) (၇၂)နှစ်
**ဒုညွှန်မှူး(ငြိမ်း)၊ အိုးအိမ်ဦးစီးဌာန၊ စစ်တက္ကသိုလ်အပတ်စဉ်(၁၂)**

ဗိုလ်ကြီးမြတ်သူရိန်(ငြိမ်း)(ခ)ဦးရဲသီဟကျော်-မခင်ငြိမ်းငြိမ်းစိုးတို့၏ဖခင်ကြီး ဗိုလ်ကြီး ရဲစိုး(ငြိမ်း)သည် ၂၀-၅-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၆:၄၇ နာရီတွင် တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း၊**
**အပတ်စဉ်(၃၈) သူငယ်ချင်း မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယရဲမှူးကြီးအောင်ခိုင်
**(ဦးစီးအရာရှိ-ပထမတန်း)၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး**
**အသက်(၅၆)နှစ်**

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ (ပထမတန်း) ရဲ-၂၄၅၉ ဒုတိယရဲမှူးကြီးအောင်ခိုင်သည် ၁၅-၅-၂၀၂၁ ရက် နံနက် ၈:၅၀နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရ၍ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးနှင့်**
**တပ်ဖွဲ့ဝင်၊ မိသားစုများ**
**တောင်ငူခရိုင်ရဲတပ်ဖွဲ့**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## မိအေးသူ
**မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ သင်္ကောကျေးရွာ**
**အသက်(၈၈)နှစ်**

မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ သင်္ကောကျေးရွာနေ (ဦးဆိုင်-ဒေါ်ကြီးမေ)တို့၏ သမီး၊ တိုက်(၆)၊ အခန်း(၄၄)၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်နေ (နိုင်ထွန်းကြွယ်)၏ဇနီး၊ ဒေါ်ခင်မြင့်ဦး (အထက-၁၊ ဗဟန်း၊ လယ်/ပြ-ငြိမ်း)၊ ဒေါ်ခင်ဆွေသန်း၊ ဦးဌေးလွင်-ဒေါ်ခင်ဆွေအေး (မ-၂ အလုံ၊ မူ/ပြ-ငြိမ်း)၊ ဦးခင်မောင်ထွန်း(ရွှေတောင်ကုမ္ပဏီ)-ဒေါ်သက်ထားဝင်း၊ ဦးမောင်ချို-ဒေါ်ခင်ဆွေမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးသုံးယောက်တို့၏အဘွား မိအေးသူသည် ၁၉-၅-၂၀၂၁ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၁၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၁ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၂၁ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ညွန့်တင်(မော်လမြိုင်)
**အသက် (၈၇)နှစ်**

(ဦးဘိုးဒွေး-ဒေါ်စိန်ထွေး)တို့၏ သမီး၊ အမှတ်(၁၈)၊ မင်းရဲကျော်စွာလမ်း၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အမှတ်(၇)၊ ပန်းခြံလမ်း၊ စစ်ကဲကုန်းရပ်ကွက်နေ (ဦးစန်းကြည်)၏ ချစ်လှစွာသောဇနီး၊ ဦးစောဟိန်း-ဒေါ်ခင်ဝင်းသူ၊ ဦးမင်းသူ၊ ဦးဖေသူ-ဒေါ်ခင်ဥမ္မာမျိုး၊ ဦးခင်မောင်အေး-ဒေါ်မြတ်မြတ်မိုး၊ ဦးမင်းချစ်ထွေး-ဒေါ်စန်းဝင်းနွယ်တို့၏ ချစ်လှစွာသောမိခင်၊ မဉ္ဇူကြည်၊ မောင်မိုးသူ၊ မောင်သော်ဒီညွန့်၊ မောင်မြတ်သူထက်၊ မောင်မင်းခန့်သူ၊ မသင်းသုဟန်တို့၏ ချစ်လှစွာသောအဘွားသည် ၁၉-၅-၂၀၂၁ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၁ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်မြို့နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၂၁ရက်တွင် ရက်လည်ဆွမ်းကျွေးပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်ကြီးရဲစိုး(ငြိမ်း)
**ဒုညွှန်မှူး(ငြိမ်း)အိုးအိမ်ဦးစီးဌာန၊ စစ်တက္ကသိုလ်အပတ်စဉ်(၁၂)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူလမ်း၊ အမှတ်(၁၆၀)နေ ဗိုလ်မှူး ဒေါ်တင်တင်ဝင်း(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲမိုးကျော်စွာ၊ ဗိုလ်ကြီးမြတ်သူရိန်(ငြိမ်း)(ခ) ဦးရဲသီဟကျော်-မခင်ငြိမ်းငြိမ်းစိုး၊ ဗိုလ်ကြီးဟိန်းအောင်-မဆွေဇင်စိမ့်တို့၏ဖခင်ကြီး၊ မောင်ရှင်းသန့်ရဲရင့် ၏အဘိုး ဗိုလ်ကြီးရဲစိုး(ငြိမ်း)သည် ၂၀-၅-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၆:၄၇ နာရီတွင် တပ်မတော် ဆေးရုံကြီး၊ မင်္ဂလာဒုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၅-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ပြုံး (၆၉)နှစ်
**B.Sc (Physics)**
**ရုံးအုပ်(ငြိမ်း) ရန်ကုန်တိုင်းဒေသကြီး၊ ထွေအုပ်ဦးစီးဌာန**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ အောင်ဇေယျရိပ်မွန်၊ တိုက်အမှတ်(၁)၊ အခန်း (၂၀၁)နေ (ဦးညီတင်)- ဒေါ်တင်ရီတို့၏ သမီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ အမှတ်(၆၂)၊ စက်တွင်းလမ်းနေ (ဦးမြမောင်-ဒေါ်ဝိုင်း)တို့၏ သမီးချွေးမ၊ ဦးအောင်မြင့် (ကပရ-ငြိမ်း)-ဒေါ်ခင်ဝင်း၊ ဦးစန်းမောင်(ဘူမိ-ရူပ အင်ဂျင်နီယာ MOGE-ငြိမ်း)-ဒေါ်လှလှဝင်း၊ ဦးစန်းလွင်(မြိတ်-ခရိုင်ဦးစီးမှူး၊ ပြန်ဆက်-ငြိမ်း)-ဒေါ်ခင်ပြုံး(အလပြ-ငြိမ်း)၊ ဒေါ်မြဝင်း (စာရင်းစစ်မှူး-ငြိမ်း)၊ ဒေါ်လှဝင်းတို့၏ညီမ၊ ဦးသိန်းစိုး(အလပြ-ငြိမ်း)၊ ဦးသိန်းဌေး (MRTV-ငြိမ်း)၊ ဒေါ်ဌေးဌေးဝင်း(အထက-၆၊ အလုံ)တို့၏အစ်မ၊ (ဒုဗိုလ်မှူးကြီးကျော်ထင်အောင်)-ဒေါ်ခိုင်သဥ္ဇာဦး၊ ကိုအောင်ကိုဦး-မအိအိစိုး၊ မမေဇင်သက်မွန်(Madi Myanmar)၊ ကိုအောင်မိုးသူ-မအေးမြတ်သဏ္ဍာလွင်၊ ကိုကျော်စွာအောင်-မနှင်းဝေဝေလွင်၊ ကိုဇော်ထွဋ်အောင်-မနော်အက်စတာဖော၊ ကိုခိုင်ကျော်မိုး-မမျိုးမျိုးခင်၊ မဝေဖြိုးစန္ဒာလွင်တို့၏ အဒေါ်၊ မစုစုဝင်း၊ (ကိုပြည့်ဖြိုးပိုင်)တို့၏ မိခင်၊ ဦးစန်းဝင်း (လ/ထညွှန်မှူး၊ မွေး/ရေ ဝန်ကြီးရုံး-ငြိမ်း)၏ဇနီး ဒေါ်ခင်ပြုံးသည် ၂၀-၅-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၂၁ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [သစ်တောရပ်ကွက်၊ အောင်ဇေယျရိပ်မွန်၊ တိုက်အမှတ်(၁)၊ အခန်း(၂၀၁)နှင့် အမှတ် (၂၇/အေ)၊ ကွင်းကျောင်းလမ်း၊ ဂဠုန်ရပ်ကွက်နေအိမ်တို့မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၂၇/အေ) ကွင်းကျောင်းလမ်း၊ ဂဠုန်ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ပြုံး (၆၉)နှစ်
**B.Sc (Physics)**
**ရုံးအုပ်(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ထွေအုပ်ဦးစီးဌာန**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ အောင်ဇေယျရိပ်မွန်၊ တိုက်အမှတ်(၁)၊ အခန်း (၂၀၁)နေ (ဦးညီတင်)-ဒေါ်တင်ရီတို့၏သမီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ အမှတ်(၆၂)စက်တွင်းလမ်းနေ (ဦးမြမောင်-ဒေါ်ဝိုင်း)တို့၏သမီးချွေးမ၊ ဦးအောင်မြင့် (ကပရ-ငြိမ်း)-ဒေါ်ခင်ဝင်း၊ ဦးစန်းမောင်(ဘူမိ-ရူပအင်ဂျင်နီယာ၊ MOGE-ငြိမ်း)-ဒေါ်လှလှဝင်း၊ ဦးစန်းလွင်(မြိတ်-ခရိုင်ဦးစီးမှူး၊ ပြန်ဆက်-ငြိမ်း)၊ ဒေါ်ခင်ပြုံး(အလပြ-ငြိမ်း)၊ ဒေါ်မြဝင်း(စာရင်းစစ်မှူး-ငြိမ်း)၊ ဒေါ်လှဝင်းတို့၏ ညီမ၊ ဦးသိန်းစိုး(အလပြ-ငြိမ်း)၊ ဦးသိန်းဌေး (MRTV-ငြိမ်း)၊ ဒေါ်ဌေးဌေးဝင်း(အထက-၆ အလုံ)တို့၏အစ်မ၊ (ဒုဗိုလ်မှူးကြီးကျော်ထင်အောင်)-ဒေါ်ခိုင်သဥ္ဇာဦး၊ ကိုအောင်ကိုဦး-မအိအိစိုး၊ မမေဇင်သက်မွန်(Madi Myanmar)၊ ကိုအောင်မိုးသူ-မအေးမြတ်သဏ္ဍာလွင်၊ ကိုကျော်စွာအောင်-မနှင်းဝေဝေလွင်၊ ကိုဇော်ထွဋ်အောင်-မနော်အက်စတာဖေါ၊ ကိုခိုင်ကျော်မိုး-မမျိုးမျိုးခင်၊ မဝေဖြိုးစန္ဒာလွင်တို့၏အဒေါ်၊ မစုစုဝင်း၊ (ကိုပြည့်ဖြိုးပိုင်)တို့၏မိခင်၊ ဦးစန်းဝင်း(လ/ထညွှန်မှူး၊ မွေး/ရေ ဝန်ကြီးရုံး-ငြိမ်း)၏ဇနီး ဒေါ်ခင်ပြုံးသည် ၂၀-၅-၂၀၂၁(ကြာသပတေးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၂၁(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [သစ်တောရပ်ကွက်၊ အောင်ဇေယျရိပ်မွန်၊ တိုက်အမှတ်(၁)၊ အခန်း(၂၀၁)နှင့် အမှတ် (၂၇/အေ)၊ ကွင်းကျောင်းလမ်း၊ ဂဠုန်ရပ်ကွက်နေအိမ်တို့မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၂၇/အေ) ကွင်းကျောင်းလမ်း၊ ဂဠုန်ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

အမှုဆောင်အဖွဲ့

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဆရာတော် ဘဒ္ဒန္တနန္ဒမာလာ
**စတုဘုမ္မိကနိကာယ ဂဏ နာယက**
**ဧရာဝတီတိုင်းဒေသကြီး သံဃနာယက**
**အကျိုးတော်ဆောင်(၄က်တွင်း)**

## သိက္ခာတော်(၅၃)ဝါ၊ သက်တော်(၇၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ သစ္စာလမ်း၊ စတုဘုမ္မိကကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒမာလာသည် (၁၃၈၃-ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်) (ကြာသပတေးနေ့) နံနက် ၇:၂၅ နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် ၂၆-၅-၂၀၂၁ ရက်တွင် အန္တိမဈာပနကျင်းပမည်ဖြစ်ကြောင်း တပည့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

စတုဘုမ္မိကကျောင်းတိုက်
သစ္စာလမ်း-ပုသိမ်မြို့

## လွမ်းမပြေပါနိုင်၊ ဆယ်နှစ်တိုင်
## ဦးခင် (B.Sc,Engg)
**အင်ဂျင်နီယာညွှန်ကြားရေးမှူး(ငြိမ်း)**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**(၂၁-၅-၂၀၁၁ မှ ၂၁-၅-၂၀၂၁)**

အဖေကြီးရေ-

မိသားစုကိုခွဲခွာသွားခဲ့တာ ဆယ်နှစ်ပြည့်ခဲ့ပြီနော်။

အဖေကြီးရဲ့ကြီးမားလှတဲ့မေတ္တာတရားနှင့် ကျေးဇူးတရားတွေကို အစဉ်သတိရလျက် အဖေကြီးကို တသသလွမ်းဆွတ်နေကြဆဲပါ။ အမေ့ရင်ထဲမှာအဖေကြီးဟာ ထာဝရရှိနေပါတယ်။

အဖေကြီးကိုရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ကုသိုလ်ကောင်းမှုတွေပြုလုပ်ပြီး အမျှပေးဝေလျက်ရှိပါတယ်။ ရောက်ရှိရာဘုံဘဝမှ သာဓုခေါ်ပါ အဖေကြီးရေ။

**အမျှ-အမျှ-အမျှ**
**ချစ်ဇနီး-ဒေါ်ခင်ခင်ထွေး၊ ချစ်ညီမ-ဒေါက်တာဒေါ်ခင်ညို**
**ချစ်သား၊ ချစ်သမီးများ နှင့် ချစ်မြေးများ**

## ကိုကျော်မြတ်စိုး
## အသက် (၄၇)နှစ်

ရန်ကုန်မြို့နေ ဦးစိုးသာ-ဒေါ်ကြူကြူဝင်းတို့၏ သား၊ (ဦးဝင်းမောင်)-ဒေါ်သန်းသန်းမော်တို့၏ သားသမက်၊ ကိုအောင်မင်းနိုင်ဦး-မမြတ်မဇ္ဈူစိုးတို့၏ မောင်၊ ကိုထွန်းစည်သူ-မစမ်းသီတာစိုး၊ ကိုအောင်စိုးသာ-မခိုင်ပြည့်စုံကြိုင်၊ ကိုဘုန်းမြတ်စိုး-မမြနှင်းဆီလွင်တို့၏ အစ်ကိုကြီး၊ မောင်အေးချမ်းကျော်(Anthony)၊ မောင်ငြိမ်းချမ်းကျော် (Eddison)တို့၏ ဖခင်၊ မဝေဝေလေး၏ ချစ်လှစွာသောခင်ပွန်း ကိုကျော်မြတ်စိုးသည် ၁၉-၅-၂၀၂၁ (ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် ည ၉:၂၀ နာရီတွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အမြန်ဆက်သွယ်ပေးပါရန်**

ယာဉ်တိုက်မှုဖြင့် သေဆုံးသွားသော ကိုဇော်မင်းထွန်း၊ အသက်(၃၄)နှစ်ခန့်၊ အမျိုးသားအားသိရှိပါက အမြန်ဆက်သွယ်ပေးပါရန်။



**ယာဉ်မှုစစ်အဖွဲ့၊ လှိုင်မြို့နယ်**
**(ဖုန်း ၀၉-၈၈၉၈၈၆၈၄၀)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်မြတ်စိုး
**အသက် (၄၇)နှစ်**

မြန်မာစီးပွားဆက်လုပ်ငန်းစု ဥက္ကဋ္ဌ၊ ဦးအောင်စိုးသာ-သီဟသုဓမ္မသိင်္ဂီ ဒေါ်ခိုင်ပြည့်စုံကြိုင်တို့၏ အစ်ကိုကြီးဖြစ်သူ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့နေ ဦးကျော်မြတ်စိုးသည် ၁၉-၅-၂၀၂၁ (ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် ည ၉:၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစီးပွားဆက်လုပ်ငန်းစုမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ပြုံး (၆၉)နှစ်
**B.Sc (Physics)**
**ရုံးအုပ်(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ထွေအုပ်ဦးစီးဌာန**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ အောင်ဇေယျရိပ်မွန်၊ တိုက်အမှတ်(၁)၊ အခန်း(၂၀၁)နေ (ဦးညီတင်)-ဒေါ်တင်ရီတို့၏သမီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊အမှတ်(၆၂)၊စက်တွင်းလမ်းနေ (ဦးမြမောင်-ဒေါ်ဝိုင်း)တို့၏သမီးချွေးမ၊ ဗိုလ်ကြီးသိန်းအောင်(ငြိမ်း)-ဒေါ်လှလှနွဲ့၊ ဒေါ်ယဉ်နု(အထပြ-ငြိမ်း)၊ (ဦးသန်းဝင်း-ဒုအင်ဂျင်နီယာ၊ နိုင်ငံခြားသင်္ဘောလိုင်း)၊ ဦးအေးမင်း၊ ဒေါ်အေးအေးမြင့်၊ ဦးစိုးနိုင်-ဒေါ်စန်းစန်းမြင့်၊ ဦးနေဝင်း-ဒေါ်စပယ်၊ (ဦးရဲမြင့်)၊ ဦးကျော်စိုးမိုး-ဒေါ်တင်တင်မာတို့၏အစ်မ၊ ကိုထွေး-မမျိုးမမ၊ ကိုသူရကျော်စွာလွင်-မသီတာမျိုး၊ ကိုမြင့်ဦး၊ မခင်အေးမူ၊ ကိုကျော်စိုးအောင်၊ မခင်နွဲ့အောင်တို့၏ အဒေါ်၊ မစုစုဝင်း၊ (ကိုပြည့်ဖြိုးပိုင်)တို့၏မိခင်၊ ဦးစန်းဝင်း(လ/ထညွှန်မှူး၊ မွေး/ရေဝန်ကြီးရုံး-ငြိမ်း)၏ဇနီး ဒေါ်ခင်ပြုံးသည် ၂၀-၅-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၂၁ (စနေနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [သစ်တောရပ်ကွက်၊ အောင်ဇေယျရိပ်မွန်၊ တိုက်အမှတ်(၁)၊ အခန်း(၂၀၁)နှင့် အမှတ်(၂၇/အေ)၊ ကွင်းကျောင်းလမ်း၊ ဂဠုန်ရပ်ကွက်နေအိမ်တို့မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၅-၂၀၂၁ (ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီမှ ၁၁နာရီအထိ အမှတ်(၂၇/အေ)၊ ကွင်းကျောင်းလမ်း၊ ဂဠုန်ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သင့်
## သွေးဖြင့်
## အသက်ကယ်ပါ

## ရောဝတီမြစ်ရေ အခြေအနေ

နေပြည်တော် မေ ၂၀

ရောဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် တိုင်းထွာချက်အရ ယင်းမြို့တွင် ၄၆၇ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ တစ်ရက်အတွင်း ရှစ်ပေခွဲခန့် မြင့်တက်ခဲ့သည်။

ရောဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါမြစ်ရေများသည် နောက်တစ်ရက်မှ လေးရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့်၊ နောက်တစ်ရက်မှ ခုနစ်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် လေးပေမှ ငါးပေခန့်၊ နောက်လေးရက်မှ ၁၂ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ **စာမျက်နှာ ၂၃ ကော်လံ ၅ သို့** ❖



ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးစဉ်။

## တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၀

ပြည်သူလူထု၏ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသအသီးသီးမှ ဝန်ထမ်းများနှင့် ဒေသခံများ၏ တောင်းဆိုမှုအရ တပ်မတော်မှ ဆေးကုသရေးအဖွဲ့များစေလွှတ်၍ ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✳

## အာရှ ရုံတွင်းအားကစားနှင့် ကိုယ်ခံပညာပေါင်းစုံ ပြိုင်ပွဲကို ၂၀၂၂ ခုနှစ်သို့ ရွှေ့ဆိုင်း

ရန်ကုန် မေ ၂၀

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာရှ ရုံတွင်းအားကစားနှင့် ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲကို ယခုနှစ်တွင်ကျင်းပနိုင်ခြင်းမရှိသဖြင့် ၂၀၂၂ ခုနှစ်သို့ ရွှေ့ဆိုင်းလိုက်ပြီဖြစ်သည်။

ယခုနှစ်အတွင်းကျင်းပရန် စီစဉ်ထားသည့် အားကစားပြိုင်ပွဲအများစုကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရပြီး အာရှ ရုံတွင်းအားကစားနှင့် ကိုယ်ခံပညာပေါင်းစုံပြိုင်ပွဲလည်း အပါအဝင်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ယခင်က ၂၀၂၁ ခုနှစ် မေ ၂၁ ရက်မှ ၃၀ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပရန် စီစဉ်ထားခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ် မတ်၂၀ ရက်မှ ၃၀ ရက်အထိ ပြောင်းလဲကျင်းပမည်ဖြစ်သည်။ အာရှ ရုံတွင်းအားကစားနှင့် ကိုယ်ခံပညာပေါင်းစုံ **စာမျက်နှာ ၂၃ ကော်လံ ၁ သို့** ☆




မြန်မာ့လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ဂျပန်လက်ရွေးစင်အသင်းကို တွေ့ရစဉ်။

## မြန်မာအသင်းနှင့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ဂျပန်အသင်း၌ ဥရောပအခြေစိုက် ကစားသမားအစုံအလင် ပါဝင်မည်

ရန်ကုန် မေ ၂၀

ဂျပန်လက်ရွေးစင်အသင်းသည် မေ ၂၈ ရက်တွင် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းနှင့်ပွဲအတွက် လူစာရင်းထုတ်ပြန်ခဲ့ရာ ဥရောပအခြေစိုက်ကစားသမားအစုံအလင် ပါဝင်လာသည်။

ဥရောပဘောလုံးရာသီမှာ ယခုရက်ပိုင်းအတွင်းပြီးဆုံးတော့မည်ဖြစ်သောကြောင့် ဂျပန်လက်ရွေးစင်အသင်းသည် ဥရောပနိုင်ငံအသီးသီးတွင် ကစားနေသည့် နာမည်ကြီးကစားသမားအစုံအလင် ရွေးချယ်ခဲ့ပြီး ကစားသမား ၂၆ ဦးတွင် ၂၅ ဦးအထိ ဥရောပတွင် ကစားနေသူများ ပါဝင်ခဲ့သည်။ မြန်မာဘောလုံးပရိသတ်များနှင့် ရင်းနှီးပြီးသားဖြစ်သည့် ဂျပန်မက်ဆီဟု နာမည်ကြီးသည့် ကူဘို၊ လက်ရှိပရီးမီးယားလိဂ်ကလပ် ဆောက်သမ်တန်အသင်းတွင် ကစားနေသည့် မီနာမီနိုအပါအဝင် ဝါရင့်ကစားသမားများဖြစ်သည့် ယိုရှီဒါ၊ အန်ဒို၊ နာဂါတိုမို စသည့်ကစားသမားများလည်း ပါဝင်လာသည်။ **စာမျက်နှာ ၂၃ ကော်လံ ၅ သို့** ○

### ကြေးမုံ ယနေ့ ဖတ်စရာ

**စည်ပင်သာယာဒဏ်ကြေးငွေနှင့် မော်တော်ယာဉ်ဒဏ်ကြေးရငွေများအား စီမံခန့်ခွဲရာ၌ တစ်ပြေးညီဖြစ်စေရန်အတွက် သက်ဆိုင်ရာ စည်ပင်သာယာရေးဥပဒေများတွင် ပြဋ္ဌာန်းနိုင်ရေးကိစ္စနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၅

**ဆရာကြီး ပန်းချီ ဦးစိန်၏ ရှေးသွေးတစ်ခေတ် ကာတွန်းလက်ရာများ**



စာမျက်နှာ » ၁၁

**KIA အဖွဲ့ ဆွမ်ပရာဘွမ်မြို့နယ်အတွင်း ပုဂ္ဂလိကပိုင်ဆီသယ်ယာဉ်များအား အကြောင်းမဲ့တိုက်ခိုက် မီးရှို့ဖျက်ဆီး၊ တနိုင်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်**

စာမျက်နှာ » ၁၄